ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။ သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၇၉ ခုနှစ် နယုန်လဆန်း ၁၃ ရက် ဗုဒ္ဓဟူးနေ့။ Wednesday, 7 June 2017 (၈၉၄၈)

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး၏ ကျန်းမာရေးအခြေအနေ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးတို့ သွားရောက်ကြည့်ရှုအားပေး



**ရန်ကုန် ဇွန် ၆**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးအထူးကြပ်မတ်ကုသဆောင်၌ ဆေးဝါးကုသမှုခံယူနေသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး၏ ကျန်းမာရေးအခြေအနေကို သွားရောက်ကြည့်ရှု၍ အားပေးစကားပြောကြားသည်။

နိုင်ငံတော်သမ္မတနှင့်ဇနီးတို့အား ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာအေးကိုကိုနှင့် တာဝန်ရှိသူများက ဦးတင်ဦး၏ ကျန်းမာရေးတိုးတက်လာမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးနှင့်သွေးကြော ရောဂါကုသဌာနတွင် ဆေးဝါးကုသမှုခံယူနေကြသည့် ဝေဒနာရှင်ပြည်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကား ပြောကြားသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦးသည် ဦးနှောက်သွေးကြောပိတ်ပြီး ကိုယ်တစ်ခြမ်းလေဖြတ်ရောဂါ ခံစားရသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးဝါးကုသနေခြင်းဖြစ်ပြီး လက်ရှိကာလတွင် အပျော့စား အစားအစာများကို သုံးဆောင်နိုင်သည့်အပြင် ၁၅ မိနစ်ခန့် မတ်တတ်ရပ်လာနိုင်သည်အထိ ကျန်းမာရေးတိုးတက်လာပြီဖြစ်ကြောင်း သိရသည်။

ပုံမှန်အတိုင်းပြောဆိုလှုပ်ရှားနိုင်ရေးအတွက် အချိန်အတိုင်းအတာတစ်ခုထိ လေ့ကျင့်ခန်းများကို ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ပြီး ဆေးရုံမှဆင်းနိုင်ရန် ဆရာဝန်ကြီးများနှင့်အဖွဲ့က ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး၏ကျန်းမာရေးအခြေအနေကို နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ အားပေးစကားပြောကြားစဉ်။**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကနေဒါနိုင်ငံ အော့တဝါမြို့သို့ ရောက်ရှိ

**အော့တဝါ ဇွန် ၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဇွန် ၆ ရက် နံနက်ပိုင်းတွင် ကနေဒါနိုင်ငံ တိုရွန်တိုမြို့မှ အော့တဝါမြို့သို့ ကနေဒါလေကြောင်းလိုင်းဖြင့်ထွက်ခွာရာ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် အော့တဝါ မြို့ မက်စ်ဒေါ်နယ် ကာတီရား အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။



**နွေးထွေးစွာ ကြိုဆို**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား အော့တဝါမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ခေတ္တတည်းခိုမည့်ဟိုတယ်တို့တွင် ကနေဒါနိုင်ငံသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများက လှိုက်လှဲနွေးထွေးစွာ ခရီးကြိုဆိုကြသည်။

**ဖက်ဒရယ်ဆွေးနွေးပွဲ တက်ရောက်မည်**

ယနေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာသံရုံးဝန်ထမ်းများနှင့် မိသားစုဝင်များအား တွေ့ဆုံသွားမည်ဖြစ်ပြီး ဖက်ဒရယ်ဆိုင်ရာဆွေးနွေးပွဲများသို့ တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**ကနေဒါနိုင်ငံ အော့တဝါမြို့သို့ ရောက်ရှိလာသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ကနေဒါနိုင်ငံရောက် မြန်မာနိုင်ငံသားများက ခရီးကြိုဆိုကြစဉ်။**



ကြေးမုံ

# ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းကာကွယ်

မြန်မာ့မြေတစ်ခွင် သာယာလှပစေဖို့ ပြုလုပ်ရမည့်အချက်မှာ သစ်တောသစ်ပင်များကို ပျိုးထောင်ထိန်းသိမ်းစိုက်ပျိုးကြခြင်းပင်။ သို့သော် မတော်လောဘ အတ္တသမားများနှင့် မေ့မေ့လျော့လျော့နေကြသူများကြောင့် သစ်တောသစ်ပင်များမှာ ရှင်သန်ကြီးထွားမှု လျော့နည်းနေသည်ကို တွေ့ရသည်။ ယနေ့လက်ရှိ အကြီးမားဆုံးစိန်ခေါ်မှုမှာ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်၏ ခြိမ်းခြောက်မှုဖြစ်သည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှုဒဏ်ကို အများဆုံးခံရသည့်နိုင်ငံများတွင် တစ်နိုင်ငံအဖြစ် ပါဝင်သည်။ ယင်းမှာ သစ်တောသစ်ပင်များ လျော့နည်းလာခြင်းက အဓိကအချက်ပင်ဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသောနိုင်ငံဖြစ်သည့်အားလျော်စွာ လူများစုဖြစ်သောကျေးလက်နေပြည်သူများ စားဝတ်နေရေးအတွက် စိုက်ပျိုးလုပ်ကိုင်ကြရာတွင် ရာသီဥတုမှန်ကန်ပြီး အချိန်အခါနှင့်အညီ မိုးရေကို အလုံအလောက်ရရှိရန်အရေးကြီးသည်။ ဒေသများတွင် မိုးရေကို လွန်ကဲစွာရရှိခြင်း၊ လျော့နည်းစွာရရှိခြင်းတို့သည် စိုက်ပျိုးလုပ်ကိုင်သူတောင်သူများအတွက် ထိခိုက်နစ်နာမှုကိုဖြစ်စေသည်။ မိုးခေါင်ခြင်း၊ ရေကြီးခြင်းမှာ ရာသီဥတုဖောက်ပြန်ခြင်းပင်ဖြစ်ပြီး ရာသီဥတုဖောက်ပြန်သည်မှာ သစ်တောသစ်ပင် နည်းပါးသွားသောကြောင့်ဖြစ်သည်။

ကမ္ဘာတစ်ဝန်းတွင် လူသားများပျက်သုဉ်းမသွားစေရန် ကာကွယ်စောင့်ရှောက်ထိန်းသိမ်းထားသောနေရာများမှာ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဘရာဇီးနိုင်ငံမှ အမေဇုန်သစ်တောများ၊ တရုတ်နိုင်ငံ ဟူဘေးသစ်တောဧရိယာ၊ အီရန်နိုင်ငံမှ လုကန္တာရဒေသ စသည့်အရပ်ဒေသများဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း အင်းလေး၊ အလောင်းတော်ကဿပ၊ ရွှေစက်တော်၊ လန်ပိ၊ ခါကာဘိုရာဇီ စသည့် အမျိုးသားသဘာဝတောများရှိသည်။ ပဲခူးရိုးမသစ်တောမှာ တစ်ချိန်က ထင်ရှားကျော်ကြားသော တောနက်ကြီးဖြစ်သည်။ ယခုပဲခူးရိုးမကြီးမှာ တိမ်ကောပျက်စီးသွားသည်။ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး၊ ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးတို့ကို ခေတ်အဆက်ဆက် အကောင်အထည်ဖော်သော်လည်း ထိရောက်အောင်မြင်မှုမရှိသေးချေ။

တောတောင်ထူထပ်သောဒေသများတွင် သစ်တောပြုန်းတီးမှုများရှိလာခြင်းကြောင့် ယခုနှင့် ပြီးခဲ့သည့်နှစ်များက မြန်မာနိုင်ငံ၌ အပြင်းထန်ဆုံးသော ရာသီဥတုနှင့်ရင်ဆိုင်ခဲ့ကြရပြီး နိုင်ငံတကာ၏ ရာသီဥတုဖောက်ပြန်မှု အညွှန်းကိန်းတွင် ကမ္ဘာ့နိုင်ငံ ၁၈၇ နိုင်ငံရှိသည့်အနက် မြန်မာနိုင်ငံမှာ အဆင့်(၂)နေရာတွင်ရှိနေရာ စိုးရိမ်ဖွယ်ရာဖြစ်သည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်း သစ်တောစောင့်ရှောက်မှုနှုန်း တိုးမြှင့်ဆောင်ရွက်ပြီး နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင် စသည့်ဒေသများတွင် အမြဲစိမ်းမြေစီမံကိန်းများ အမြန်ဆုံးစနစ်တကျအကောင်အထည်ဖော်ပေးပါရန်နှင့် အခြားဒေသများတွင်လည်း နှစ်အလိုက်စီမံကိန်းများ တိုးချဲ့ဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်း အဆိုကို ပြည်သူ့လွှတ်တော်တွင် တင်သွင်းခဲ့ရာ ယင်းအဆိုကိုအတည်ပြုခဲ့သဖြင့် သက်ဆိုင်သူများက အဆိုပါစီမံကိန်းများ အောင်မြင်အောင် အလေးအနက်ထားလုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ သစ်တောပြုန်းတီးမှုသည် ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း သုည ဒသမ ၅ ရာခိုင်နှုန်းရှိရာမှ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း သစ်တောပြုန်းတီးမှု ၁ ဒသမ ၇၃ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။ နှစ်စဉ် သစ်တောဟက်တာ ငါးသိန်းခွဲခန့်ပြုန်းတီးနေသည်။ သစ်တောများပြုန်းတီးမှုကြောင့် ရာသီဥတုဖောက်ပြန်ပြီး လူသားများအား ဒုက္ခမျိုးစုံကြုံတွေ့နိုင်သည်ဟု ပြောဆိုနေကြသော်လည်း အတောမသတ်သောလောဘများရှိနေဆဲဖြစ်သည်။

သို့ဖြစ်ရာ သစ်တောများပျိုးထောင်ထိန်းသိမ်းရေးကို နိုင်ငံတော်က အလေးထားဆောင်ရွက်နေသော်လည်း သစ်တောများမဖွံ့ဖြိုးဘဲ ဆက်လက်ပြုန်းတီးဆုတ်ယုတ်နေခြင်းမှာ တရားမဝင်သစ်ခိုးထုတ်မှုများကြောင့် အများဆုံးဖြစ်ပြီး နေ့စဉ်အတင့်ရဲစွာလုပ်ကိုင်နေမှုများကို ဖြေရှင်းနိုင်ရန် အပြင်းအထန်ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ ထို့ပြင် သစ်တောဝန်ထမ်းများ၊ သစ်ခိုးမှုတိုက်ဖျက်ရေးအထူးရဲတပ်ဖွဲ့များ၊ ဒေသခံများနှင့် ပူးပေါင်း၍ ကာကွယ်စောင့်ရှောက်ရန်လိုမည်ဖြစ်ပါကြောင်း။ ။

# ချင်းပြည်နယ်ရှိ လမ်း၊ တံတားများတည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရန် ဂျပန်အစိုးရကလှူဒါန်းသော စက်၊ ယာဉ်၊ ယန္တရားများ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဇွန် ၆**

ချင်းပြည်နယ် ကလေး-ဖလမ်း- ဟားခါးလမ်းများ အဆင့်မြှင့်တင်တည်ဆောက်ခြင်း နှင့်ထိန်းသိမ်းခြင်းဆိုင်ရာ စက်ပစ္စည်းကိရိယာများ ပိုမိုကောင်းမွန်လာစေရေးစီမံချက်အရ ဂျပန်အစိုးရက ထောက်ပံ့ပေးအပ်သော စက်၊ ယာဉ်၊ ယန္တရားများ လွှဲပြောင်းပေးအပ်ပွဲကို ဇွန် ၄ ရက် နံနက်ပိုင်းက ဟားခါးမြို့ (၇)မိုင်စခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က စက်၊ ယာဉ်၊ ယန္တရား ၃၅ မျိုး စုစုပေါင်း ၂၀၃ စီးကို စီမံကိန်းလိုအပ်ချက်အပေါ် မူတည်ကာ လှူဒါန်းခဲ့ခြင်းဖြစ်ပြီး စက်အမျိုးအစားများမှာ မြေထိုးစက်၊ မြေတူးကော်တင်စက်၊ မြေကော်တင်စက်၊ မြေညှိစက်၊ မြေသယ်ယာဉ်၊ လမ်းကြိတ်စက် စသည့် မြေကြီးလုပ်ငန်းသုံးစက်များ၊ ကတ္တရာဖျန်းယာဉ်အပါအဝင် ကတ္တရာလုပ်ငန်း စက်၊ ယာဉ်များ၊ ကျောက်ခွဲစက်များနှင့် မြေတားနံရံတည်ဆောက်ရေးသုံး Silent Pile Driver စက်တစ်စုံနှင့် သင်တန်းကျောင်းသုံးပစ္စည်းများ၊ လမ်း၊ တံတား သုတေသနလုပ်ငန်းသုံးပစ္စည်းများလည်း ပါဝင်ကြောင်း၊ အဆိုပါစက်ပစ္စည်းများကို ကချင်ပြည်နယ်အတွက် စီမံကိန်းလုပ်ငန်းခွင်အခြေစိုက်ရာ မြစ်ကြီးနားမြို့နှင့် ချင်းပြည်နယ် ဟားခါးမြို့များတွင် ခွဲဝေအခြေပြုထားရှိကြောင်း၊ ချင်းပြည်နယ်စီမံကိန်းအတွက် စက်၊ ယာဉ်၊ ယန္တရား ၂၉ မျိုး စုစုပေါင်း ၉၁ စီး ပါဝင် ခင်းကျင်းပြသထားကြောင်း။

ကလေး-ဖလမ်း- ဟားခါးလမ်း ၈၅ မိုင် ၃ ဖာလုံတွင် Steel Sheet Pile များသုံးစွဲပြီး မြေတားနံရံတည်ဆောက်နေသည့် GIKEN Silent piler စက်သည် JICA က ထပ်မံ ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ပြီး မြန်မာပြည်မှာ ပထမဆုံး ရောက်ရှိသုံးစွဲနိုင်ခြင်းဖြစ်ကာ လမ်း၊ တံတားပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် အလွန်အားထားရသည့်စက်လည်းဖြစ်ကြောင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်စီမံကိန်းသည် ဂျပန်အစိုးရက ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ စက်၊ ယန္တရားများ ထောက်ပံ့ခဲ့မှုအနေဖြင့် စတုတ္ထမြောက် ထောက်ပံ့ပေးသည့်စီမံကိန်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ဂျပန်အစိုးရကချင်းပြည်နယ်အတွင်းရှိ လမ်း ၊ တံတားများ အဆင့်မြှင့်တင်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် စက်၊ ယာဉ်၊ ယန္တရားများ ထောက်ပံ့ပေးသည့်အတွက် ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တာတရှိဟိဂူချိက အမှာစကားပြောကြားသည်။

ထို့နောက် ဂျပန်အစိုးရက လှူဒါန်းသော စက်၊ ယာဉ်၊ ယန္တရားများ စာရင်းအထောက်အထားစာရွက်စာတမ်းများကို မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တာတရှိဟိဂူချိ က ပေးအပ်ရာ လမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ကျော်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ စက်၊ ယာဉ်၊ ယန္တရားများ လွှဲပြောင်းပေးအပ်ဂုဏ်ပြုပွဲအထိမ်းအမှတ်အဖြစ် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တာတရှိဟိဂူချိနှင့် ညွှန်ကြားရေးမှူးချုပ် ဦးရွှေလေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဂျပန်အစိုးရက ထောက်ပံ့ပေးသော စက်၊ ယာဉ်၊ ယန္တရားများနှင့် အရန်ပစ္စည်းထားရှိသည့် သိုလှောင်ရုံအတွင်းတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း ပြည်မြို့၌ ဖွင့်လှစ်

**ပြည် ဇွန် ၆**

ပြည်ခရိုင် မီးသတ်ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၁၇) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ပြည်မြို့ လမ်းမတော်လမ်းရှိ ခရိုင်မီးသတ်ဦးစီးဌာနရုံး ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ခရိုင်မီးသတ်ဦးစီးမှူး ဦးအေးကျော်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဇွန် ၆ ရက်မှ ၁၇ ရက်အထိ ၁၂ ရက်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသို့ ပြည်ခရိုင် ခြောက်မြို့နယ်မှ သန္ဓေ ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရပ်ဘက်လူမှုရေးအသင်းအဖွဲ့ဝင်များ အပါအဝင် စုစုပေါင်း သင်တန်းသား ၈၀ တက်ရောက်ကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**



**သစ်ပင်နည်းလာ တို့ကမ္ဘာ**
**လွန်စွာပူအေး ဥတုဘေး**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇွန် ၆**

ရန်ကုန်(ရွှေဈေး) ၉၁၃၀၀၀ - ၉၁၃၀၀၀၊ မန္တလေး(ရွှေဈေး) ၉၁၃၀၀၀ - ၉၁၃၀၀၀

| **စက်သုံးဆီဈေးနှုန်း** | | **ရန်ကုန်** | **မန္တလေး** |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၈၀/၇၀၀ ကျပ်၊ | ၇၁၀/၇၂၃ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၃၅/၈၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၈၅/၇၁၀ ကျပ်၊ | ၇၃၀/၇၇၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၇၃၀/၇၄၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၁၀/၆၂၃ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၂၅/၆၃၆ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၁၀/၆၂၀ ကျပ်

**၃၀-၅-၂၀၁၇ ရက်နေ့မှ ၅-၆-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၆၂၉ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၆၅၆ ကျပ်၊ ဒီဇယ် တစ်လီတာ ၆၂၀ ကျပ်နှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၃၂ ကျပ် ဖြစ်ပါသည်။** (လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၉. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၃၀. ၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၉. ၇၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၉. ၉၃၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၉. ၁၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၁၁၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၃၁. ၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၁. ၄၇ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၁၇. ၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၃. ၇၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှိုင်သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန်လ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

# ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုသွက်လက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးဆွေးနွေး

**နေပြည်တော် ဇွန် ၆**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့၏ ဖွဲ့စည်းပုံအကြံပြုချက်များအပေါ် သဘောထားမှတ်ချက်များတင်ပြခြင်း အခမ်းအနားကို ဇွန် ၆ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အမှာစကားပြောကြားရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ ပိုမိုသွက်လက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေး၊ ဖွဲ့စည်းပုံနှင့်ပတ်သက်၍ အားနည်းချက်၊ အားသာချက်များကို သုံးသပ်ဆွေးနွေးပေးကြရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးများသည် မိမိတို့၏ အောက်ခြေမှ အခြေအနေများကို အသိရှိဆုံးသူများဖြစ်ကြောင်း၊ ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့သည် တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားကြသူများလည်းဖြစ်ကြ၍ ပြည်သူလူထုအား အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုသွက်လက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးတင်ပြကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ကုသရေးဦးစီးဌာနမှူးများက အကြံပြုဆွေးနွေးကြရာ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဖြည့်စွက်ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများအဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် အသေးစိတ်ညှိနှိုင်းဆွေးနွေးကာ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း အထွေထွေစီးပွားရေးသမဝါယမအသင်း၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၆**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အထွေထွေစီးပွားရေး သမဝါယမအသင်း၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။**(အောက်ပုံ)**

အစည်းအဝေးတွင် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း အထွေထွေစီးပွားရေးသမဝါယမအသင်း ဥက္ကဋ္ဌ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးက အသင်းကို သမဝါယမဦးစီးဌာန၏ မူဝါဒများနှင့်အညီ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ အသင်းရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင်းသားများ၏ အကြံကောင်း ဉာဏ်ကောင်းများ၊ ပူးပေါင်းလုပ်ဆောင်မှုများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ သို့အတွက် ထိုက်သင့်သည့် အကျိုးအမြတ်များ ရရှိနေကြောင်း၊ ထို့ကြောင့် အသင်းသားများနှင့် အစုအရေအတွက်များ တိုးပွားလာအောင် အသင်း၏ လုပ်ဆောင်ချက်အောင်မြင်မှုများကို ဆင့်ကဲဆင့်ကဲ အသိပေးသွားကြစေလိုကြောင်း၊ ယနေ့အစည်းအဝေးတွင် အသင်းသားများအနေဖြင့် အပြုသဘောဆောင်သည့် အကြံဉာဏ်ကောင်းများကို ပွင့်လင်းမြင်သာစွာ ဆွေးနွေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် သမဝါယမဦးစီးဌာနမှူးက သမဝါယမအသင်း ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် အသင်းအတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဟန်လင်းအောင်က အသင်း၏နှစ်ပတ်လည်အစီရင်ခံစာ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးရှင်းတမ်း၊ အသားတင်အကျိုးအမြတ်ခွဲဝေမှုများနှင့် ရှေ့လုပ်ငန်းစဉ်များကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အသင်းဥက္ကဋ္ဌက နိဂုံးချုပ်စကား ပြောကြားသည်။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း အထွေထွေစီးပွားရေး သမဝါယမအသင်းသည် နှစ်စဉ် အစုရှယ်ယာဝင်များကို အစု၏ ၁၀၀ ရာခိုင်နှုန်း အကျိုးအမြတ် ခွဲဝေပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



## ပန်းချီဆရာကြီး ဦးဘဉာဏ် နှစ် (၁၂၀)ပြည့် အခမ်းအနားကျင်းပရေး ညှိနှိုင်းစည်းဝေး

**ရန်ကုန် ဇွန် ၆**

ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး နှင်းဆီမြိုင်ပန်းချီပြခန်း၌ ဇွန် ၄ ရက် နံနက်ပိုင်းက ပန်းချီဆရာကြီး ဦးဘဉာဏ် နှစ်(၁၂၀)ပြည့် အခမ်းအနားကျင်းပနိုင်ရေး ဒုတိယအကြိမ် အကြိုညှိနှိုင်းအစည်းအဝေးကျင်းပရာ မြန်မာ့ပန်းချီလောက၏ဦးသျှောင် ပန်းချီဆရာကြီး ဦးဘဉာဏ်၏ ကြေးရုပ်တုဖြစ်မြောက်ရေး၊ ဆရာကြီး၏ ပန်းချီကားများပြသရေး၊ ရန်ပုံငွေရှာဖွေရေးအတွက် တစ်နိုင်ငံလုံးပါဝင်သော ပန်းချီပြပွဲကြီးကျင်းပရေး၊ ဆွမ်းဆက်ကပ်ရေးတို့ကို ပန်းချီဆရာကြီးများနှင့် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်နှင့် ဘားအံမြို့များမှ ပန်းချီဆရာများက ဆွေးနွေးကြသည်။

ယင်းနောက် ဆရာကြီးဦးဘဉာဏ်၏ နှစ်(၁၂၀)ပြည့်အထိမ်းအမှတ် အခမ်းအနားကျင်းပရေးဦးစီးကော်မတီအတွင်းရေးမှူး ပန်းချီ ဦးနီပိုဦးက ဆောင်ရွက်ရန်လုပ်ငန်းများကိုတင်ပြ၍ ပန်းချီဆရာကြီး ဦးလှတင်ထွန်း၊ ဦးမောင်မောင်သိမ်း(ပုသိမ်)နှင့် အလင်္ကာကျော်စွာပန်းချီစိုးမိုးတို့က အကြံပြုစကား ပြောကြားကြသည်။

ထို့နောက် ဘိလပ်ပြန် ပန်းချီဦးဘဉာဏ်၏ နှစ်(၁၂၀)ပြည့်အထိမ်းအမှတ် ဟောပြောပွဲအခမ်းအနားနှင့် ဂုဏ်ပြုပန်းချီပြပွဲကို ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်တွင် ကျင်းပနိုင်ရေး၊ ဆရာကြီး၏ရုပ်တုအား ဆရာကြီး ကွယ်လွန်သွားသည့် မော်လမြိုင်မြို့နယ် ကတိုးကော့နပ်ကျေးရွာနှင့် အမျိုးသားပြတိုက်တို့တွင်ထားရှိရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**


## တရုတ်နိုင်ငံမှတင်သွင်းသည့် စားသုံးရန်မသင့်သောအစားအသောက်များ တင်သွင်းခွင့်ပိတ်ပင်ထား

**ကန်ပိုက်တည် ဇွန် ၆**

ကချင်ပြည်နယ် တရုတ်-မြန်မာ ကန်ပိုက်တည်နယ်စပ်ဂိတ်တွင် တရုတ်နိုင်ငံမှ တင်သွင်းသည့် စားသုံးရန်မသင့်သော အစားအစာများကို ကချင်ပြည်နယ် အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် တင်သွင်းခွင့်ပိတ်ပင်ထားကြောင်း မြစ်ကြီးနားမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နိုင်ဌေးက ပြောသည်။

“အခုက တရုတ်နိုင်ငံကနေ စားသုံးရန်မသင့်တဲ့ ကြက်ဥ၊ အေးခဲကြက်သား၊ ကြက်သဲကြက်မြစ်နဲ့ တခြားသော စားသောက်ကုန်ပစ္စည်းတွေကို ပိတ်ပင်ထားတာရှိတယ်။ ဘာကြောင့်ပိတ်ထားလည်းဆိုတော့ ကချင်ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရဲ့ စစ်ဆေးချက်အရ နယ်စပ်မှတစ်ဆင့် တင်သွင်းလာတဲ့ တရုတ်ကြက်ဥတွေဟာ ကြက်ငှက်တုပ်ကွေးရောဂါပိုင်းရပ်(စ်)ပိုး ပါရှိလာနိုင်ပြီး လူကိုကူးဆက်လာနိုင်တဲ့အပြင် ဒေသရှိ မွေးမြူရေးခြံတွေ ထိခိုက်နစ်နာလာနိုင်တဲ့အတွက်ကြောင့် ပိတ်ပင်ထားတာဖြစ်တယ်” ဟု ၎င်းက ပြောသည်။

တရုတ်-မြန်မာ ကန်ပိုက်တည်နယ်စပ်ဂိတ်တွင် ၂၀၁၇ ခုနှစ်အတွင်း တရားမဝင်တင်သွင်းလာသည့် တရုတ်နိုင်ငံထုတ်ကြက်ဥ ပထမအကြိမ် ဖမ်းဆီးခဲ့ရာ တစ်ပါကင် အလုံး ၃၆၀ ပါ ၂၄၂ ပါကင်၊ မတ် ၂၅ ရက်တွင် ကြက်ဥအလုံး ၉၃၆၀ (တန်ဖိုးငွေကျပ် ၅၇၂၀၀၀ ကျပ်)၊ မေ ၃၀ ရက်တွင် ကြက်ဥအလုံး



၂၃၄၀၀(တန်ဖိုးငွေကျပ် ၂၅၂၀၀၀၀)တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မြစ်ကြီးနားမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးတွင် ယနေ့နံနက် ၉ နာရီခန့်က ကန်ပိုက်တည်နယ်စပ်ဂိတ်မှ တရားမဝင်တင်ဆောင်လာသော စားသုံးရန်မသင့်သည့် ကြက်ဥအလုံး ၂၃၄၀၀ ကို တတိယအကြိမ် ဖျက်ဆီးခဲ့ကြသည်။ **(မင်းမင်းဦး)**

**○ ကျောဖုံးမှ**

မြန်မာ ယူ-၂၀ အသင်းမှ ကစားသမားအများစု ပါဝင်လာခဲ့ပြီး (၂၈) ကြိမ်မြောက် စင်ကာပူ ဆီးဂိမ်းပြိုင်ပွဲတွင် ငွေတံဆိပ်ရခဲ့သည့် ယူ-၂၃ အသင်းမှ လှိုင်းဘိုဘို၊ ဟိန်းသီဟဇော်တို့ ပြန်လည်ရွေးချယ်ခံခဲ့ရသည်။ မြန်မာ ယူ-၂၂ အသင်းသည် ယခုလကုန်ပိုင်းမှစ၍ နိုင်ငံတကာပွဲများ စတင်ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဇွန် ၂၈ ရက်မှ ဇူလိုင် ၂ ရက်အထိ ကျင်းပမည့် လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲ၊ ဇူလိုင် ၁၉ ရက်မှ ၂၃ ရက်အထိ ကျင်းပမည့် အာရှ ယူ-၂၃ ခြေစစ်ပွဲတို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး ယင်းပြိုင်ပွဲနှစ်ခုစလုံးကို ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။ ထို့အပြင် မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဇူလိုင် ၁၃ ရက်တွင် မလေးရှား ယူ-၂၂ အသင်း၊ ဇူလိုင်နောက်ဆုံးပတ်တွင် မွန်ဂိုလီးယား ယူ-၂၂ အသင်း၊ ဩဂုတ် ဒုတိယပတ်တွင် အင်တာမီလန် လူငယ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရန် စီစဉ်ထားသည်။

ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းအတွက် ပြိုင်ပွဲအကြိုပြင်ဆင်မှုများမှာ လုံလောက်မှုရှိသောကြောင့် အောင်မြင်မှုရရန် မျှော်မှန်းလျက်ရှိသည်။

**(ရှိုင်းထက်ဇော်)**

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပ

**ပန်းတောင်း**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ ပြည်တော်သာရပ်ကွက် အေးသုခနာရေးကူညီမှုအသင်း မြေနေရာတွင် ဇွန် ၅ ရက်က ၂၀၁၇ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးရာသီ သစ်ပင်စိုက်ပွဲကျင်းပရာ ပန်းတောင်းမြို့နယ် အုပ်ချုပ်ရေးမှူးဦးကျော်ဆွေနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်သစ်တောဦးစီးမှူး ဦးစိန်တိုးနှင့် သစ်တောဝန်ထမ်းများ၊ ဥသျှစ်ပင်မြို့ အထက်တန်းကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများက ပိတောက်၊ ပျဉ်းကတိုး၊ ရေတမာ၊ သဘော်၊ ကျွန်း၊ ယင်းမာ ပျိုးပင်စုစုပေါင်း ၁၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ဘားအံ**

ကရင်ပြည်နယ် ဘားအံမြို့တွင် ၂၀၁၇ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပွဲတော်ကို ဇွန် ၅ ရက် နံနက် ၇ နာရီက ရဲသာကျေးရွာအုပ်စု လှိုင်ရွာ ကျောက်ကလပ်ဘုရားပရိဝုဏ်အတွင်း၌ ကျင်းပသည်။

သစ်ပင်စိုက်ပွဲတော်တွင် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံရွာသူ ရွာသားများ စုစုပေါင်းအင်အား တစ်ထောင်ကျော်ခန့်က မဟော်ဂနီအပင် ၁၀၀၀၊ ယူကလစ်အပင် ၁၀၀၀၊ မန်ကျည်းရှားအပင် ၁၀၀၀၊ ကျွန်းပင် ၅၀၀ စုစုပေါင်းအပင် ၃၅၀၀ စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့
သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့



## အိန္ဒိယပြည်တွင်းလုပ် အလေးချိန်အများဆုံး ဒုံးယာဉ်ဖြင့် ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးအား လွှတ်တင်

နယူးဒေလီ ဇွန် ၆

အိန္ဒိယနိုင်ငံသည် ပြည်တွင်း၌ တည်ဆောက်သော ဒုံးယာဉ်ဖြင့် ဂြိုဟ်တုတစ်လုံးကို ဇွန် ၅ ရက်တွင် အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း၊ လွှတ်တင်ဖူးသမျှ ဒုံးပျံယာဉ်များအနက် အလေးလံဆုံး ဒုံးပျံယာဉ်ဖြစ်ကြောင်း၊ ယင်းဒုံးယာဉ်လွှတ်တင်နိုင်ခြင်းဖြင့် အိန္ဒိယနိုင်ငံအနေဖြင့် အနာဂတ်ကာလတွင် အာကာသတွင်းသို့ လူလိုက်ပါသော ဒုံးယာဉ်များလွှတ်တင်နိုင်စွမ်းရှိလာတော့မည်ဟု ယုံကြည်ယူဆရကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

### လွှတ်တင်

ဂျီအက်စ်အယ်လ်ဗွီ မက်ခ်-၃ ဟုအမည်ပေးထားသည့် အဆိုပါဒုံးယာဉ်ကို အင်ဒရာပရာဒေ့ရှ်ပြည်နယ် ဆရီဟာရီကိုတာ အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ဇွန် ၅ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီ ၂၈ မိနစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဒုံးယာဉ်သည် အလေးချိန် သုံးတန်ကျော်ရှိသည့် ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို သယ်ဆောင်သွားကြောင်း အိန္ဒိယအစိုးရ အာကာသသုတေသနအဖွဲ့(အိုင်အက်စ်အာရ်အို)က ပြောကြားသည်။

### သမိုင်းဝင်နေ့

ယနေ့သည် ဂျီအက်စ်အယ်လ်ဗွီ မတ်ခ်-၃ ဒုံးယာဉ်က ဆက်သွယ်ရေးဂြိုဟ်တုအား ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ အောင်မြင်စွာပို့ဆောင်ပေးနိုင်သည့် သမိုင်းဝင်နေ့ဖြစ်ကြောင်း အိုင်အက်စ်အာရ်အိုအဖွဲ့ အကြီးအကဲ အေအယ်စ်ကီရင်ကူမာက ပြောကြားသည်။

အလေးချိန်တန် ၆၄၀ ရှိသည့် အဆိုပါဒုံးယာဉ်အား အာကာသတွင်းသို့ လွှတ်တင်နိုင်ရေးအတွက် အချိန်မှတ်စက်ဖြင့် ဇွန် ၄ရက်က စတင်ရေတွက်သည်ဟု သတင်းတွင် ဖော်ပြသည်။ ဆင်ဟွာ။

## တရုတ်နှင့် အီတလီ အမျိုးသားရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များ ရောမမြို့၌ ပူးတွဲကင်းလှည့်စောင့်ကြပ်မှု စတင်

ရောမ ဇွန် ၆

တရုတ်နှင့် အီတလီအမျိုးသား ရဲတပ်ဖွဲ့တို့မှ ရဲတပ်ဖွဲ့ဝင်များ၏ ပူးတွဲကင်းလှည့်စောင့်ကြပ်ရေး အစီအစဉ်တစ်ရပ်ကို ရောမမြို့တွင် ဇွန် ၆ ရက်က စတင်ပြုလုပ်ကြောင်း၊ တရုတ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၁၀ ဦး ပါဝင်သော အဖွဲ့တစ်ဖွဲ့သည် ကမ္ဘာလှည့်ခရီးသည်များဖြင့် စည်ကားသော မြို့ကြီးများဖြစ်ကြသည့် ရောမ၊ ဖလောရင့်စ်၊ နေပယ်နှင့် မီလန်တို့တွင် အီတလီရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့်အတူ ရက်ပေါင်း ၂၀ ကြာမျှ ပူးတွဲကင်းလှည့်မှုများ ပြုလုပ်သွားကြမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ရဲဝတ်စုံဝတ်ဆင်ထားသော တရုတ်ရဲအရာရှိများသည် လက်နက်ကိုင်ဆောင်ခြင်းမပြုဘဲ ခြေကျင်ကင်းလှည့်စောင့်ကြပ်မှု အဓိကပြုလုပ်မည်ဖြစ်သည်။ တရုတ်ရဲအရာရှိများသည် အီတလီနိုင်ငံသို့ လာရောက်ခြင်းမရှိမီ အီတလီဘာသာစကားကို ဆည်းပူးလေ့လာခဲ့ကြပြီးဖြစ်သည်။

နိုင်ငံတကာရှိ အမျိုးသားရဲတပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှု တိုးတက်စေရန်ရည်ရွယ်လျက် တရုတ်နှင့် အီတလီရဲအရာရှိများ ပူးတွဲကင်းလှည့်စောင့်ကြပ်သည့် အစီအစဉ်ကို အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း အီတလီ ဒုတိယရဲချုပ် အန်တိုနီယိုကူဖာလိုက ပြောကြားသည်။

ဆင်ဟွာ။

# ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှ အမေရိကန် နုတ်ထွက်ဖွယ်ရှိဟု သတိပေး




**ဂျီနီဗာ ဇွန် ၆**

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသည် ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို ဦးစီးဦးဆောင်ပြု ဆောင်ရွက်ခြင်းမရှိပါက အမေရိကန်ပြည်ထောင်စုက ယင်းအဖွဲ့မှ နုတ်ထွက်ဖွယ်ရှိကြောင်း သံတမန်များက ဇွန် ၆ ရက်တွင် ပြောကြားကြသည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှ အမေရိကန် နုတ်ထွက်ရန်သင့်၊ မသင့် မိမိတို့အစိုးရအဖွဲ့က ဆုံးဖြတ်မည်ဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ အမေရိကန် သံအမတ်ကြီး နစ်ကီဟာလီက ပြောကြားသည်။ ဟာလီသည် သမ္မတ ဒေါ်နယ်လ်ထရန့်၏ အစိုးရအဖွဲ့တွင် ဝန်ကြီးအဖွဲ့၏ အဖွဲ့ဝင်အဆင့်ရှိသူဖြစ်သည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ ရက်သတ္တသုံးပတ်ကြာ အစည်းအဝေးကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပပြီးသည့်အခါ ယင်းကိစ္စကို ဆုံးဖြတ်မည်ဖြစ်ကြောင်း သံအမတ်ကြီးဟာလီက ပြောကြားသည်။ **(အပေါ်ယာပုံ)**

သမ္မတ ဒေါ်နယ်လ်ထရန့်သည် အမေရိကန်အစိုးရအဖွဲ့ အဆက်ဆက်က ဆယ်စုနှစ်ပေါင်းများစွာကြာအောင် ကျင့်သုံးလာခဲ့သော နိုင်ငံခြားရေးမူဝါဒမှ သွေဖည်ကာ နိုင်ငံပေါင်းစုံနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှုများကို ကျောခိုင်းခဲ့သည်။ အမေရိကန်ပြည်ထောင်စုသည် ရာသီဥတုထိန်းညှိရေး ပါရီသဘောတူညီချက်မှ နုတ်ထွက်ရန် လွန်ခဲ့သည့် ရက်သတ္တပတ်က ဆုံးဖြတ်ခဲ့သည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသည် အမေရိကန်ပြည်ထောင်စု၏ မဟာမိတ်နိုင်ငံဖြစ်သော အစ္စရေးနိုင်ငံအား ဆန့်ကျင်သည့် သဘောထားရပ်တည်ချက်ဘက်မှ ရပ်တည်လျက်ရှိကြောင်း၊ အစ္စရေးနိုင်ငံအား ဆန့်ကျင်ခြင်းသည် ဘက်လိုက်မှုဖြစ်သည်ဟု အမေရိကန်က ရှုမြင်ကာ ယင်းအဖွဲ့အစည်းမှ နုတ်ထွက်မည့် လက္ခဏာ ပြသလျက်ရှိကြောင်း နိုင်ငံရေးလေ့လာသူများက ပြောကြားကြသည်။

အစ္စရေးနိုင်ငံအား တစ်ဖက်သတ် ဝေဖန်ပြစ်တင်နေမှုလုပ်ရပ်ကို အဆုံးသတ်ရန် သံအမတ်ကြီး ဟာလီက ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီအား တိုက်တွန်းမည်ဟု ဝါရှင်တန်ပို့စ်သတင်းစာတွင် ၎င်းကိုယ်တိုင်ရေးသားဖော်ပြခဲ့သည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှ အမေရိကန်နုတ်ထွက်ဖွယ်ရှိမှုနှင့်ပတ်သက်၍ အမေရိကန်၏ မဟာမိတ်နိုင်ငံများက တုံ့ပြန်ပြောဆိုခဲ့ကြသည်။ **ရိုက်တာ။**

# နေတိုးအဖွဲ့၏ ၂၉ နိုင်ငံမြောက် အဖွဲ့ဝင်အဖြစ် မွန်တီနီဂရိုးနိုင်ငံ ဝင်ရောက်ခွင့်ရ

ဝါရှင်တန် ဇွန် ၆

**မွန်တီနီဂရိုးနိုင်ငံသည် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) တွင် ၂၉ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်လာကြောင်း၊ ယင်းနိုင်ငံသည် ရုရှား၏ ဖိအားပေးမှုရှိနေသည့်ကြားမှ အနောက်အုပ်စု၏စစ်မဟာမိတ်အဖွဲ့တွင် ပါဝင်လာခြင်းအတွက် ချီးကျူးမိသည်ဟု အမေရိကန်အစိုးရအဖွဲ့က ထုတ်ဖော်ပြောကြားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၆ ရက်တွင် သတင်းထုတ်ပြန်သည်။**



နေတိုးအဖွဲ့၌ အဖွဲ့ဝင်နိုင်ငံသစ်အဖြစ် ဝင်ရောက်ခြင်း အထိမ်းအမှတ်အခမ်းအနားကို မြို့တော် ဝါရှင်တန်ရှိ နိုင်ငံခြားရေးဌာန၌ ကျင်းပခဲ့ပြီး ယင်းအခမ်းအနားသို့ မွန်တီနီဂရိုးဝန်ကြီးချုပ် ဒက်စကို မာကိုဗစ် တက်ရောက်ခဲ့သည်။ **(အပေါ်ပုံ)**

ထိုစဉ်အတွင်း ရုရှားနိုင်ငံက မွန်တီနီဂရိုးနိုင်ငံအား သတိပေးခဲ့သည်။ မွန်တီနီဂရိုးနိုင်ငံသည် ရုရှားဆန့်ကျင်ရေး စိတ်ဓာတ်ကို မွေးမြူနေပြီး ရန်လိုသော လမ်းကြောင်းအတိုင်း ဦးတည်နေကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနကထုတ်ပြန်သောကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

မွန်တီနီဂရိုးနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် ဥရောပသမဂ္ဂ(အီးယူ)၏ ရုရှားအပေါ် စီးပွားရေးပိတ်ဆို့မှုတွင် ပူးပေါင်းပါဝင်ခဲ့မှုအတွက် တာဝန်ယူရလိမ့်မည်ဟု အဆိုပါ ကြေညာချက်တွင် ဖော်ပြထားသည်။ နေတိုးအဖွဲ့တွင် မွန်တီနီဂရိုးနိုင်ငံ ပါဝင်လာခြင်းသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့အတွက်အထောက်အကူပြုကြောင်း အဆိုပါအဖွဲ့၏ အတွင်းရေးမှူးချုပ် ဂျင်းစကော်တင်ဘတ်ကပြောကြားသည်။

ပြုပြင်ပြောင်းလဲရေး အစီအစဉ်များအား ချမှတ်ဖော်ဆောင်နေသော နိုင်ငံ၊ ဒီမိုကရေစီကို အားပေးမြှင့်တင်နေသော နိုင်ငံ၊ တရားဥပဒေစိုးမိုးရေးအတွက် လုပ်ဆောင်နေသော နိုင်ငံ၊ ခေတ်မီတပ်မတော် ထူထောင်နေသောနိုင်ငံ၊ ကမ္ဘာ့လုံခြုံရေးအတွက် စုပေါင်းတာဝန်ယူ လုပ်ဆောင်သည့်နိုင်ငံ စသည့် စံနှုန်းများနှင့် ကိုက်ညီသော နိုင်ငံများအနေဖြင့် နေတိုးအဖွဲ့သို့ ဝင်ရောက်နိုင်ပုံကို မွန်တီနီဂရိုးနိုင်ငံက သာဓကပြလိုက်ခြင်း ဖြစ်ကြောင်း နေတိုးအတွင်းရေးမှူးချုပ်က ပြောကြားသည်။ **ရိုက်တာ။**

# အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ခြင်းတို့တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်ကို မြန်မာနိုင်ငံ ပါဝင်လက်မှတ်ရေးထိုးရန် လွှတ်တော်သဘောတူ

**နေပြည်တော်  ဇွန်  ၆**

**နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ခြင်းတို့တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်ကို မြန်မာနိုင်ငံ ပါဝင်လက်မှတ်ရေးထိုးရန်ကိစ္စ**နှင့်စပ်လျဉ်း၍ လွှတ်တော်သဘောတူ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး ပဉ္စမနေ့တွင် အဆိုပါ သဘောတူစာချုပ်ကို ပါဝင်လက်မှတ်ရေးထိုးရန် လွှတ်တော်က အတည်ပြုခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကိစ္စရပ်နှင့်စပ်လျဉ်း၍ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦးက သဘာဝဘေးအန္တရာယ်မှာ အချိန်မရွေး နေရာမရွေး ကျရောက်တတ်သည့်အတွက် နယ်နိမိတ် သတ်မှတ်ချက်စံထက် ကျော်လွန်နေပါကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် အာဆီယံနှင့်ဆက်စပ်သည့် အစည်းအဝေးများ၊ ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်နေသည့်နိုင်ငံဖြစ်ပါကြောင်း၊ အာဆီယံ-ရုရှားအကြား ရင့်သန်လာသည့် ဆက်ဆံရေးနှင့်အတူ ယခုစာချုပ်သည် နိုင်ငံရေး၊ လုံခြုံရေး၊ ပညာရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးရေး အစရှိသည့် သဘောတူချက်များ၏ နောက်ဆက်တွဲသဘောတူညီချက်များလည်းဖြစ်ပါကြောင်း၊ ယင်းစာချုပ်မှာ သတင်းအချက်အလက်ဖလှယ်ရေးအတွက်လည်း အရေးကြီးပါကြောင်း၊ ယခုစာချုပ်သည် နိုင်ငံများအတွက်သာမက လူ့အသိုင်းအဝိုင်းတစ်ခုလုံးအတွက် အကျိုးရှိသည့် အချက်အလက်များ ပါဝင်နေသည့်အတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်သီဟ၊ ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာ စံရွှေဝင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေးတင်း၊ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ရှားမီး၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာဝင်းမြင့်ချစ်၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဟန်ဝင်းသိန်း၊ ကမာရွတ်မဲဆန္ဒနယ်မှ ဦးကျော်မင်းနှင့် ဝါးခယ်မမဲဆန္ဒနယ်မှ ဦးဇော်သိန်းတို့က ဆွေးနွေးကြသည်။

ထို့ပြင် အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော **အာရှဒေသ သစ်တောပူးပေါင်းဆောင်ရွက်မှု အဖွဲ့အစည်းတည်ထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်ကို မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရန်ကိစ္စ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက AFoCO အဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ခြင်းအားဖြင့် ၂၀၁၄ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် "အာဆီယံ-ကိုရီးယား သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု ဒေသအဆင့် လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း တည်ထောင်ခြင်းစီမံကိန်း" သည် "အာရှသစ်တော ပူးပေါင်းဆောင်ရွက်မှု ဒေသအဆင့် လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း တည်ထောင်ခြင်း စီမံကိန်း"အဖြစ် ဆက်လက်ထောက်ပံ့မှုများ ရရှိလာမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ ကွဲပြားခြားနားသည့် ဒေသကြီး ၃ ခုဖြစ်သည့် ဟိမဝန္တာဒေသ၊ အင်ဒိုချိုင်းနားဒေသနှင့် မလေးကျွန်းဆွယ်တို့အကြားတွင် တည်ရှိပြီး အဆိုပါဒေသ ၃ ခု၏ လမ်းဆုံ Cross-Road ဖြစ်သည့်အတွက် ဒေသကြီး ၃ ခုလုံး၏ ဇီဝမျိုးစုံမျိုးကွဲများအပြင် မြန်မာနိုင်ငံနေရင်း ဒေသမျိုးစိတ်များပါရှိသည့်အတွက် ဇီဝမျိုးစုံမျိုးကွဲပေါကြွယ်ဝနေခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ဆုံးဖြတ်သည်။

ထို့နောက် **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့်စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍** ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေသည် လွှတ်တော်သက်တမ်းနောက်ဆုံးနှစ်တွင် ကိုယ်စားလှယ်များ၏သက်တမ်းများ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်၏ ဇန်နဝါရီလတွင် ကုန်ဆုံးသဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ချိန် ၁၀ လခန့်သာရရှိပါကြောင်း၊ လွှတ်တော်သက်တမ်းနောက်ဆုံးနှစ်၏ လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေလုပ်ငန်းများဆောင်ရွက်မှုကို ရရှိသည့် ကာလအတွင်း ပြီးပြတ်အောင်ဆောင်ရွက်ပြီး စနစ်တကျလွှဲပြောင်း၍ ကိုယ်စားလှယ်များက အားထည့်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

မူလရွေးချယ်သတ်မှတ်လုပ်ငန်းနှင့် အမှန်ဆောင်ရွက်မှု ကွဲလွဲခြင်းတွင် တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေတို့ရှိ မြို့နယ် ၅၇ ခုတွင် ဆောင်ရွက်သည့် လုပ်ငန်းပေါင်း ၂၃၀ ခုအနက် ဗဟိုကော်မတီသို့ လုပ်ငန်းပြောင်းလဲဆောင်ရွက်ခွင့်တင်ပြသည့်လုပ်ငန်း ၉၁ ခုနှင့် ဆောင်ရွက်ခွင့်မတင်ပြသည့်လုပ်ငန်း ၁၃၉ ခုရှိသည်ကို တွေ့ရှိရပါကြောင်း၊ စာရင်းဇယားများ ထိန်းသိမ်းခြင်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ အချို့ဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်၏ ထောက်ပံ့ငွေနှင့် ပြည်သူလူထု၏ ထည့်ဝင်ငွေတို့ စုပေါင်းပြီး ဆောင်ရွက်ပါကြောင်း၊ ပြည်သူထူထု၏ ထည့်ဝင်ငွေဖြင့် ပေါင်းစပ်ဆောင်ရွက်သည့်လုပ်ငန်းများတွင် ပြည်သူလူထု ထည့်ဝင်ငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းအသုံးစရိတ်၊ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းအသုံးစရိတ်များကို စနစ်တကျခွဲခြားစာရင်းပြုစုထားသင့်ပါကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

အဆိုပါအစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၆/၂၀၁၇)ကို ကော်မတီက ဖတ်ကြားတင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ရေခွန်နှင့် တာတမံဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ အဆိုပြုချက်ကို မူတည်ပြီး တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အတည်ပြုချက်ရယူပြီး ဥပဒေကြမ်းတစ်ရပ်လုံးကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော စုစည်းမှုမရှိသော အလွတ်သဘောဆောင်သည့် စီးပွားရေးလုပ်ငန်းမှ စနစ်တကျလုပ်ဆောင်သော စီးပွားရေးလုပ်ငန်းသို့ ကူးပြောင်းခြင်းဆိုင်ရာ တိုက်တွန်းချက်အမှတ် (၂၀၄) ကို မှတ်တမ်းတင်နိုင်ရေးကိစ္စ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်က မြန်မာနိုင်ငံတွင် စနစ်တကျလုပ်ဆောင်သည့် စီးပွားရေးလုပ်ငန်းများနှင့် အလွတ်သဘောအနေဖြင့် လုပ်ကိုင်သည့်လုပ်ငန်းများကို နှိုင်းယှဉ်ပါက အလွတ်သဘော စီးပွားရေးလုပ်ငန်းများ များပြားနေပါကြောင်း၊ စနစ်ကျသည့် လုပ်ငန်းများကို လေ့လာပါက တစ်ဝက်ခန့်သာရှိပါကြောင်း၊ လက်တွေ့မြေပြင်တွင်လည်း လုပ်ငန်းခွင်များအတွက် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် စံသတ်မှတ်ချက်မရှိပါကြောင်း၊ သတ်မှတ်ထားသည့် စံသတ်မှတ်ချက်များမှာလည်း စနစ်မရှိမှုများကို တွေ့ရပါကြောင်း၊ သို့ဖြစ်ပါ၍ ယခုတိုက်တွန်းချက်တွင် ပါဝင်သည့် အချက်များသည် မြန်မာနိုင်ငံအတွက် များစွာအကျိုးရှိသည့်အတွက် အားစိုက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါရန်နှင့် လွှတ်တော်က မှတ်တမ်းတင်ပေးနိုင်ပါရန် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ထို့အတူ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်နှင့် ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးလုံဂျုံဆန်မိုင်တို့ ဆွေးနွေးကြသည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက လွှတ်တော်က မှတ်တမ်းတင်ပေးနိုင်ပါရန် ရှင်းလင်းတင်ပြရာ လွှတ်တော်မှ မှတ်တမ်းတင်ရန် သဘောတူ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**မျိုးမြင့်၊ အေးအေးသန့်(သတင်းစဉ်)**




ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း

# YBS ၃၇ ယာဉ်လိုင်း ရန်ကုန်မြို့တွင်း ဆူးလေအထိ လမ်းကြောင်းတိုးချဲ့ပြေးဆွဲ

## အခြားလမ်းကြောင်းအချို့ကိုလည်း မြို့တွင်းအထိ ပြေးဆွဲနိုင်ရန် ချိတ်ဆက်ပေးမည်

**ရန်ကုန်  ဇွန်  ၆**

ရန်ကုန်ဘတ်စ်ကား အများနှင့်သက်ဆိုင်သော ကုမ္ပဏီ (YBPC) ၏ YBS ၃၇ ယာဉ်လိုင်းအနေဖြင့် ထောက်ကြန့်ဂိတ်စမှ ဘုန်းကြီးလမ်း စံပြမှတ်တိုင်ကို ဂိတ်ဆုံးအဖြစ် သတ်မှတ်ပြေးဆွဲနေရာမှ ယခုဆူးလေအထိလမ်းကြောင်း တိုးချဲ့ပြေးဆွဲမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့မှ သိရသည်။

အဆိုပါ YBS ၃၇ ကဲ့သို့ မြို့တွင်းအထိ လမ်းကြောင်းချိတ်ဆက်ပြေးဆွဲခွင့်ပြုထားသည့်ယာဉ်လိုင်းမှာ YBS ၂၀ ယာဉ်လိုင်းဖြစ်ပြီး အခြားသော လမ်းကြောင်းအချို့ကိုလည်း မြို့တွင်းအထိ ချိတ်ဆက်ပြေးဆွဲနိုင်ရန် သုံးသပ်ဆောင်ရွက်နေကြောင်း အဆိုပါအဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

"အခုဆိုရင် YBS ၃၇ ကို မြို့ထဲအထိ ပြေးဆွဲခွင့်ပြုလိုက်တယ်။ အခြားလမ်းကြောင်းတွေကိုလည်း စဉ်းစားပေးနေတယ်။ မြို့ထဲအထိ ချိတ်ပေးလို့ရတဲ့လမ်းကြောင်းတွေကို ချိတ်ပေးမယ်။ ယာဉ်နှစ်ဆင့်၊ သုံးဆင့် ပြောင်းစီးရတာ အခက်အခဲရှိတယ်လို့ တင်ပြလာတာတွေရှိတော့ ရန်ကုန်မြို့တွင်းကို အရှေ့အနောက်၊ တောင်မြောက်လမ်းကြောင်းတွေအတိုင်း ဝင်ရောက်တဲ့ သင့်လျော်တဲ့လမ်းကြောင်းတွေကို မြို့ထဲအထိ ချိတ်ဆက်ပေးမယ်။ ကားတွေလည်း ကောင်းရမယ်"ဟု ၎င်းက ပြောသည်။



လက်ရှိ မြို့တွင်းအထိ လမ်းကြောင်းပြေးဆွဲလာသည့် YBS ၃၇ ယာဉ်လိုင်းသည် ယခင်က စံပြမှတ်တိုင်တွင် ဂိတ်ဆုံးအဖြစ် သတ်မှတ်ထားပြီး ထောက်ကြန့်ဂိတ်စမှ ပြည်လမ်းမကြီးအတိုင်း မောင်းနှင်ပြေးဆွဲနေသော ယာဉ်လိုင်းဖြစ်သည်။ အဆိုပါ ယာဉ်လိုင်းသည် ယခင်က BRT Lite အမည်ဖြင့် ပုံသေယာဉ်စီးခ ကျပ် ၃၀၀ နှုန်းဖြင့် ပြေးဆွဲပေးနေသော ယာဉ်လိုင်းဖြစ်ပြီး ကတ်စနစ်ဖြင့် ငွေပေးချေစနစ် ကျင့်သုံးနေသော ယာဉ်လိုင်းတစ်ခုဖြစ်သည်။

ပြီးခဲ့သည့် ဇန်နဝါရီ ၁၆ ရက်က စတင်ပြောင်းလဲခဲ့သော YBS ယာဉ်လိုင်းများအဖြစ် ပြောင်းလဲပြေးဆွဲခဲ့မှုတွင် YBS ၃၇ ယာဉ်လိုင်းအမှတ်ဖြင့် ပြေးဆွဲပေးနေပြီး မြို့တွင်းသို့ ဝင်ရောက်ခြင်းမရှိတော့ဘဲ ပုံသေယာဉ်စီးခကျပ် ၂၀၀ သာ ကောက်ခံလျက်ရှိသည်ဟု သိရသည်။ မြို့တွင်းတွင် သီးသန့်ယာဉ်လိုင်းအဖြစ် ၅၆၊ ၅၇၊ ၅၈ ယာဉ်လိုင်းတို့က လွှန်းပြန်ပြေးဆွဲပေးလျက်ရှိပြီး ရန်ကုန်မြို့တွင်းအထိ သွားလာလိုသော ခရီးသည်များအနေဖြင့် အဆိုပါယာဉ်လိုင်းသုံးလိုင်းအား တစ်ဆင့်ပြောင်းစီးရသောကြောင့် ယာဉ်နှစ်ဆင့်၊ သုံးဆင့်စီးနင်းရသည့် အခက်အခဲများရှိနေကြောင်း တင်ပြလာမှုများအရ ယာဉ်လိုင်းအချို့အား မြို့တွင်းအထိ ချိတ်ဆက်ပြေးဆွဲစေခြင်းဖြစ်ကြောင်း သိရသည်။

YBS ၃၇ ပြေးဆွဲမည့် လမ်းကြောင်းမှ ထောက်ကြန့်မှ ဝိုင်ယာလက်၊ စော်ဘွားကြီးကုန်း၊ (၈)မိုင်၊ လှည်းတန်း၊ မြေနီကုန်း၊ သရက်တော၊ ဗိုလ်ချုပ်စျေး၊ ဆူးလေ၊ ကမ်းနားလမ်း(ခြောက်ထပ်ရုံး)၊ ဘုန်းကြီးလမ်း၊ စံပြမှ ထောက်ကြန့်သို့ဖြစ်ပြီး ဂိတ်ဆုံးအဖြစ် ခြောက်ထပ်ရုံး(ကမ်းနားလမ်း)သို့ ပြောင်းလဲသတ်မှတ်ထားကြောင်း သိရသည်။ ယာဉ်စီးခကောက်ခံမှုပုံစံမှာ ထောက်ကြန့်မှ သရက်တောအထိ ကျပ် ၂၀၀၊ သရက်တောမှ ခြောက်ထပ်ရုံးအထိ ကျပ် ၁၀၀ ဖြစ်ပြီး ခြောက်ထပ်ရုံးမှ စံပြသို့ ကျပ် ၁၀၀၊ ထောက်ကြန့်မှ ခြောက်ထပ်ရုံးအထိ ခရီးစဉ်အစအဆုံး ကျပ် ၃၀၀ နှုန်းဖြင့် ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

YBS ၃၇ ပြေးဆွဲနေသည့် YBPC ကုမ္ပဏီအနေဖြင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု PPP စနစ်ဖြင့် ဖွဲ့စည်းထူထောင်ထားသည့် ဘတ်စ်ကားအများပိုင်ကုမ္ပဏီ တစ်ခုဖြစ်ပြီး လက်ရှိတွင် ယာဉ်အစီးရေ ၁၀၀ နီးပါးခန့်ရှိလာကာ ယာဉ်အသစ်များတိုးချဲ့ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**သတင်း-ဝဝ၁၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# ရပ်ဝန်းနှင့် ပိုးလမ်းမ မဟာစီမံကိန်းကြီးနှင့် မြန်မာနိုင်ငံ

## ဦးကြည်သာ(ဂွ)

One Belt, One Road ရပ်ဝန်းတစ်ခု၊ လမ်းမတစ်ခု စသည်ဖြင့် ထင်ပေါ်ကျော်ကြားနေတဲ့ တရုတ်နိုင်ငံရဲ့ မဟာစီမံကိန်းကြီးကို မေ ၁၄ ရက်မှာ တရုတ်နိုင်ငံ ပေကျင်းမြို့ China National Convention Centre မှာ ရပ်ဝန်းနဲ့ ပိုးလမ်းမဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ် အခမ်းအနားနဲ့စတင်ခဲ့ပါတယ်။ ဒီအခမ်းအနားကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်ခဲ့ပါတယ်။ မေ ၁၅ ရက်မှာလည်း ပေကျင်းမြို့ Yangi Lake International Conference Centre မှာ ခေါင်းစဉ်အမျိုးမျိုးနဲ့ထပ်ပြီး ဆွေးနွေးခဲ့ကြပါသေးတယ်။ ဒီဆွေးနွေးပွဲမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ဆွေးနွေးချက်တွေဟာ အထူးပဲလက်တွေ့ကျတယ်။ ထိရောက်မှုရှိပြီး အမြော်အမြင်ကြီးမားမှုကိုပြနေပါတယ်။


ဒီစီမံကိန်းကြီးမှာ ပိုးလမ်းမစီးပွားရေးရပ်ဝန်း Silk road economic belt နဲ့ ၂၁ ရာစု ရေကြောင်းပိုးလမ်းမ 21st Century marine silk road ဆိုပြီး ကုန်းကြောင်း၊ ရေကြောင်း လမ်းမကြီးနှစ်ခုရှိပါတယ်။ ကုန်းကြောင်းမှာ စီးပွားရေးစင်္ကြံလမ်းမကြီး ခြောက်ခုရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ မြန်မာစီးပွားရေးစင်္ကြံလမ်းမနဲ့ တရုတ်၊ အင်ဒိုချိုင်းနားကျွန်းဆွယ်စီးပွားရေး စီးပွားရေး စင်္ကြံလမ်းမတို့နဲ့ ပတ်သက်နေပါတယ်။

တရုတ်နိုင်ငံရဲ့ ကမ္ဘာ့နံပါတ်(၁) စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်ဖို့ ရည်ရွယ်ချက်နဲ့ ဒီစီမံကိန်းကြီးကို ဆောင်ရွက်တယ်ဆိုတာကတော့ ရှင်းနေပါတယ်။ ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ လေးထရီလီယံကနေ ရှစ်ထရီလီယံအထိ ကုန်ကျသွားနိုင်တဲ့ မဟာစီမံကိန်းကြီးပါ။ ဒီတော့ ဒီစီမံကိန်းကြီးဟာ မျှော်မှန်းသလို လွယ်လွယ်နဲ့ ဖြစ်နိုင်ပါ့မလားဆိုပြီး ရှုထောင့်ပေါင်းစုံကဆန်းစစ်ဝေဖန်ကြပါတယ်။

ပထမအချက်က ဒီလိုများပြားလှတဲ့ အရပ်ရှစ်မျက်နှာဖြန့်ကြက်တဲ့ စီမံကိန်းတွေမှာ ဘယ်စီမံကိန်းကို ဦးစားပေးမလဲ။ ဘယ်သူတွေက ဦးစီးလုပ်မလဲဆိုတာပါပဲ။ တရုတ်နိုင်ငံ နိုင်ငံတကာလေ့လာရေးတက္ကသိုလ်မှ ပညာရှင်တစ်ဦးက ဒီစီမံကိန်းကြီးနဲ့ပတ်သက်ပြီး ကျွန်တော်တို့မှာ တိကျတဲ့ရည်မှန်းချက် အခုထိ နိုင်ငံတော်က ချပြပေးခြင်းမရှိသေးပါဘူးလို့ပြောခဲ့တယ်။ တရုတ်ပြည်ကပြည်နယ်တိုင်းမှာ ရပ်ဝန်းတစ်ခု၊ လမ်းမတစ်ခုနဲ့ ပတ်သက်တဲ့ ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွေ စီမံချက်တွေရှိပါတယ်။ ဒီလုပ်ငန်းတွေကို ရာနဲ့ချီတဲ့ နိုင်ငံပိုင်ကုမ္ပဏီတွေ အကောင်အထည်ဖော်ကြရမှာဖြစ်တယ်။ ဒီတော့ နိုင်ငံတော်က ဘယ်အဖွဲ့အစည်းကိုပိုပြီး ဦးစားပေးမလဲ။ ဒီစီမံကိန်းကြီးလုပ်ဆောင်တဲ့အခါ နေ့စဉ်စီမံခန့်ခွဲရမယ့် လုပ်ငန်းစဉ်တွေကို ဘယ်သူတွေကလုပ်မှာလဲဆိုတဲ့ မေးခွန်းတွေအပြင် ဒီပိုးလမ်းမစီမံကိန်းကြီးရဲ့ သံသယဖြစ်ဖွယ်၊ စိုးရိမ်ဖွယ် ဘဏ္ဍာရေးအခြေအနေတွေပေါ်မှာလည်း စိုးရိမ်စိတ်တွေက တရုတ်နိုင်ငံတွင်းမှာပင် ရှိနေဆဲပါ။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က သက်ဆိုင်ရာနိုင်ငံမှ လက်ရှိအကောင်အထည်ဖော်နေသည့် အမျိုးသားအဆင့်၊ ဒေသအဆင့်လုပ်ငန်းစဉ်များကို အထောက်အကူပြုစေမှသာ ပိုမိုအကျိုးသက်ရောက်မှာဖြစ်ကြောင်း၊ အစိုးရနဲ့ ပြည်သူတွေရဲ့ မျှော်လင့်ချက်၊ စိုးရိမ်မှုတို့အပေါ် အလေးထားဆောင်ရွက်ဖို့လိုအပ်ကြောင်း ထောက်ပြခဲ့ပါတယ်။

ဒုတိယအချက်က အကျိုးအမြတ်ရရှိနိုင်တဲ့ စီမံကိန်းတွေဖြစ်လာဖို့ပါပဲ။ ဒီပိုးလမ်းမကြီးက ကုန်းကြောင်းစင်္ကြံလမ်းမကြီးခြောက်ခုမှာ အမြန်ရထားလမ်းကြီးတွေပါနေတယ်။ ခုတလော ဗြိတိန်နိုင်ငံ လန်ဒန်မြို့က တရုတ်နိုင်ငံ ဆိပ်ကမ်း ရီဝူ (Yiwu) အထိ ကုန်ရထားတွေစမ်းသပ်ပြေးဆွဲနေပါတယ်။ ရက်သတ္တသုံးပတ်ခန့်ကြာတဲ့ ခရီးစဉ်ဟာ ရေကြောင်းခရီးထက် များစွာလျင်မြန်ပေမယ့် သဘော်ာနဲ့ သယ်ယူစရိတ်ရဲ့ နှစ်ဆပိုများနေပါတယ်။ တရုတ်နိုင်ငံရဲ့ မြန်နှုန်းမြင့်ရထားလမ်းတွေ ဖောက်လုပ်မှုဟာ လျင်မြန်ပါတယ်။ ဒါပေမယ့် တရုတ်နိုင်ငံလို မြေနေရာ သိမ်းဆည်းရေးကိစ္စတွေ မလွယ်ကူနိုင်သလို ကျွမ်းကျင်လုပ်သားနဲ့ ဈေးသက်သာတဲ့ အလုပ်သမားတွေရှိတဲ့ တရုတ်နိုင်ငံလို တခြားနိုင်ငံတွေမှာ အဆင်ပြေမှုပြေနိုင်ပါ့မလားဆိုတာကလည်း မသဲကွဲနိုင်ပါ။ ပိုးလမ်းမကြီးရဲ့ စင်္ကြံလမ်းထဲက တစ်ခုဖြစ်တဲ့ ကာဇက်စတန်မှာ တရုတ်ရေနံကုမ္ပဏီတွေက ရေနံချက်စက်ရုံတစ်ရုံတည်ခဲ့တယ်။ ရေနံစိမ်းရှိမှုက ထုတ်လုပ်နိုင်မှုရဲ့ ခြောက်ရာခိုင်နှုန်းပဲရရှိနိုင်တာမို့ အခြေအနေတွေက စိတ်ပျက်စရာပါပဲလို့ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဒါကြောင့် တရုတ်ရဲ့ ပါကစ္စတန်မှာ ဆောင်ရွက် နေတဲ့ ပိုးလမ်းမမှာ ၈၀ ရာခိုင်နှုန်းခန့် အရှုံးပေါ်နိုင်တယ်လို့ ထင်ကြေးပေးကြပါတယ်။




တရုတ်နိုင်ငံ၏ စီးပွားရေးပိုးလမ်းမရပ်ဝန်းတစ်ခုနှင့် (၂၁) ရာစု ရေကြောင်းဆိုင်ရာ ပိုးလမ်းမရပ်ဝန်း လမ်းကြောင်းပြမြေပုံ။

တတိယအချက်က တရုတ်ရဲ့ စီမံကိန်းကြီးတွေမှာ ပွင့်လင်းမြင်သာမှုမရှိဘဲ တာဝန်ရှိသူ၊ အာဏာရှိသူတွေကို မက်လုံးပေးချဉ်းကပ်ပြီး နောက်တော့မှ အကျပ်အတည်းအခက်အခဲဖြစ်ရတဲ့ ဖြစ်ရပ်တွေပါပဲ။ မြန်မာနိုင်ငံမှာ ၂၀၁၁ မှာ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကြီး ရပ်ပစ်ရတဲ့အဖြစ်နဲ့ သီရိလင်္ကာမှာ ၂၀၁၅ ခုနှစ်မှာ သမ္မတဟောင်းတစ်ဦးရဲ့ မြို့မှာလုပ်ခဲ့တဲ့ ဆိပ်ကမ်းစီမံကိန်းကို လူထုက ကန့်ကွက်မှုနဲ့ရင်ဆိုင်ရတဲ့အဖြစ်တွေက သင်ခန်းစာယူစရာတွေပါ။

ဒါ့အပြင် တရုတ်နဲ့ အလွန်နီးစပ်တဲ့ ပါကစ္စတန်က တရုတ်- ပါကစ္စတန် စီးပွားရေးစင်္ကြံကို အကောင်အထည်ဖော်နေတာမှာ တစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်မစွက်ဖက်စေရဆိုတဲ့ ပေါ်လစီရှိပေမယ့် တရုတ်တွေက အတိုက်အခံတွေကို ဒီစီမံကိန်းကို မကန့်ကွက်ဖို့ ပန်ကြားခဲ့တဲ့ ဖြစ်ရပ်တွေလည်း ရှိနေပါတယ်။ ဒီလမ်းမကြီး ဖောက်လုပ်တဲ့နေရာမှာ ပါကစ္စတန်အစိုးရက စစ်သွေးကြွတွေရဲ့ ရန်ကကာကွယ်ဖို့ စစ်သားတစ်သောင်းချထားပေးရတဲ့အထိ လုပ်ပေးနေရတာတွေလိုမျိုး တခြားနိုင်ငံတွေမှာလည်း ဖြစ်နိုင်တယ်ဆိုတာပါပဲ။

မြန်မာနိုင်ငံအနေနဲ့ ဒီပိုးလမ်းမကြီးစီမံကိန်းစာရင်းထဲမှာ မပါပေမယ့် ဆက်နွယ်နေတဲ့ ကျောက်ဖြူ ယူနန် ရထားလမ်း ရေနက်ဆိပ်ကမ်းနဲ့ အထူးစီးပွားရေးဇုန်စတာတွေပါ ပါဝင်ပတ်သက်နေတယ်။ ဒါကြောင့်မို့ ရှေ့ဆက်ဆွေးနွေးစရာတွေ တစ်ပုံတစ်ပင်ကြီးရှိတာမို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ပြောသလို "ဤရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာဖိုရမ်သည် တစ်ကြိမ်တည်း ကျင်းပသွားခြင်းမျိုးမဟုတ်ဘဲ ဆက်လက်ကျင်းပသွားရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း"ဆိုတဲ့ ပြောကြားချက်အတိုင်း အနာဂတ်မှာ မြန်မာနိုင်ငံအနေနဲ့ လေ့လာသုံးသပ်ဆန်းစစ်စရာတွေ၊ ဆွေးနွေးစရာတွေအများကြီးရှိဦးမှာပါ။

အထူးသဖြင့် မြန်မာနိုင်ငံကို ဖြတ်သန်းဖောက်သွားတဲ့ ရထားလမ်း၊ ကားလမ်းတို့ကိုထိန်းချုပ်မယ့် ဥပဒေတွေ မြန်မာနိုင်ငံမှာရှိပြီးပြီလားဆိုတာ အရင်ဆန်းစစ်ရမှာပါ။ ဥပမာပြောရရင် ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းနဲ့ ပတ်သက်တဲ့ cabotage law ဆိုတဲ့ ဥပဒေကတော့ အခုမှပြုစုလျက်ရှိတဲ့ အနေအထားပဲ ရှိပါသေးတယ်။

အာရှတိုက်ကနိုင်ငံတွေဟာ ဥပဒေရေးရာပြုစုခြင်း၊ ပြဋ္ဌာန်းခြင်း၊ လိုက်နာခြင်းအပိုင်းမှာ အားနည်းပါတယ်။ ဗြိတိန်နိုင်ငံဟာ ဥရောပသမဂ္ဂ (EU)ထဲမှာနေစဉ်က

**မြန်မာနိုင်ငံကို ဖြတ်သန်းဖောက်သွားတဲ့ ရထားလမ်း၊ ကားလမ်းတို့ကို ထိန်းချုပ်မယ့် ဥပဒေတွေ မြန်မာနိုင်ငံမှာ ရှိပြီးပြီလားဆိုတာ အရင်ဆန်းစစ်ရမှာပါ။ ဥပမာပြောရရင် ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းနဲ့ ပတ်သက်တဲ့ cabotage law ဆိုတဲ့ ဥပဒေကတော့ အခုမှ ပြုစုလျက်ရှိတဲ့ အနေအထားပဲ ရှိပါသေးတယ်။**

ဥပဒေပေါင်း တစ်သောင်းကိုးထောင်ကျော်ရှိပြီး ခုအဲဒီအထဲက ဥပဒေပေါင်း တစ်သောင်းငါးထောင်ခန့်ကို ဗြိတိန်ဥပဒေ အဖြစ် ပြန်ပြင်ရပါတော့မယ်။ ယခု စီးပွားရေးပိုးလမ်းမ တစ်ခုနဲ့ (၂၁) ရာစုရေကြောင်းဆိုင်ရာ ပိုးလမ်းမရပ်ဝန်း တစ်ခုစီမံချက်မူဘောင်အောက်မှာ ပူးပေါင်းဆောင်ရွက် ရေးဆိုင်ရာ နားလည်မှုသဘောတူစာချွန်လွှာရေးထိုးခဲ့တဲ့ အဆင့်ရှိနေချိန်မှာ အနာဂတ်ကာလ ဒီစီမံကိန်းကြီးနဲ့ ပတ်သက်ပြီး ကိုယ့်နိုင်ငံအတွက် အကာအကွယ်ပေးမယ့် အကျိုးစီးပွားဖြစ်မယ့် ဥပဒေရေးရာများကို နိုင်ငံတကာ ၈က တတ်ကျွမ်းနားလည်သူ ဥပဒေကျွမ်းကျင်သူများရဲ့အကြံဉာဏ်ရယူပြီး ဆောင်ရွက်မှသာလျှင် ပြည်သူတွေ ရဲ့ မျှော်လင့်ချက်နဲ့ ယုံကြည်မှုတို့ကို ဖော်ဆောင်ပေးနိုင်မယ်လို့ ယူဆမိပါကြောင်း။

**၂၀၁၇ ခုနှစ် မေလ (၆-၁၂)ရက်ထုတ် The Economist စာစောင်မှ All aboard the belt and road express ဆောင်းပါးကို မှီငြမ်းပါသည်။**

## ရေတာရှည်မြို့နယ် မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရေတာရှည် ဇွန် ၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ မြစိမ်းရောင်ကျေးရွာ ၂၇ ရွာ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းများအား အရင်းမပျောက်မတည် ငွေကျပ် သိန်း ၃၀၀ နှုန်း စုစုပေါင်းကျပ်သိန်းပေါင်း ၈၁၀၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။



မြို့နယ်ကျေးလက်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ညွန့်နှင့် ဝန်ထမ်းများ သည် ဇွန် ၅ ရက် နံနက်ပိုင်းက ပိတောက်ခင်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာ အိမ်ခြေ ၁၀၅ အိမ် လူဦးရေ ၃၇၄ ဦး၊ သိုင်းဝကျေးရွာအုပ်စု အလယ်မြောင်ကျေးရွာ အိမ်ခြေ ၁၁၇ အိမ်၊ လူဦးရေ ၄၇၉ ဦးတို့၏ မြစိမ်း ရောင်စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်န်းများ ငွေစာရင်းထိန်းသိမ်း ဆောင်ရွက်ထားခြင်းလုပ်ငန်းများကို ကျေးရွာကော်မတီဝင်များနှင့်အတူ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## နွေစပါးစံပြကွက်ရိတ်သိမ်း၊ အထွက်နှုန်းမြင့်မားရေး ဆွေးနွေး

**ပဲခူး ဇွန် ၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်၏ မြို့နယ်အဆင့် နွေစပါး စံကွက်ရိတ်သိမ်းပွဲကို မေလနောက်ဆုံးပတ်က ပဲခူးမြို့နယ် စစ်ပင်ဆိပ်ကျေးရွာ တောင်သူဦးမျိုးအောင်၏ ကွင်းအမှတ်-၁၂၄၀ (ခ) နွေစပါး နယူးဧရာ-၁ ခုနစ်ဧကစိုက်ခင်းရှိ လယ်မြေ၌ ပြုလုပ်ခဲ့ရာ စက်ကျအစိုတင်း တစ်ဧကလျှင် တင်း ၁၈၀ နှုန်း ထွက်ရှိခဲ့သည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးညွှန်ကြားရေးမှူး ဦးလှမြင့်၊ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးယဉ်ထွန်း၊ ပဲခူးခရိုင်ဦးစီးမှူး ဦးလေးမြင့်၊ ပဲခူးမြို့နယ်ဦးစီးမှူးနှင့် ကွင်းဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးမှူး ဦးအောင်သန်းဇော်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် တောင်သူများတက်ရောက်ကြည့်ရှုအားပေးခဲ့ပြီး တိုင်းဒေသကြီး ညွှန်ကြား ရေးမှူးက တောင်သူများနှင့်တွေ့ဆုံ၍ စိုက်စနစ်မှန်ကန်ရေး၊ မျိုးကောင်း မျိုးသန့်သုံးစွဲရေး၊ ပိုးမွှားအန္တရာယ် ကြိုတင်ကာကွယ်နှိမ်နင်းရေးနှင့် အထွက်နှုန်း မြင့်မားရေးအတွက် စိုက်ပျိုးရေးနည်းပညာများ စနစ်တကျဆောင်ရွက်နိုင်ရေး တို့ကို ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံတွင် ကမ္ဘာ့ဘဏ်နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်နေမှုများ ဆွေးနွေး

**နေပြည်တော် ဇွန် ၆**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကမ္ဘာ့ဘဏ်မှ Lead Counsel Ms. Nagavalli Annamalai နှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-1) ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ကမ္ဘာ့ဘဏ်နှင့်သက်ဆိုင်ရာအဖွဲ့အစည်းများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်နေမှုများနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင် ဦးမောင်တိုး၊ ဦးခင်မောင်ဦးနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



# (၁၄)ကြိမ်မြောက် အာရှမီဒီယာထိပ်သီးအစည်းအဝေးဖွင့်ပွဲ ကျင်းပ

**ချင်းတောင် ဇွန် ၆**

(၁၄)ကြိမ်မြောက် အာရှမီဒီယာထိပ်သီးအစည်းအဝေးဖွင့်ပွဲကို ယနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချင်းတောင်မြို့ရှိ ရှန်ဂရီလာဟိုတယ်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့ တက်ရောက်သည်။

အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မဒမ်လျူယန်ဒေါင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး UNESCO, AIBD အပါအဝင် အာရှမီဒီယာအဖွဲ့အစည်းများမှ တာဝန်ရှိသူများက အမှာစကားပြောကြားကြသည်။

ယခုကျင်းပသည့် အာရှမီဒီယာထိပ်သီးအစည်းအဝေးသို့ နိုင်ငံပေါင်း ၄၈ နိုင်ငံမှ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ အစိုးရတာဝန်ရှိသူများ၊ နိုင်ငံတကာမီဒီယာအဖွဲ့အစည်း ခုနစ်ခုမှ ဦးဆောင်ပုဂ္ဂိုလ်များ စုစုပေါင်း ၄၀၀ တက်ရောက်ကြသည်။

(၁၄)ကြိမ်မြောက် အာရှမီဒီယာထိပ်သီးအစည်းအဝေးကို Media on the Frontline of Global Development (ကမ္ဘာ့ဖွံ့ဖြိုးရေးဖြစ်စဉ်တွင် မီဒီယာကဏ္ဍသည် ရှေ့တန်းမှပါဝင်ဆောင်ရွက်ရေး) ခေါင်းစဉ်ဖြင့် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် (၁၄)ကြိမ်မြောက် အာရှမီဒီယာထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

# အလှဆင်ကျောက်ရောင်းချမှုလုပ်ငန်းမှ ပုံမှန်ဝင်ငွေသာရရှိ

**မန္တလေး ဇွန် ၆**

ဧရာဝတီမြစ်အတွင်းမှ ကျောက်များကို ဆယ်ယူပြီး တည်ဆောက်ရေးလုပ်ငန်းများတွင် အလှဆင်ကျောက်အဖြစ် ပြန်လည်ရောင်းချသောလုပ်ငန်းများတွင် ဝယ်ယူသူများက ဈေးနှုန်းမြင့်မားလွန်းသည်ဟု ပြောဆိုဝေဖန်မှုများရှိသော်လည်း ဝင်ရောက်လုပ်ကိုင်နေသူများအနေဖြင့် ပုံမှန်ဝင်ငွေထက်ပိုမိုခြင်း မရှိကြောင်း အလှဆင်ကျောက် ဆယ်ယူရောင်းချသူများထံမှ သိရသည်။

အလှဆင်ကျောက် ဆယ်ယူရောင်းချမှုကို ပုသိမ်ကြီးမြို့နယ် ဧရာဝတီမြစ်ဘေးရှိ ရွှေစာရံကျေးရွာတွင် အဓိကလုပ်ဆောင်နေခြင်းဖြစ်သည်။ ရွှေစာရံကျေးရွာသည် ရဲရွာရေအားလျှပ်စစ်ထုတ်လုပ်ရာ တမံကြီး၏ အောက်ဘက် မိုင်အနည်းငယ်အကွာတွင်တည်ရှိပြီး အနော်ရထာမင်း၏ မိဖုရားတစ်ပါးဖြစ်သော ရှမ်းမိဖုရားစောမွန်လှ တည်ထားခဲ့သည့် ရွှေစာရံဘုရားတည်ရှိရာရွာဖြစ်သည်။ ဘုရားဖူးဧည့်သည် နေ့စဉ်မပြတ်လာရောက်ဖူးမြော်နေသည့် ဘုရားဖြစ်သည့်အပြင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တည်ဆောက်ရေးလုပ်ငန်းကြီးများရှိရာသို့ ဆောက်လုပ်ရေးလုပ်ငန်းသုံး ကျောက်အရွယ်စုံ ထုတ်လုပ်တင်ပို့နေသည့် အုန်းချော၊ ကျောက်ချော၊ ထုံးဘိုအစရှိသည့်ကျေးရွာများနှင့်ဆက်စပ်တည်ရှိနေသဖြင့် ယခုကဲ့သို့ အလှဆင်ကျောက်ဈေးကွက်ရရှိလာခြင်း ဖြစ်သည်။ အလှဆင်ကျောက်များကို ကျောက်အမျိုးအစား၊ အရွယ်အစား၊ အရောင်အဆင်းနှင့် ပုံသဏ္ဌာန်ပေါ်မူတည်၍ တစ်ပြည်လျှင် ငွေကျပ် ၁၀၀၀ မှ ၃၅၀၀၊ ၄၀၀၀ အထိ ရောင်းချကြသည်။

ကျောက်ဆယ်ယူရောင်းချကြသူများအနေဖြင့် စုဆောင်းသိုလှောင်ထားနိုင်သော အနေအထားရှိသူနည်းပါး၍ မှာယူသူရှိမှသာ မှာယူသည့်ကျောက်၏အရွယ်အစား၊ အရောင်အသွေးနှင့် ကျောက်အမျိုးအစားများကို စုပေါင်းဆယ်ယူစုဆောင်း ရောင်းချကြခြင်းဖြစ်သည်။ မှာယူမှုများသော ကျောက်များမှာ တစ်လက်မ၏လေးပုံတစ်ပုံအရွယ်အစားမှ နှစ်လက်မပတ်လည်အရွယ်အစားခန့်အထိ ရှိသော ပုံသဏ္ဌာန်မှန်သောကျောက်များဖြစ်သည်။ “ကျွန်မတို့ရွှေစာရံရွာကနေ ဧရာဝတီမြစ်ထဲကို ဆင်းမယ်ဆိုရင် သဲသောင်ပြင်နဲ့ ကျောက်တုံး၊ ကျောက်ခဲပဲတွေ့ရတယ်။ ဒါပေမယ့်ကျောက်တွေမှာ အရောင်အမျိုးမျိုး၊ အရွယ်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုး ပါဝင်နေတယ်။ ဒါပေမယ့်လိုချင်တဲ့အရောင်၊ အရွယ်နဲ့ ကျောက်အမျိုးအစားရဖို့။ မလွယ်လှဘူး။ အတော်ရွေးရ၊ ဆယ်ရတယ်။ အလှဆင်ကျောက်လုပ်မှာ ဖြစ်တဲ့အတွက် ပုံသဏ္ဌာန်မလှတာ၊ အနာအဆာပါတာ၊ ကျောက်အမျိုးအစားနဲ့ အရောင်မတူတာ ဒါတွေကိုပယ်ရတယ်။ ဟိုအရင်ရဲရွာတမံကြီးမလုပ်ခင်က အထက်မှာမိုးရွာရင် ရွာသလို ဧရာဝတီက ရေစီးကြမ်းတယ်။ မရွာဘူးဆိုရင်လည်း ရေကြည်ရေအေးလေး တစ်နှစ်လုံးစီးတယ်။ အခုရဲရွာတမံကြီးတည်ဆောက်ပြီးသွားတော့ ရေစီးလည်း မသန်တော့ဘူး။ အထက်ကပို့ချလာတဲ့ကျောက်တွေလည်း ကျွန်မတို့ရွှေစာရံကို ရောက်မလာတော့ဘူး။ အခု ဆယ်ပြီးရောင်းနေကြတဲ့ ကျောက်တွေက အရင်နှစ်ပေါင်းများစွာကတည်းက ကျောက်တွေကို ဆယ်ပြီးရောင်းနေရတာ။ နောက်နှစ်နည်းနည်းကြာလာရင် ဆယ်စရာကောက်စရာ ကျောက်တောင်ရှိမှာ မဟုတ်တော့ဘူး”ဟု ကျောက်ဆယ်ယူခြင်း ဆောင်ရွက်လျက်ရှိသည့် ရွှေစာရံကျေးရွာနေဒေသခံတစ်ဦးက ပြောသည်။**အေးမြ(မန္တလေး)**

---

## မြန်မာနိုင်ငံပြန်တမ်း
## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အေးကို ယင်းဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

---

## တပ်မတော်သားအမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၁၃/၂၀၁၇)**
**၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇွန်လ ၆ ရက်)**

**တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကစိစစ်ပြီး ၁၈. ၁. ၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၂/၂၀၁၆)တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | |
|---|---|---|
| ကြည်း ၁၅၁၀၀ | အစား | ကြည်း၂၅၁၆၈ |
| ဗိုလ်မှူးချုပ်ကိုကိုဝင်း | | ဗိုလ်မှူးခင်မောင်ချို |

**အမိန့်အရ**
**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

---

## တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၁၄/၂၀၁၇)**
**၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇွန်လ ၆ ရက်)**

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကစိစစ်ပြီး ၁၈. ၁. ၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၃/၂၀၁၆)တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

ပဲခူးတိုင်းဒေသကြီးလွှတ်တော်

| | | |
|---|---|---|
| ကြည်း ၁၆၄၃၈ | အစား | ကြည်း ၂၇၂၉၄ |
| ဗိုလ်မှူးကြီးခင်မောင်ဌေး | | ဗိုလ်မှူးကြီးလှမျိုးရွှေ |

**အမိန့်အရ**
**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

### ☆ အသေးစားနှင့် အလတ်စားမှု

ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယသမ္မတက လက်ရှိအခြေအနေအရ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြည်သူတို့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံခြား မတည်ငွေရင်းနှင့် ကုန်သွယ်မှုတို့ကို အဓိကအားထားနေရပါကြောင်း၊ ထို့ကြောင့် လိုအပ်သည့် နိုင်ငံခြားမတည်ငွေရင်းများ နိုင်ငံတွင်းကို များစွာ ဝင်ရောက်လာစေရန်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည်သာ အဓိကမောင်းနှင်အားဖြစ်လာပါကြောင်း။

တစ်နည်းအားဖြင့် နိုင်ငံတော်၏ စီးပွားရေးအခြေခံအဆောက်အအုံ ပြောင်းလဲတိုးတက်စေရန်နှင့် နိုင်ငံ့စီးပွားရေးကို ကမ္ဘာ့စီးပွားရေးနှင့် ချိတ်ဆက်ပေါင်းစည်းနိုင်ရန်အတွက် ယခင်က တွေ့ကြုံခဲ့ရသည့်အတွေ့အကြုံများကို အခြေခံပြီး နိုင်ငံတကာအဖွဲ့အစည်းများ၏အကူအညီများ၊ အကြံပြုချက်များနှင့်အညီ နိုင်ငံ၏စီးပွားရေးမူဝါဒ၊ ငွေကြေးနှင့် ဘဏ္ဍာရေးမူဝါဒများ၊ ကုန်သွယ်ရေးမူဝါဒများနှင့် ရင်းနှီးမြှုပ်နှံမှု မူဝါဒများကို အခြေခံကျကျ လေ့လာသုံးသပ်ကာ ပြုပြင်ပြောင်းလဲမှု၏ အဓိကအနှစ်သာရအဖြစ် ခိုင်မာမှုရှိသည့် မူဝါဒများ ချမှတ်ခြင်း၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ပြဋ္ဌာန်းခြင်းနှင့် လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

သိသာထင်ရှားသည့် တိုးတက်မှုများအနေဖြင့် ပြည်သူအားလုံး ပါဝင်နိုင်ပြီး နိုင်ငံတစ်ဝန်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်သူကို ဗဟိုပြုသည့် နိုင်ငံတော်၏စီးပွားရေးမူဝါဒ ၁၂ ရပ်ကို ၂၀၁၆ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒနှင့်အညီ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒများကိုလည်း ၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်း ပြဋ္ဌာန်းခဲ့ပါကြောင်း။

အလားတူ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အရင်းတည်ကာ နိုင်ငံအတွင်း၌ စီးပွားရေးလာရောက်လုပ်ကိုင်နေသည့် ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးများကို ထိန်းသိမ်းစောင့်ရှောက်ပေးမည့် စီးပွားရေးလုပ်ငန်းအတွက် ပင်မအသက်သွေးကြောဖြစ်သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် စီးပွားရေးလုပ်ကိုင်ရာတွင် ရိုးရှင်းလွယ်ကူမှုရှိသည့် လုပ်ထုံးလုပ်နည်းများနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများကို အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း(IFC)၏ ပံ့ပိုးကူညီမှုဖြင့် Stakeholder Consultation များ အကြိမ်ကြိမ်ပြုလုပ်ပြီး ၎င်းတို့၏ အကြံပြုချက်များနှင့်အညီ နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီမှုရှိအောင် ထုတ်ပြန်နိုင်ခဲ့ခြင်းသည် အစိုးရ၏ ပြင်းပြသည့် ကြိုးပမ်းအားထုတ်မှုများထဲမှ မှတ်တိုင်တစ်ခုဖြစ်ပါကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေသည့် ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်နိုင်ရန်၊ ရင်းနှီးမြှုပ်နှံသူများကို အကာအကွယ်ပေးနိုင်ရန်နှင့် ပြည်သူတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်အတွက် နိုင်ငံတကာစံနှုန်းများနှင့် ညီညွတ်မှုရှိအောင်၊ မြန်မာနိုင်ငံနှင့် ချုပ်ဆိုထားသည့် နှစ်နိုင်ငံသဘောတူစာချုပ်များ၊ အာဆီယံဆိုင်ရာ သဘောတူစာချုပ်များနှင့် ညီညွတ်မှုရှိစေရန် ဥပဒေသစ်ကို ဖော်ဆောင်ခဲ့ခြင်းဖြစ်ပါကြောင်း။

နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေတစ်ခုတည်းကိုဖော်ဆောင်ရုံနှင့် မလုံလောက်သည့်အတွက် စီးပွားရေးလုပ်ကိုင်ရာတွင် ဆောင်ရွက်ရသည့်လုပ်ငန်းစဉ်များ အဆင်ပြေလွယ်ကူချောမွေ့မှုရှိစေရန် ဆက်စပ်ဥပဒေများကိုခိုင်မာမှုရှိအောင် ပြင်ဆင်ထုတ်ပြန်ခြင်း၊ ဥပဒေအချင်းချင်း ညီညွတ်မှုရှိအောင်နှင့် လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးခြင်းတို့ကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါကြောင်း ပြောကြားသည်။

ထို့ပြင် စီးပွားရေးလုပ်ငန်းရှင်များ၏ ကုမ္ပဏီမှတ်ပုံတင်ခြင်းနှင့် သက်ဆိုင်သည့် တည်ဆဲ မြန်မာကုမ္ပဏီများအက်ဥပဒေသည် နှစ် ၁၀၀ ကျော်သက်တမ်းရှိပြီ ဖြစ်သည့်အတွက် ခေတ်နှင့်လျော်ညီမှုရှိစေရန်၊ နိုင်ငံတကာစံညွှန်းများနှင့် ကိုက်ညီမှုရှိစေရန်အပြင် အသေးစားနှင့် အလတ်စားကုမ္ပဏီများ တွေ့ကြုံနိုင်သည့် အခက်အခဲများလျော့ကျစေရန် ရည်ရွယ်၍ အာရှဖွံ့ဖြိုးရေးဘဏ်၏ အကူအညီဖြင့်ပြင်ဆင်ကာ ဥပဒေသစ်ကို ၂၀၁၇ ခုနှစ်အတွင်း ထုတ်ပြန်နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ယင်းကိုကြည့်ခြင်းအားဖြင့် အာရှ၏ နောက်ဆုံးစူးစမ်းလေ့လာရန်ကျန်သည့်နေရာ(Last Frontier)ဟု ပြောနိုင်သည့် မြန်မာနိုင်ငံ၏ မဟာဗျူဟာကျသည့် အားသာချက်များနှင့်အကွ နိုင်ငံတကာစံနှုန်းများနှင့်အညီ ခိုင်မာမှုရှိသည့် စီးပွားရေးမူဝါဒ၊ ရင်းနှီးမြှုပ်နှံမှု မူဝါဒ၊ ဥပဒေစည်းမျဉ်းများ ပြဋ္ဌာန်းပေးခြင်းသည် ရင်းနှီးမြှုပ်နှံသူများအတွက် အကောင်းဆုံးအထောက်အပံ့ဖြစ်စေမည့် စီးပွားရေးဝန်းကျင်ကောင်းကို ဖန်တီးပေးခြင်းဖြစ်သည်ဟု ယုံကြည်မိပါကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ပြီး စီးပွားရေးဝန်းကျင်ကောင်းကို ပုဂ္ဂလိက လုပ်ငန်းရှင်များအတွက် ဖန်တီးပေးရာတွင် နိုင်ငံ၏ အဓိကအားနည်းချက်တစ်ချက်အဖြစ် ကြုံတွေ့နေရသည်မှာ အခြေခံအဆောက်အအုံ လိုအပ်ချက်ဖြစ်ပါကြောင်း။

နိုင်ငံတကာအဖွဲ့အစည်းအချို့၏ ကြိုတင်ခန့်မှန်းချက်တွင် ၂၀၃၀ ခုနှစ်အထိ နိုင်ငံတော်အတွက်လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၆၅၀ ဘီလီယံဖြစ်ပြီး အခြေခံအဆောက်အအုံအတွက် လိုအပ်သည့် ရင်းနှီး မြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၃၂၀ ဘီလီယံဖြစ်ပါကြောင်း၊ ၎င်း ပမာဏပြည့်မီအောင် ပုဂ္ဂလိကကဏ္ဍကို ဖိတ်ခေါ်ပြီး အစိုးရနှင့် ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖြည့်ဆည်းပေးရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတက ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုတို့အတွက် အစိုးရက ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ကနဦးအဆင့်အနေဖြင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ကို ၂၀၁၆ ခုနှစ် မေလတွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ ထို့ပြင် အာရှဖွံ့ဖြိုးရေးဘဏ်၏ ပံ့ပိုးကူညီမှုဖြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ၂၀၁၆ ခုနှစ်အတွင်း၌ပင် ဖွဲ့စည်းခဲ့ပြီး ပြီးပြည့်စုံသည့် မူဘောင်ချမှတ်နိုင်ရန်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

အလားတူ အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် အစိုးရသာမက ပုဂ္ဂလိကကဏ္ဍပါ တာဝန်ယူမှုနှင့်ပတ်သက်ပြီး တိကျသည့်မူဘောင်ဖြင့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ဖော်ဆောင်နိုင်ရန် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းအချို့၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ်ချက်များထဲတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ စွမ်းဆောင်ရည်မြင့်မားပြီး ဖွံ့ဖြိုးတိုးတက်လာစေရေးသည်လည်း အစိုးရ၏ ဦးစားပေးလုပ်ဆောင်ရမည့် ကဏ္ဍတစ်ရပ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်သမ္မတက ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး ၂၀၁၆ ခုနှစ်အတွင်း အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း။

ထို့ပြင် **"အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီရန်နှင့် ၎င်းတို့ကို ဖွံ့ဖြိုးတိုးတက်စေနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ကြိုဆိုအားပေးရန်"** ဆိုသည့် အချက်များကို စီးပွားရေးမူဝါဒနှင့် ရင်းနှီးမြှုပ်နှံမှုမူဝါဒများ၊ သက်ဆိုင်ရာဥပဒေများတွင် ပါဝင်ပြဋ္ဌာန်းပြီးဖြစ်သည်ကို တွေ့ရှိနိုင်ပါကြောင်း၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် နိုင်ငံ၏ ဈေးကွက်စီးပွားရေးစနစ်တစ်ခု ဖွံ့ဖြိုးလာရန် မီးမောင်းထိုးပြထားခြင်းဖြစ်ပါကြောင်း။

အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားရေးအဆောက်အအုံ ခိုင်မာစွာတိုးတက်လာရေးအတွက် စီးပွားရေးဝန်းကျင်ကောင်းဖြစ်ပေါ်လာစေရန် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ကမ္ဘာ့ဘဏ်၏ Doing Business Report (2014) အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ကိုင်ဆောင်ရွက်မှုအဆင့်သည် (၁၈၂)ဖြစ်ခဲ့သော်လည်း ယခု ၂၀၁၇ ခုနှစ် အစီရင်ခံစာတွင် မြန်မာနိုင်ငံသည် အဆင့်(၁၇၀)ကို တက်လှမ်းနိုင်ခဲ့ခြင်းသည် သက်သေတစ်ခုအဖြစ် ပြသနိုင်ပါကြောင်း၊ အစိုးရအနေဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ စီးပွားရေးလုပ်ကိုင်ရာတွင် လွယ်ကူချောမွေ့စေရေးကို အစဉ်တစိုက် ဆောင်ရွက်လျက်ရှိခြင်းကြောင့် နောက်နှစ်တွင်လည်း မြန်မာနိုင်ငံ၏ Doing Business အဆင့်သည် ယခုထက် ပိုမိုတိုးတက်လာမည်မှာ အသေအချာဖြစ်ပါကြောင်း ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ အနုပညာရှင်များက မြန်မာ့ရိုးရာအကဖြင့် ကပြဖျော်ဖြေကြပြီး ဒုတိယသမ္မတက မင်္ဂလာအောင်မောင်းကို တီးခတ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် မြန်မာ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးခင်မောင်အေးက နှုတ်ခွန်းဆက်စကားပြောကြားပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက မြန်မာ့ကုန်သွယ်မှုဆိုင်ရာ မူဝါဒများကို လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက နိုင်ငံတော်၏ စီးပွားရေးမူဝါဒများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

Myanmar Investment Forum 2017 ကို အာရှ၏ မဟာဗျူဟာအကျဆုံးနေရာတွင်တည်ရှိနေသည့် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်၊ ပြည်တွင်းကုမ္ပဏီများနှင့် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် ကမ္ဘာ့ဈေးကွက်ကို ချဲ့ထွင်နိုင်ရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးကျော်တင့်ဆွေ၊ ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ ဦးသိန်းဆွေ၊ ဦးခင်မောင်ချို၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဦးကျော်ဝင်း၊ ဦးဝင်းခိုင်၊ ဦးအုန်းမောင်နှင့် ဒုတိယဝန်ကြီး ဦးအောင်ထူး၊ နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများနှင့် လုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များ၊ အထူးဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် Myanmar Investment Forum ကို အဆိုပါခန်းမ၌ ဆက်လက်ကျင်းပပြီး ပုဂ္ဂလိကအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများ၊ စွမ်းအင်၊ အဆောက်အအုံနှင့် လမ်း စသည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအခွင့်အလမ်းများနှင့် အထူးစီးပွားရေးဇုန်များတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းများကို ရန်ကုန်စီးပွားရေးတက္ကသိုလ် ပညာရေးကဏ္ဍမှ ပါဝင်ကူညီမည်




**ရန်ကုန် ဇွန် ၆**

မြန်မာ့စီးပွားရေးလုပ်ငန်းများ၏ ငြိမ်းချမ်းရေးအတွက် ကူညီထောက်ပံ့မည့်လုပ်ငန်းစဉ် Business for Peace (B4P) ကို ပညာရေးကဏ္ဍက ပါဝင်ကူညီသွားမည်ဖြစ်ကြောင်း ဇွန် ၃ ရက်က ရန်ကုန်စီးပွားရေးတက္ကသိုလ် နီလာရတုခန်းမ၌ ကျင်းပသည့် ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းများ Business for Peace ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ဒေါ်ခင်နိုင်ဦးက ပြောကြားသည်။

ရန်ကုန်စီးပွားရေး တက္ကသိုလ်တွင် ဖွင့်လှစ်သင်ကြားနေသော ဖွံ့ဖြိုးမှုပညာ၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုစသည့် မဟာဝိဇ္ဇာတန်းများအားလုံးတွင် စီးပွားရေးဆိုင်ရာကျင့်ဝတ်ပိုင်းနှင့် လူမှုရေးတာဝန်များကို ထည့်သွင်းသင်ကြားစေရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းရှင်များဖြစ်လာမည့် ကျောင်းသား ကျောင်းသူများအတွက် အမြတ်တစ်ခုတည်းရဖို့မဟုတ်ဘဲ ကျင့်ဝတ်ရှိရှိနှင့် ဒေသတစ်ခု၊ တိုင်းပြည်တစ်ခုအတွက် အထောက်အကူပြုနိုင်မည့် နည်းလမ်းများကို သင်ကြားမည်ဟု ဒေါက်တာခင်နိုင်ဦးက ပြောသည်။

အထူးသဖြင့် ပဋိပက္ခလွန်ဒေသများနှင့် ဖွံ့ဖြိုးမှုနိမ့်ကျနေသေးသည့် ဒေသများတွင် စီးပွားရေးလုပ်ငန်းများက ငြိမ်းချမ်းရေးကို အထောက်အကူပြုနိုင်မည့် သုတေသနနှင့် လေ့လာမှုများကို ဆောင်ရွက်ရန် ရှေ့ဆက်လုပ်ငန်းစဉ်အဖြစ် ရည်ရွယ်ထားကြောင်း ပါမောက္ခချုပ်က ပြောသည်။ လက်ရှိတွင် တက္ကသိုလ်အနေဖြင့် ရှမ်းပြည်နယ်မှ ကျေးရွာများနှင့် အခြားဖွံ့ဖြိုးမှုနိမ့်ကျနေသည့် ဒေသများ၏ လူမှုစီးပွားရေးလိုအပ်ချက်များကို လေ့လာမှုများနှင့် အကြံပြုချက်စာတမ်းများ ပြုစုနေသည်များ ရှိကြောင်း ပါမောက္ခချုပ်ထံမှ သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဟန်က အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က ငြိမ်းချမ်းသော လုပ်ငန်းခွင် ဖော်ဆောင်ခြင်းဖြင့် တာဝန်ယူမှုရှိသော လုပ်ငန်းခွင် တစ်ရပ် ပေါ်ပေါက်စေရေးခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့သည်။ ယင်းအပြင် Myanmar Information Technology Private Limited ၏ CEO ဒေါက်တာထွန်းသူရသက်က ငြိမ်းချမ်းသော ဖွံ့ဖြိုးတိုးတက်မှုအတွက် IT နည်းပညာဖြင့် ပံ့ပိုးမှုခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးခဲ့သည်။

ယင်းဆွေးနွေးပွဲအခမ်းအနားတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးနိုင်သက်လွင်၏ သဝဏ်လွှာအား ဦးမင်းဗညားစံက ဖတ်ကြားခဲ့ကာ ပါမောက္ခဒေါက်တာအောင်ထွန်းသက်က ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းများခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့သည်။ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က စီးပွားရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ တက္ကသိုလ်များ၊ ကျောင်းများတွင် တာဝန်ကျေသော စီမံခန့်ခွဲမှုဆိုင်ရာ ပညာရေး (Responsible Management Education-RME) ထည့်သွင်းသင်ကြားရန်လိုအပ်ကြောင်း ဆွေးနွေးပွဲတွင် ပြောသည်။ RME ဆိုသည်မှာ ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးမှုနှင့် သဘာဝပတ်ဝန်းကျင်အတွက် စီးပွားရေးလုပ်ငန်းများက တာဝန်ယူပေးနိုင်သည်များကို လေ့လာသည့် ပညာရပ်ဖြစ်သည်ဟု သိရသည်။

ကုန်သည်စက်မှုအသင်းချုပ်အနေဖြင့် United Nations Global Compact (UNGC) Network Myanmar, ငြိမ်းချမ်းရေးကော်မရှင်တို့နှင့်ပူးပေါင်း၍ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးများသို့ သွားရောက်ခဲ့ကာ ဒေသခံလုပ်ငန်းရှင်များ Business for Peace တွင် ပါဝင်လာစေရေး ဆွေးနွေးဖိတ်ခေါ်ခဲ့ပြီး ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် B4P ကို ဇွန် ၃ ရက်က စတင်မိတ်ဆက် ဆွေးနွေးခြင်းဖြစ်ကာ ရန်ကုန်စီးပွားရေးတက္ကသိုလ်အနေဖြင့်လည်း ကုန်သည်စက်မှုအသင်းချုပ်၊ United Nations Global Compact (UNGC) Network Myanmar တို့နှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် ရှိကြောင်း ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဒေါ်ခင်နိုင်ဦးက ပြောသည်။

ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် ဘွဲ့ကြိုသင်တန်းများအပြင် မဟာဘွဲ့သင်တန်းများတွင် စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု(MBA)၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု(MPA)၊ ဖွံ့ဖြိုးမှုပညာ (Development Studies) နှင့် ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးပညာ (Banking & Finance) ဟူ၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ **(ဆုနှင်းလဲ့)**

# မျှတသည့်ယှဉ်ပြိုင်မှု၊ မျှတသည့်အခွင့်အလမ်းများရှိမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်မည်

**နေပြည်တော် ဇွန် ၆**

မျှတသည့်ယှဉ်ပြိုင်မှု၊ မျှတသည့်အခွင့်အလမ်းများရှိမှသာ မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ပြောသည်။

ပြည်ထောင်စုဝန်ကြီးက "လွတ်လပ်အေးချမ်း၊ လွယ်ကူရိုးရှင်းစွာနဲ့ ရင်းနှီးမြှုပ်နှံခွင့်ပေးမယ်ဆိုရင် မြန်မာနိုင်ငံအတွင်းမှာ လုပ်ငန်းအမျိုးအစားပေါင်းများစွာ၊ လုပ်ငန်းရှင်ပေါင်းများစွာ ပြည်တွင်း၊ ပြည်ပမခွဲဘဲ ထွက်ပေါ်လာမှာဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေ အများကြီးပေါ်လာမှ တိုင်းပြည်ရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ဒီအခြေခံသဘောထားကို ကျွန်တော်တို့ စဉ်းစားထားပါတယ်"ဟုဆိုသည်။

ယနေ့ကျင်းပသည့် Myanmar Investment Forum 2017 ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက "ပြည်တွင်းက လုပ်ငန်းရှင်တွေနဲ့ပြည်ပက ရင်းနှီးမြှုပ်နှံသူအားလုံး ယှဉ်ပြိုင်ခွင့်ရှိရပါမယ်။ ယှဉ်ပြိုင်ခြင်းရဲ့ စွမ်းအား၊ တွန်းအားကြောင့် ပြည်တွင်းမှာရှိတဲ့ လုပ်ငန်းရှင်အားလုံးဟာ ကာလတိုအတွင်း၊ အချိန်ကာလတစ်ခုအတွင်း လုပ်ငန်းခွင်စွမ်းဆောင်မှုမြင့်တက်လာမယ်လို့ ယုံကြည်ပါတယ်။ ယှဉ်ပြိုင်မှုအတွက်အားစိုက်ရမယ်၊ ကြိုးပမ်းရမယ်၊ အစစအရာရာလေ့ကျင့်ရမယ်၊ ပျိုးထောင်ရမယ်"ဟု ဆိုသည်။

မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန် ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် စီးပွားရေးဝန်းကျင်ကောင်းဖန်တီးပေးရာတွင် အခြေခံအဆောက်အအုံလိုအပ်ချက်သည် နိုင်ငံ၏ အဓိကအားနည်းချက်တစ်ခုဖြစ်ကြောင်း သိရသည်။

အဆိုပါဖိုရမ်ကို ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း ဥက္ကဋ္ဌ ဦးခင်မောင်အေးက မြန်မာနိုင်ငံတွင် အားသာချက်များစွာရှိနေပါကြောင်း၊ ပေါများလှသော သဘာဝအရင်းအမြစ်များကို ပိုင်ဆိုင်ပြီး ကမ္ဘာလုံးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ ဗဟိုချက်နှစ်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြားတွင် တည်ရှိကြောင်း၊ လူဦးရေ၏ ၅၅ ရာခိုင်နှုန်းခန့်သည် အသက်(၃၀) အောက်ရှိကြကြောင်း၊ ယင်းအားသာချက်များကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအများအပြားကို ဆွဲဆောင်နိုင်စွမ်းရှိကြောင်း သုံးသပ်သည်။



ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း



ဦးခင်မောင်အေး



ဦးအောင်နိုင်ဦး

ထို့ပြင် ဦးခင်မောင်အေးက "၂၀၁၂ ခုနှစ်ကစပြီး မြန်မာနိုင်ငံရဲ့ စီးပွားရေးဟာ တစ်ဟုန်ထိုးတိုးတက်ခဲ့ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ ကြီးကြီးမားမားတိုးတက်မှုရှိခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမြင့်ဆုံးရှိခဲ့ပြီး အမေရိကန်ဒေါ်လာ ကိုးဘီလီယံအထိ ရောက်ရှိခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာတော့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(FDI)ပမာဏဟာ အကျဘက်ကို ရောက်ရှိခဲ့ပြီး ပြီးခဲ့တဲ့ဘဏ္ဍာနှစ်ထက် ၃၆ ရာခိုင်နှုန်း လျော့နည်းသွားခဲ့ပါတယ်။ အခြေခံအဆောက်အအုံလစ်ဟာမှုများဟာ ရေရှည်စီးပွားရေးတိုးတက်မှုကို နှောင့် နှေးစေပါတယ်"ဟု ပြောသည်။

ADB ၏ ခန့်မှန်းချက်အရ ၂၀၃၀ မတိုင်မီ အာရှတွင် အမေရိကန်ဒေါ်လာ ၂၆ ထရီလီယံရင်းနှီးမြှုပ်နှံမှသာ အခြေခံအဆောက်အအုံလစ်ဟာမှုပြဿနာကို ဖြေရှင်းနိုင်ပြီး တိုးတက်မှုအရှိန်အဟုန်ကို ထိန်းသိမ်းထားနိုင်မည်ဟု သိရသည်။

Myanmar Investment Forum ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ တွင် ဇွန် ၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပုဂ္ဂလိကအခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများ၊ စွမ်းအင်၊ အဆောက်အအုံနှင့် လမ်းစသည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအခွင့်အလမ်းနှင့် အထူးစီးပွားရေးဇုန်များတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ အခွင့်အလမ်းများ၊ မြန်မာနိုင်ငံအတွင်း ဘဏ္ဍာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု၊ စီမံခန့်ခွဲမှုနှင့် အခွန်စည်းကြပ်ကောက်ခံမှုနှင့် ပြည်ပရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦးက "ဒီဖိုရမ်ကို ပုဂ္ဂလိကကဏ္ဍက ဦးဆောင်ပြီးတော့ Private Sector တွေကိုပဲ အဓိကဦးစားပေးဖိတ်ကြားဆောင်ရွက်တဲ့ပွဲဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့ပွဲဖြစ်တဲ့အတွက် တကယ့်ကို မြန်မာနိုင်ငံအပေါ်မှာ စိတ်ဝင်စားပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ချင်တဲ့ နိုင်ငံခြားသားတွေရော၊ ပြည်တွင်းမှာ လက်ငုတ်လက်ရင်း လုပ်နေတဲ့သူတွေရော၊ ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီး စိတ်ဝင်စားတဲ့ပုဂ္ဂိုလ်တွေရော လာတက်ကြပါတယ်။

"ဒီဖိုရမ်မှာ ဆွေးနွေးမယ့်ကိစ္စတွေက မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုဆိုင်ရာကိစ္စတွေနဲ့ စီးပွားရေးလုပ်ငန်းနဲ့ဆက်စပ်တဲ့ ကိစ္စအားလုံးကို သက်ဆိုင်ရာ ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်တွေက ဆွေးနွေးပြီး နောက်ဆုံးအခြေအနေကို တင်ပြသွားမှာဖြစ်တဲ့အတွက်ကြောင့် မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနဲ့ ပိုမိုဝင်ရောက်လာရေးအတွက် အများကြီးအထောက်အကူဖြစ်မယ်"ဟု သုံးသပ်သည်။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံခြား မတည်ငွေရင်းနှင့် ကုန်သွယ်မှုတို့ကို အဓိကအားထားနေရကြောင်း၊ လိုအပ်သည့် နိုင်ငံခြားမတည်ငွေရင်းများ နိုင်ငံတွင်းသို့ များစွာ ဝင်ရောက်လာစေရန်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် အဓိကမောင်းနှင်အားဖြစ်လာကြောင်း စီးပွားရေးပညာရှင်များက သုံးသပ်ကြသည်။

ထို့ပြင် ဦးအောင်နိုင်ဦးက "အားလုံးသိတဲ့အတိုင်းပဲ၊ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ် စပြီးအသက်ဝင်ကျင့်သုံးနေပါပြီ။ မနှစ်ကတော့ ရင်းနှီးမြှုပ်နှံမှုနည်းနည်းကျတယ်။ ဒီနှစ်ကတော့ မအေးပါဘူး။ ဒီနှစ်က နှစ်လအတွင်းမှာ အမေရိကန်ဒေါ်လာ သန်းတစ်ထောင်လောက်ဝင်သွားပါပြီ။ အလားအလာကောင်းတဲ့နှစ်ဖြစ်ပါတယ်။ ဒီထက်ပိုကောင်းအောင် လုပ်ရမယ့်ကိစ္စတွေ၊ ပိုဝင်အောင်လုပ်ရမယ့်ကိစ္စတွေ အများကြီးကျန်ပါသေးတယ်"ဟု ပြောသည်။

ကမ္ဘာ့ဘဏ်၏ Doing Business Report (2014) အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ကိုင်ဆောင်ရွက်မှုအဆင့် ၁၈၂ ဖြစ်ခဲ့သော်လည်း ယခု ၂၀၁၇ ခုနှစ် အစီရင်ခံစာတွင် မြန်မာနိုင်ငံသည် အဆင့် ၁၇၀ သို့ တက်လှမ်းနိုင်ခဲ့ကြောင်း၊ နိုင်ငံတကာအဖွဲ့ အစည်းအချို့၏ ကြိုတင်ခန့်မှန်းချက်တွင် ၂၀၃၀ ပြည့်နှစ်အထိ နိုင်ငံအတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ဘီလီယံ ၆၅၀ ဖြစ်ပြီး အခြေခံအဆောက်အအုံအတွက် လိုအပ်သည့်ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၂၀ ဖြစ်ကြောင်း သိရသည်။

ယခုဖိုရမ်ကို မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာလုပ်ကိုင်ဆောင်ရွက်နိုင်ရန်၊ ပြည်တွင်းကုမ္ပဏီများနှင့် နိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် ကမ္ဘာ့ဈေးကွက်ကို ချဲ့ထွင်နိုင်ရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**မော်စီ၊**
**ကျော်သူထက်**

■

# ထောက်ပံ့ကြေးရပြီဆိုတော့ မိုးမကျမီ နေလို့ရအောင် အိမ်အမြန်ပြန်ဆောက်မယ်

**(ဦးအောင်စံသိန်း)**

မောင်တော ဇွန် ၆

**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဆိုင်ကလုန်းမုန်တိုင်း မိုရာ တိုက်ခတ်မှုကြောင့် လူနေအိမ်များ ပြိုကျပျက်စီးခဲ့သည့် မောင်တောနှင့် ဘူးသီးတောင်မြို့နယ်အတွင်း ကျေးရွာများသို့ သွားရောက်ကာ လူနေအိမ်များအား မိုးမကျမီ အချိန်မီပြန်လည်ဆောက်လုပ်နိုင်ရန် ငွေကြေးများ ထောက်ပံ့ပေးအပ်ခဲ့သည်။**

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနအနေဖြင့် မောင်တောခရိုင်တွင် မုန်တိုင်းကြောင့် ပြိုကျပျက်စီးသွားသည့် လူနေအိမ်များအတွက် ကူညီထောက်ပံ့နိုင်ရန် ခရိုင်အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာန၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူလူထုပူးပေါင်းပြီး ပြိုကျပျက်စီးသွားသည့် လူနေအိမ်များ စာရင်းဇယားတွင် မကျန်ရှိစေရေး၊ စာရင်းဇယားဖောင်းပွမှု မဖြစ်စေရေးနှင့် အမှန်တကယ်လိုအပ်သည့် နေရာများတွင် ထောက်ပံ့နိုင်ရန် စိစစ်ဆောင်ရွက်လျက်ရှိသည်။

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၏ ငွေကြေးထောက်ပံ့မှုဖြင့် နေအိမ်များ ပြန်လည်ဆောက်လုပ်ရန် ပြင်ဆင်နေသည့် ဒေသခံများအား တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။

**ဦးအောင်ထွန်းလှ(မောင်တောမြို့နယ်၊ ရွှေရင်အေးကျေးရွာအုပ်ချုပ်ရေးမှူး)**

ဒီရွာမှာ မုန်တိုင်းကြောင့် လူနေအိမ် ၁၄လုံးနဲ့ ဘုန်းကြီးကျောင်းတစ်ကျောင်းပျက်စီးသွားတယ်။ ပျက်စီးသွားတဲ့ အိမ်တွေကို ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေး ဦးစီးဌာနက ငွေကြေးထောက်ပံ့သွားတယ်။ အိမ်တွေပြန်ဆောက်ဖို့အတွက် ရပ်ရွာကလည်း ဝိုင်းပြီး တတ်နိုင်သလောက် လုပ်အားဖြစ်စေ ကူညီရမှာပါ။ ထောက်ပံ့တဲ့ငွေက အိမ်ပြန်ဆောက်ဖို့တော့ မလောက်နိုင်ဘူး။ ကိုယ့်ဘာသာကိုယ်လည်း နည်းနည်းစိုက်ရမှာပါ။

**ဦးအောင်စံသိန်း(မောင်တောမြို့နယ်၊ ရွှေရင်အေးကျေးရွာ)**

အိမ်မှာက လင်မယားနှစ်ယောက်တည်းနေတာ။ ဒီမှာနေတာ ၁၇ နှစ်ရှိပြီ။ မုန်တိုင်းက တစ်ညလုံးတိုက်တာ။ မနက်လင်းခါနီး အိမ်ပြိုသွားတယ်။ အခုသူများအိမ်မှာ ခဏနေရတယ်။ ထောက်ပံ့ကြေးရပြီဆိုတော့ မိုးမကျမီ နေလို့ရအောင် အိမ်တော့ အမြန်ပြန်ဆောက်မယ်။ မုန်တိုင်းဒဏ်က ဒီဒေသမှာ အမြဲခံစားရတယ်။

**ဦးဘထွန်း (မောင်တောမြို့နယ်၊ ကန်မြင်သာစည်ကျေးရွာ အုပ်ချုပ်ရေးမှူး)**


ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ငွေကြေးမထောက်ပံ့ခင်ကတည်းက ရွာသားတွေစုပြီး ပျက်တဲ့အိမ်တွေ ပြန်ပြင်ခဲ့တယ်။ ဒီရွာမှာမုန်တိုင်းကြောင့် လူနေအိမ် ၁၇လုံးပျက်တာ။ ၁၆ လုံးပြင်ပြီးပြီ။ ကျန်တဲ့တစ်အိမ်က သစ်ဖိုးမတတ်နိုင်လို့ မပြင်ရသေးဘူး။ လာထောက်ပံ့ပြီဆိုတော့ ကျန်တဲ့အိမ်လည်း အမြန်ပြင်မှာပါ။ ဒီရွာမှာက တောင်ယာ၊ လယ်နဲ့ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်တယ်။ မုန်တိုင်းဒဏ်လည်း မကြာခဏခံရတယ်။ အိမ်တွေလည်း မုန်တိုင်းကြောင့် ပျက်ရတယ်။

**ဒေါ်အမ်ဘီယာခါတူ (မောင်တောမြို့နယ်၊ ဝါးချကျေးရွာအုပ်စု)**


အလုပ်က စိုက်ပျိုးရေးလုပ်ပါတယ်။ မိသားစုခုနစ်ဦး ရှိပါတယ်။ အခုအိမ်ကပြိုသွားလို့ သူများအိမ်မှာကပ်နေရတယ်။ ငွေမတတ်နိုင်လို့ ပြန်မဆောက်နိုင်သေးဘူး။ အခုထောက်ပံ့ငွေရပြီဆိုတော့ အိမ်ပြန်ဆောက်မယ်။ ရွာထဲကအိမ်တွေကတော့ အပျက်အစီးနည်းတယ်။

**ဒေါ်နုရ်ရုဂျာန်(မောင်တောမြို့နယ်၊ အုန်းတောကျေးရွာအုပ်စု၊ အနောက်ရွာ)**

မိသားစုငါးဦးရှိပါတယ်။ မုန်တိုင်းတိုက်တဲ့ညမှာပဲ အိမ်ကပြိုကျသွားတယ်။ အခုဆွေမျိုးတွေ အိမ်မှာနေတယ်။ လောလောဆယ်တော့ ဘယ်အဖွဲ့အစည်းမှ လာထောက်ပံ့တာမရှိဘူး။ အစိုးရကပဲထောက်ပံ့ပါတယ်။ အိမ်ကို အမြန်ပြန်ဆောက်မှာပါ။




ဦးအောင်ထွန်းလှ




ဦးအောင်စံသိန်း



ဦးဘထွန်း



ဒေါ်အမ်ဘီယာခါတူ



ဒေါ်နုရ်ရုဂျာန်

**တွေ့ဆုံမေးမြန်း-မင်းသစ်(MNA)**
**ဓာတ်ပုံ-ရဲထွန်း**

# ရွှေကိုင်းသား၏ "ရှေးခေတ်ပုဂံပြည်နှင့် သမိုင်းစာပေ၊ ယဉ်ကျေးမှု အထွေထွေ"

—• မြင့်ဆွေဦး •—

ဆရာတော်ရွှေကိုင်းသား၏ ၁၉၃၃ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း လူထု၊ ဟံသာဝတီ၊ လုပ်သားပြည်သူနေ့စဉ်သတင်းစာများ၊ လူထုဂျာနယ်၊ စာရေးဆရာ စာစောင်၊ သူရိယ၊ ကြီးပွားရေး၊ ရှုမဝ၊ မြဝတီ၊ ပန်းချီမဂ္ဂဇင်းများတွင် ဖော်ပြခဲ့သော ဆောင်းပါးများကို စုစည်းထားခြင်းဖြစ်သည်။ ဆရာတော် ရွှေကိုင်းသား၏ စာများကို သမိုင်း၊ ဘာသာစာပေ၊ ယဉ်ကျေးမှုအထွေထွေဟူ၍ ကဏ္ဍသုံးခုခွဲ၍ ဖော်ပြထားသည်။

ဆရာတော်ရွှေကိုင်းသားသည် ၁၉၁၂ ခုနှစ် ဇန်နဝါရီလ ၅ ရက် (သောကြာနေ့)တွင် မွေးဖွားခဲ့သည်။ ငယ်အမည်မှာ မောင်ထွန်းလှိုင်ဖြစ်သည်။ စစ်ကိုင်းမြို့ တကောင်းရပ် ဆရာကြီး ဦးဘိုးလူ အလယ်တန်းကျောင်းတွင် တတိယတန်းအထိ ပညာသင်ကြားခဲ့သည်။ စတုတ္ထတန်းတွင် ရွှေတောဦးမော် အထက်တန်းကျောင်းသို့ ပြောင်းခဲ့သည်။ ထို့နောက် ရန်နိုင်ရပ် ဦးတိုးကျောင်းသို့ ပြောင်းသည်။ ယင်းကျောင်း၌ ၁၉၂၈ ခုနှစ် အသက်(၁၆)နှစ်အရွယ်တွင် တိုင်းရင်းမြန်မာဘာသာဖြင့် သတ္တမတန်းအောင်မြင်ခဲ့သည်။ ထို့နောက် စစ်ကိုင်းမြို့ ချင်းစုရပ် ဆရာကြီး ဦးဘသန်းထံတွင် ပန်းချီနှင့် ဓာတ်ပုံပညာကို သင်ယူသည်။ ဗေဒင်နှင့် နက္ခတ်ကြည့်နည်းကိုလည်း သင်ယူသည်။ ၁၉၃၀ ပြည့်နှစ်တွင် ပျဉ်းမနားမြို့ နော်မန်ကျောင်းမှ မူလတန်းဆရာဖြစ်သင်တန်းကို 'အေ'အဆင့်ဖြင့် အောင်မြင်သည်။ သို့ရာတွင် ကျောင်းဆရာမလုပ်ဘဲ ၁၉၃၁ ခုနှစ် ဧပြီလမှစ၍ မန္တလေးမြို့ ကမ္ဘည်းကျောက်စာရုံး၌ ပုံဆွဲစာရေးအဖြစ် ဝင်ရောက်အမှုထမ်းခဲ့သည်။ ကျောက်စာဝန် ပြင်သစ်လူမျိုး ချားလ်ဒူရွိုင်းဇယ်လက်ထက်မှသည် ကျောက်စာဝန် ဦးမြ၊ ဦးလူဖေဝင်းတို့ လက်ထက်အထိ ၁၁ နှစ်ကြာ အမှုထမ်းခဲ့သည်။ ဆရာကြီးများ၏ နည်းပေးလမ်းညွှန်မှုများနှင့် စာပေရေးသားပြုစုမှုစတင်ခဲ့သည်။ ပထမဆုံးစာမူမှာ ၁၉၃၂ ခုနှစ် စက်တင်ဘာ ၁၈ ရက်နေ့ထုတ် သူရိယရုပ်စုံသတင်းစာတွင်ပါသည့် (မင်းရှင်စော) ဆောင်းပါးဖြစ်သည်။ ထိုစဉ်က ကလောင်အမည်မှာ (ရတနာပုံလှိုင်အေး)ဟူ၍ ဖြစ်သည်။ ရတနာပုံဖိုးမှတ်စု၊ မှတ်စုမောင်၊ မန္တလေးလှိုင်၊ စစ်ကိုင်းဘိုးရာဇာ၊ မန္တလေးသား၊ ရွှေကိုင်းသား၊ ဦးသောဘိတ စသော ကလောင်အမည်များကိုလည်း အသုံးပြုခဲ့သည်။ ပန်းချီ၊ ကာတွန်းနှင့် ဓာတ်ပုံပညာတွင်လည်း ထူးချွန်သည်။

၁၉၄၄ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် ရဟန်းဘောင်သို့ဝင်သည်။ ဦးလေးတော်သူ အနုရုဒ္ဓါချောင် ဆရာတော်၏ အရိုက်အရာကို ဆက်ခံသည့်အနေဖြင့် စစ်ကိုင်းတောင်ရိုး အနုရုဒ္ဓါချောင်တွင် သီတင်းသုံးခဲ့သည်။ စာပေ၊ ယဉ်ကျေးမှုအနုပညာနှင့် သမိုင်းကြောင်းဆိုင်ရာများတွင် ထဲထဲဝင်ဝင် လေ့လာခဲ့၊ သုတေသနပြုခဲ့၊ ရေးသားခဲ့သည်။ ပြုစုသော စာအုပ်အချို့မှာ မန္တလေး၊ နှစ် (၁၀၀)ပြည့် မန္တလေး၊ ဆင်ယင်ထုံးဖွဲ့မှု၊ ဝက်မစွတ် မြို့စား၊ ဒုတိယနှစ်ဒေး၊ ပိတောက်ချောင် နှစ် (၂၀၀)ပြည့်သမိုင်း၊ ပတ္တမြားစေတီ ဘုရားသမိုင်း၊ ပုညရှင်ဘုရားသမိုင်း၊ ရတနာစေတီဆင်များရှင်ဘုရားသမိုင်း၊ လောကမကိုဋ်ဘုရားသမိုင်း၊ ရွှေကြက်ယက်ဘုရားသမိုင်း၊ အင်ကြင်းတောဘုရားသမိုင်း၊ ရွှေဂူမြို့ ရွှေအံတော်ဘုရားသမိုင်း၊ စစ်ကိုင်းမြို့ ထူပါရုံဘုရားသမိုင်း၊ ပုဂံသွားမှတ်တမ်း၊ စသည်တို့ဖြစ်သည်။ ယင်းတို့အနက် မန္တလေး ဆင်ယင်ထုံးဖွဲ့မှုနှင့် နှစ် (၁၀၀) ပြည့် မန္တလေးတို့မှာ အထူးထင်ရှားသည်။ "ဆင်ယင်ထုံးဖွဲ့မှု"ဖြင့် ၁၉၅၁ ခုနှစ် စာပေဗိမာန်၊ စာပဒေသာဆုရခဲ့သည်။

၁၉၈၇ ခုနှစ် ဇွန် ၂၉ ရက်တွင် ပျံလွန်တော်မူသည်။

ဤစာအုပ်တွင် အရှင်သုမင်္ဂလ(စစ်ကိုင်း)က "ဓလေ့သမိုင်းရေးတဲ့ပုဂ္ဂိုလ်ကျော်" ဟူ၍ အမှာစာရေးပေးထားသည်။ ထိုအမှာစာတွင် "ဆရာတော်က ရှေးဟောင်းပစ္စည်းအမျိုးမျိုးကို ရှာဖွေစုဆောင်းခြင်း၌ ဝါသနာထုံသည်။ စာတစ်ပုဒ်ကိုရေးရာ၌ ဖွဲ့နပဲကြီးလှသည်။ အချက်အလက်ခိုင်မာစေဖို့ ကာလကြာရှည်လေ့လာဖတ်မှတ်စုဆောင်းခဲ့သည့် ပုဂ္ဂိုလ်တစ်ပါးအဖြစ်ထင်ရှားသည်။ မိုးတား ဝန်ထောက်မင်း၏ ပေမူနှင့် ပုရပိုက်များကို လေ့လာခွင့်ရစဉ်က ထိုထို အချက်အလက်တို့ကို သုံးနှစ်တိုင်တိုင် ကူးယူလေ့လာပြီးမှ ဆောင်းပါးများကို စတင်ရေးသားသည်ဆိုသည့် အဆိုထောက်၍ ဆောင်းပါးတစ်ပုဒ်အတွက် ဆရာတော်ပေးဆပ်ခဲ့ရသည့် အရင်းအနှီးနှင့် ဆရာတော် ဖွဲ့လုံ့လအားကြီးမှုကို ခန့်မှန်းနိုင်ပါသည်"ဟု ဆိုခဲ့သည်။

ကိုယ်နှိုက်က ပန်းချီပညာကို လေ့လာတတ်မြောက်ထားသူဆရာတော်သည် ပုဂံရှိ နံရံဆေးရေးပန်းချီများအကြောင်းကိုလည်း မှတ်တမ်းတင်ခဲ့သည်။ မင်းနန်သူဘုရားကျောက်စာ၌ "ဇာတ်ငါးရာလည်းအတင့်အတယ်ရေး၏" ဟု မှတ်တမ်းပါရှိလေရာ "တကယ်လည်းတွေ့ရသည်။ သို့သော်အပျက်အစီးများလှသဖြင့် စုံစုံစေ့စေ့မတွေ့နိုင်တော့ပေ"ဟု ဆရာတော်ကဆိုသည်။ ပုဂံတွင်လက်ရာအကောင်းဆုံးသော ဇာတ်ဆေးရေးကားများကို စက်ကြီးအင်း၊ ဂူပြောက်ကြီးဘုရား၌ တွေ့နိုင်ကြောင်း၊ အပျက်အစီးနည်းပြီး လက်ရာကလည်းကောင်းလှသဖြင့် နိုင်ငံခြားသားများပင် မျက်စိကျခဲ့ဖူးလေရာ ဇာတ်ရေဆေးကား တစ်ဝက်ကျော်ကျော်လောက်သည် ဂျာမနီပြည် ဘာလင်ပြတိုက်သို့ရောက်ရှိသွားပြီဟု သိရကြောင်းလည်း နှမြောတသစိတ်ဖြင့် ဆိုခဲ့သည်။

ကျော်အောင်စံထားကျောင်းနေရာကို လေ့လာစဉ်က ဒူးဆစ်ပေါင်လယ်မျှ မြုပ်သော ငွေစင်ချောင်းကို ဖြတ်ကျော်၍ လေ့လာခဲ့ခြင်း၊ လေးထပ်ကြီးဘုရားနှင့် အခြားသော ကျောင်းတော်ရာများရှိ မြို့ပျက်လုလုအုတ်ပုံအကြိုအကြားသို့ ကွင်းဆင်းလေ့လာခဲ့ခြင်း၊ မြင်းမိုရ်တောင်ခါးပန်းမှ နေရထား၊ လရထားများကို ဓာတ်ပုံရိုက်စဉ်က အုတ်ကျိုးအုတ်ပဲ့ကို နင်းမိ၍ လိမ့်ကျခဲ့ရခြင်းများပင်ရှိခဲ့ကြောင်း " ရွှေဝသား" စာတစ်ပုဒ်အရ သိရသည်။ ထိုဆောင်းပါး စာအရ အင်းဝကို ကွင်းဆင်းလေ့လာရာ၌ ဆရာတော်၏ အသိငတ်မွတ်မှုနှင့် ဖွဲ့နပဲကြီးမားပုံကို မှန်းဆခံစားနားလည်နိုင်ပါသည်ဟု အမှာစာတွင် ဖော်ပြခဲ့သည်။

ဆရာတော်ရွှေကိုင်းသားသည် "စာပေဂုဏ်မြောက်သော ပုဂံဘုရားရှိခိုးတစ်ပုဒ်" ဆောင်းပါးတွင် ကျောက်စာဝန်တော်စိန်ခို တောင်းပန်ချက်ဖြင့် ပုဂံမြို့ဖွားစောရွှာ ငါးရွှာအုပ်သူကြီးမင်း ဦးထွန်းဦး ရွတ်ခြည်းစပ်ဆိုခဲ့သော ပုဂံဘုရားရှိခိုးတစ်ပုဒ်ကို တင်ပြခဲ့သည်။


ကျောက်စာဝန်တော်စိန်ခို၏ တောင်းပန်ချက်ကြောင့် ဖြစ်ပေါ်လာရသည်ကို ထောက်သော် ကုန်ခဲ့သည့် အနှစ် ၃၀ ကျော် ၄၀ ခန့်လောက်က ရေးသားခဲ့သည့် စာတစ်ပုဒ်ဟု အကြမ်းဖျင်းခန့်မှန်းနိုင်သည်။ ကျွန်ုပ်တို့သိရသမျှမှာ ၎င်းဖွားစောရွာသူကြီး ဦးထွန်းဦးဆိုသူမှာ အကြားအမြင်ဗဟုသုတနှင့် ပြည့်စုံပြီး စာရေးကောင်းသူတစ်ဦးဟု သိရှိရပေသည်။ ၎င်း၏လက်ရာအချို့ကို "ပုဂံမြို့ ဘုရားတစ်ဆယ့်ခုနစ်ဆူသမိုင်း"တွင် တွေ့ရသည်။

ကျောက်စာဝန်နှင့် ဖွားစောသူကြီးမှာ အမြင်တစ်မျိုးစီရှိ၍ ပုဂံဘုရားဟောင်းများကို လှည့်လည်ကြည့်ရှုခိုက်ဖြစ်၍ ဘုရားရှိခိုးဆုတောင်းနေရာ၌ "တာပသန္တ၊ ရှိခိုးရသော အကျိုးအားကြောင့် ခုမြင်းပေါ်ကကျ ၊ နိဗ္ဗာန်ရရပါလို၏" ဟု ဖွားစောသူကြီးက ဆုတောင်းလိုက်သောဟူ၏။ ထိုအခါ ကျောက်စာဝန်တော်စိန်ခိုက ခုချက်ချင်း နိဗ္ဗာန်လိုက်ရမည်ဆိုသော် တစ်ဆိတ်မြန်လွန်းသဖြင့် ဆုတောင်းကိုပြင်ပါဦးဟု ဆိုလေရာ "တာပသန္တ၊ ရှိခိုးရသော၊ အကျိုးအားကြောင့်၊ ရိုးသားမှန်စွာ ဆုတောင်းပါမည်၊ သက်တစ်ရာကျော်၊ ငါးနှစ်ပေါ်မှ၊ ပြည်တော်ခေမာ၊ နိဗ္ဗတာသို့၊ သက်သာဖြည်းဖြည်း၊ရောက်အောင်ပို့တော်မူပါ၊ ခုရှိခိုးရင်း၊ ပူအပြင်းလျှင်၊ လက်ငင်းမလိုက်ဝံ့သေးပါဘုရား၊ မြတ်ရှင်စော၊ ဩကာသ၊ ဩကာသ"ဟု သူကြီးက ပြင်လိုက်ရသည်ဟူ၏။

'အမျိုးသားအလံတော်မှ နိုင်ငံတော်အလံသို့' ဆောင်းပါးတွင် မြန်မာနိုင်ငံတော်၏ အလံများအကြောင်း ခေတ်အဆက်ဆက် ပေါ်ပေါက်လာသော အလံတော်များအကြောင်းကို တင်ပြခဲ့သည်။

ယင်းသည် တော်လှန်ရေးကြီးအပြီးမှာပင် နှစ်စဉ်ပြုလုပ်မြဲဖြစ်သော (၂၆) ကြိမ်မြောက် အမျိုးသားနေ့ကြီးကျင်းပရန် အချိန်ရောက်လာပြန်သည့်အခါ အမျိုးသားနေ့နှင့်တွဲ၍ ခါတော်မီဖြစ်ပေါ်စေတတ်သည့် အမျိုးသားအလံနေရာလုမှု မဖြစ်ပေါ်စေခြင်းငှာ (၂၆)ကြိမ်မြောက် အမျိုးသားကော်မတီက အသင်းအဖွဲ့ပေါင်းစုံ၏ ဆန္ဒအရ အောက်ပါပြဋ္ဌာန်းချက်ကို အတည်ပြု ပြဋ္ဌာန်းပေးလိုက်လေသည်။

ယင်းပြဋ္ဌာန်းချက်ကား 'မလွတ်လပ်သေးသော ကျွန်ုပ်တို့နိုင်ငံတွင် ဒီမိုကရေစီအခွင့်အရေးများ ပြည့်ဝစွာ မရနိုင်သည်ကတစ်ကြောင်း၊ တစ်မျိုးသားလုံးနှင့် သက်ဆိုင်သော အမျိုးသားအလံတစ်ခု ရွေးချယ်သတ်မှတ်ရာတွင် ဒီမိုကရေစီအစဉ်အလာ နည်းလမ်းအစစ်အမှန်နှင့်ကင်း၍ မပြုသင့်မည်ကတစ်ကြောင်း၊ ထို့ကြောင့် တိုင်းပြုပြည်ပြု လွှတ်တော်ကြီးခေါ်ဆိုကျင်းပပြီးသည့်နောက် လွတ်လပ်သော အမျိုးသားအစိုးရအဖွဲ့မှ အမျိုးသားအလံတော်တစ်ခုကို မသတ်မှတ်နိုင်သေးမီကာလအတွင်းတွင် လုံးဝလွတ်လပ်ရေးကို မမိုတ်မသုန် ရှေးရှုတော်လှန်တိုက်ခိုက်ခဲ့သော သွေးအနီရောင်ခံ ထောင့်ကြယ်ဖြူပါသည့် တော်လှန်ရေးအလံကိုပင် အမျိုးသားအလံတော်အဖြစ်ဖြင့် ယာယီသတ်မှတ်အသုံးပြုသင့်သည်ဖြစ်သဖြင့် ယခုနှစ် ၁၃၀၈ ခုနှစ် အမျိုးသားနေ့ကျင်းပရာ၌ တော်လှန်ရေးအလံတော် လွှင့်ထူရန် မူဖြစ်ပေသည်။ ယင်းသို့အားဖြင့် တော်လှန်ရေးအလံကြီးသည် အမျိုးသားအလံတော်နေရာတွင် ယာယီအားဖြင့် နေရာယူလိုက်လေတော့သည်'ဟု အမျိုးသားအလံတော်သမိုင်းတွင် တော်လှန်ရေးနေ့အလံသည် အမျိုးသားအလံတော်အဖြစ် နေရာယူခဲ့ပုံကို ဖော်ပြခဲ့လေသည်။ ။




## ချင်းတွင်းမြစ်ကမ်းပြိုကျမှုကြောင့် နေအိမ်များပြောင်းရွှေ့ရ

**ရေစကြို ဇွန် ၆**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် နွယ်နီကျွန်းကျေးရွာအုပ်စု နွယ်နီကျွန်းကျေးရွာတွင် ချင်းတွင်းမြစ်ရေတိုက်စားခြင်းကြောင့် ကမ်းပါးပြိုကျမှုများ ဖြစ်ပေါ်လာရာ ကမ်းပါးနှင့်နီးသော လူနေအိမ်များ ဘေးလွတ်ရာသို့ ဇွန် ၅ ရက် နံနက် ၇ နာရီက စတင်ပြောင်းရွှေ့ရာ နေအိမ် ၁၂ လုံးတွင် နေထိုင်ကြသော အမျိုးသား ၃၂ ဦး၊ အမျိုးသမီး ၃၅ ဦး အိမ်မွေးတိရစ္ဆာန်များ၊ အိမ်ထောင်ပစ္စည်းများအား ၎င်းတို့၏နီးစပ်ရာ ဆွေမျိုးသားချင်းများ နေအိမ်တွင် ယာယီပြောင်းရွှေ့ခဲ့ရသည်။

အဆိုပါ နေအိမ်မိသားစုများပြောင်းရွှေ့ရာကျေးရွာသို့ ရေစကြိုမြို့နယ်သဘာဝဘေးအန္တရာယ် ကြီးကြပ်ကာကွယ်စောင့်ရှောက်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်၏ ကြီးကြပ်မှုနှင့်အတူ မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးညီညီအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

**နေပြည်တော် ဇွန် ၆**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ပြဇာတ်စာပေ ဒုတိယဆုရရှိသည့် ဇင်မင်း(သမိန်ထော)၏ တောဟေဝန်လယ် တောင်စွယ်ဝေယန်ဦး စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်သည် ကျေးလက်ဒေသတစ်ခုကို နောက်ခံထားပြီး အတွေးအယူဟောင်းများရှိနေသည့် အချို့ကျေးလက်နေ လူများနှင့် ခေတ်ပညာတတ်၊ စာတတ်လူငယ်များကို ဇာတ်ဆောင်ပြုကာ အသိမှန်အမြင်မှန်ဖြင့်သာ လောကနှင့် လူသားဘဝများ အကျိုးပြုနိုင်ပုံကို စင်တင်ပြဇာတ်အနေဖြင့် ရေးဖွဲ့ထားခြင်းဖြစ်သည်။ ဤတွင် ကျိန်စာတစ်ခုကို အကြောင်းပြု၍ လက်စားချေဝါဒ လက်ကိုင်ပြုထားသူကို ပညာဉာဏ်နှင့်ယှဉ်၍ အစွဲချွတ်ပြီး လက်တွေ့လောကနှင့် ဘဝထဲဆွဲခေါ်ကာ လောကနှင့် လူသားအကျိုးပြုလုပ်ငန်းများ အတူယှဉ်တွဲ လုပ်ဆောင်ကြပုံကို အချစ်ဇာတ်လမ်းများနှော၍ ရေးသားထားသည်။ ယနေ့ စာပေလောက၌ ရှားပါးနေသော ပြဇာတ်စာပေကို ဖတ်ရှုလိုသူ ပရိသတ်များအတွက် အာသာပြေစေမည့်စာအုပ်ဖြစ်သည်။

ရောင်းဈေး ၆၀၀ ကျပ်ဖြင့် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ်(တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း - ၀၆၇-၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၂-၃၀၁၈၆ နှင့် အမြို့မြို့အနယ်နယ်ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ်( ၅၂၉-၅၃၁)၊ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁ -၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဓာတုပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းဖွင့်

**နေပြည်တော် ဇွန် ၆**
စက်မှုဝန်ကြီးဌာနနှင့် ဆွီဒင်နိုင်ငံ ဓာတုပစ္စည်းအေဂျင်စီ (KEMI) တို့ပူးပေါင်း၍ Sound Chemicals' Management သင်တန်းဖွင့်ပွဲကို ဇွန် ၅ ရက်တွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စက်မှုဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင်က ယခုသင်တန်းတွင် EU နှင့် ဆွီဒင်နိုင်ငံတို့၌ လက်တွေ့ကျင့်သုံးလျက်ရှိသော ကမ္ဘာလုံးဆိုင်ရာဓာတုပစ္စည်း စီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းနှင့် ကျင့်စဉ်ကောင်းများကို သင်ကြားပို့ချပေးမည်ဖြစ်၍ မိမိတို့နိုင်ငံ၏ ဓာတုပစ္စည်းစီမံခန့်ခွဲမှုကဏ္ဍကို များစွာ အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ဓာတုပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ၎င်းတို့ရင်ဆိုင်ခဲ့ရသော အခက်အခဲများ၊ အတွေ့အကြုံများနှင့် ဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်းများကို မျှဝေပေးမည်ဖြစ်၍ ဓာတုပစ္စည်းစီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် များစွာအထောက်အကူ ပြုနိုင်မည်ဖြစ်ကြောင်း၊ တက်ရောက်လာသော သင်တန်းသားများက သေချာစွာ လေ့လာမှတ်သားပြီး မိမိတို့၏ လက်တွေ့လုပ်ငန်းခွင်တွင် အကောင်းဆုံးပြန်လည်အသုံးချသွားရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။




ဆက်လက်၍ ဆွီဒင်နိုင်ငံ Chemical Agency မှ အပြည်ပြည်ဆိုင်ရာ အကြံပေးဖြစ်သူ Ms. Jenny Ronngren နှင့် Mr. Ule Johansson တို့က CLMV နိုင်ငံများတွင် ဓာတုပစ္စည်းစီမံခန့်ခွဲမှု လုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံတွင် ရှေ့ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ဇွန် ၅ ရက်မှ ၇ ရက်အထိ သုံးရက်ကြာ ကျင်းပမည်ဖြစ်သည်။

**(သတင်းစဉ်)**

# သောက်သုံးရေရှားပါးသည့်ဒေသများသို့ ရေဂါလန် ၄၀၀၈၅၀ ဖြန့်ဝေ

**နေပြည်တော် ဇွန် ၆**
နွေရာသီကာလတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ သောက်သုံးရေ ရှားပါးပြတ်လပ်မှုဖြစ်ပေါ်လျက်ရှိရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ရေရှားပါးမှုဖြစ်ပွားသည့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အခြားသောဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ ပြည်သူများ သောက်သုံးရေရရှိစေရန် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

သောက်သုံးရေရှားပါးမှုဒဏ်ကို ခံစားရသည့် ပြည်သူများအတွက် ဧပြီ ၆ ရက်မှ မေ ၃၁ ရက်အထိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနအနေဖြင့် သောက်ရေဂါလန်စုစုပေါင်း ၄၀၀၈၅၀ နှင့် သောက်သုံးရေသန့်လီတာ ၂၀ ပါ ဘူးပေါင်း ၂၇၅၅ ဘူးတို့ကို တိုင်းဒေသကြီးနှင့် ပြည်နယ် ရှစ်ခုရှိ မြို့နယ်ပေါင်း ၂၈ မြို့နယ်သို့ ဖြန့်ဝေပေးခဲ့ခြင်းအတွက် ငွေကျပ် ၁၀ ဒသမ ၄၇၈၉၅ သန်း၊ ရေသန့်စက် လေးလုံး၊ ရေကန် ခုနစ်ကန်၊ အဝီစိတွင်း တစ်တွင်း နှင့် အုတ်စီရေတွင်း တစ်တွင်းတို့အတွက် စုစုပေါင်းငွေကျပ် ၆၂သန်း၊ စုစုပေါင်းငွေကျပ် ၇၂ ဒသမ ၄၇၈၉၅ သန်း ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

❑

# ချင်းပြည်နယ် စီးပွားရေးသင်တန်းကျောင်း၌ စီးပွားရေးဆိုင်ရာသင်တန်းဖွင့်

**မင်းတပ် ဇွန် ၆**
ချင်းပြည်နယ် စီးပွားရေးသင်တန်းကျောင်း (CSBI) ၏ စီးပွားရေးဆိုင်ရာ သင်တန်းအမှတ်စဉ် (၂) ဖွင့်ပွဲကို ဇွန် ၅ ရက်တွင် မင်းတပ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်သူ့ဝန်ဆောင်မှုရုံး(OSS) ခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ချင်းပြည်နယ် စီးပွားရေးသင်တန်းကျောင်း(CSBI) စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ (ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး) ကိုယ်စား မင်းတပ်ခရိုင် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးစိုးသိန်း (မင်းတပ်ခရိုင် အုပ်ချုပ်ရေးမှူး)က အဖွင့်အမှာစကား ပြောကြားပြီး ရန်ကုန်မြို့ Strategy First Institute of Principal ဦးအောင်ချစ်ခင်နှင့် Travel and Tourism Managment ဆရာမ ဒေါ်သီတာဟန်တို့က ဘာသာရပ် မိတ်ဆက်စကား ပြောကြားကြသည်။




အဆိုပါသင်တန်းတွင် ဘာသာရပ် သုံးမျိုးကို သုံးနေရာခွဲ၍ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၁၂၉ ဦး တက်ရောက်ကာ ဇွန် ၅ ရက်မှ ၉ ရက်အထိ ကြာမြင့်မည်ဖြစ်သည်။

"ချင်းပြည်နယ်ဟာ ဖွံ့ဖြိုးတိုးတက်မှု အနိမ့်ကျဆုံးဖြစ်လို့ ဖွံ့ဖြိုးတိုးတက်မှုရဲ့ အခြေခံဖြစ်တဲ့ သယံဇာတပေါကြွယ်ဝမှုမရှိသလို ရွှေ့ပြောင်းတောင်ယာစနစ်ကိုသာ ကျင့်သုံးနေရတဲ့ ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုကိုသာ အားကိုးအားထားပြုရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒေသနဲ့ ကိုက်ညီတဲ့ ဖွံ့ဖြိုးရေးနည်းပညာတွေကို အခုလို လာရောက်ပို့ချပေးတဲ့အတွက် သင်တန်းပြီးဆုံးအောင် တက်ရောက်ရမှာပါ"ဟု သင်တန်းသား ဦးကီးဂေ(တောအုပ်ကြီး)ကပြောကြားသည်။

**ခရိုင်(ပြန်/ဆက်)**

# ဇေယျာသီရိမြို့နယ်၌ မှုခင်းပညာပေးမှုများ ဆောင်ရွက်

**နေပြည်တော် ဇွန် ၆**
နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရွှေတွင်းကုန်းမြို့မရဲစခန်း မူးယစ်တပ်ဖွဲ့စု (၁၀၁) နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံးနှင့် နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များသည် ဇွန် ၅ ရက် မွန်းလွဲပိုင်းက ဇေယျာသီရိမြို့နယ် ပြည်စံအောင်ဈေးရှေ့၌ မှုခင်းပညာပေးပြခန်းယာဉ်နှင့်အတူ ဟောပြောပြသခဲ့ရာ ပြည်သူ ၇၀ ခန့်က ကြည့်ရှုလေ့လာခဲ့ကြပြီး ရဲအုပ်မြင့်အောင်နှင့် ပြခန်းတာဝန်ခံတို့က မှုခင်းအသိပညာပေးရှင်းလင်းခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

အလားတူ ဇေယျာသီရိမြို့နယ် ရွှေတွင်းကုန်းမြို့မရဲစခန်းမှ စခန်းမှူး ဒု-ရဲမှူး အောင်ကျော်ဦးနှင့်အဖွဲ့သည် ဇွန် ၁ ရက် နံနက်ပိုင်းက မှုခင်းဖြစ်ပွားမှုလျော့နည်းကျဆင်းရေးအတွက် ပုပွားကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ မှုခင်းအသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



# နတ်ညွှန်းကျေးရွာအနီးရှိစေတီအား မြစ်ရေ၌မျောပါမသွားစေရေး စောင့်ကြည့်ထိန်းသိမ်းလျက်ရှိ

**ရေစကြို ဇွန် ၆**
မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် နတ်ညွှန်းရွာမကျေးရွာနှင့် ကိုက် ၁၀၀ ခန့်အကွာရှိ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ဆုံ သောင်ထွန်းသောနေရာ၌ လွန်ခဲ့သော လေးနှစ်ခန့်က တည်ထားကိုးကွယ်ခဲ့သည့် ဉာဏ်တော်အမြင့် ကိုးတောင်ရှိ ဇေယျာဘုမ္မိရွှေပေါ်ကျွန်းပြန်စေတီသည် ယခုအခါ မြစ်ရေတိုက်စားခြင်းကြောင့် ပြိုကျမည့်အခြေအနေဖြစ်နေသဖြင့် နတ်ညွှန်းကျေးရွာ အုပ်ချုပ် ရေးမှူးနှင့် ဒေသခံပြည်သူများက စေတီအား မြစ်ရေ၌ မျောပါမသွားစေရေး အတွက် ဇွန် ၄ ရက်မှစတင်၍ စောင့်ကြည့်ထိန်းသိမ်းလျက်ရှိကြောင်း သိရ သည်။

**မြို့နယ်(ပြန်/ဆက်)**

# မိုးမောက်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မိုးမောက် ဇွန် ၆**
ကချင်ပြည်နယ် မိုးမောက်မြို့ အောင်သာကုန်းကျေးရွာ အလက(ခွဲ) ကျောင်းဝင်းအတွင်း ဇွန် ၅ ရက် နံနက်ပိုင်းက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းမောင်မောင်က အပင်များကို အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌအား ပေးအပ်ပြီး မြို့နယ်သစ်တောဦးစီးမှူး ဦးသန်းမင်းအေးနှင့် နယ်စပ်ဒေသတိုင်းရင်းသား ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးတို့က ပျိုးပင်များကို တက်ရောက်လာကြသူများအား ဖြန့်ဝေပေးကာ တပျော်တပါးစိုက်ပျိုးခဲ့ကြသည်။ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် ပျိုးပင်စုစုပေါင်း ၇၀၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အင်တိုင်အခြေခံပညာအလယ်တန်းကျောင်းအဆင့်တိုးမြှင့်

**ရမည်းသင်း ဇွန် ၆**
မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အင်တိုင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအဆင့်တိုးမြှင့်ဖွင့်ပွဲကို ဇွန် ၅ ရက် နံနက် ၉ နာရီက အင်တိုင်အလယ်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းနှင့် ဦးအောင်မျိုးဦး၊ အမှတ် (၃) စစ်အခြေခံလေ့ကျင့်ရေးတပ် ဒုတိယတပ်ရင်းမှူး၊ ရမည်းသင်းခရိုင် ပညာရေးမှူး ဦးဌေးမြင့်နှင့် အင်တိုင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသန်းလွင်တို့က ကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးဦးက အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဦးဌေးမြင့်က ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခြင်းနှင့် နိုင်ငံတော်မှ အခမဲ့ပညာရေးစနစ်ဖြင့် ကျောင်းသုံးစာအုပ်၊ ပုံနှိပ်စာအုပ်နှင့် ကျောင်းဝတ်စုံများထောက်ပံ့ပေးခြင်းကို ရှင်းလင်းပြောကြားကာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များက အလယ်တန်းကျောင်းအဆင့်တိုးမြှင့်ခြင်း အထိမ်းအမှတ်အလံများကို ပေးအပ်ခဲ့သည်။

**ဇော်ဝင်းအောင်(ပြန်/ဆက်)**

# သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းကုသရေး ဆွေးနွေး

**တောင်တွင်းကြီး ဇွန် ၆**
တောင်တွင်းကြီးမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းကုသရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ကျင်းပသည်။ ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်းတို့က အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ဆေးရုံအုပ်ကြီးက မြို့နယ်အတွင်း ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသူများ၏ သိလိုသည်များနှင့် ဆောင်ရွက်ပေးစေလိုသည် များကို အကြံပြုဆွေးနွေးခဲ့ကြသည်။

တောင်တွင်းကြီးမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် အပတ်စဉ်ပြည်သူများနှင့်အတူ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်း၊ ဆေးခတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

**(၅၈၀)**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၁၉ စီး၊ သွင်းကုန် ၅၈၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၅ စီး၊ သွင်းကုန် အစီး ၁၉၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၅ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၁၄ သန်းခန့်) ရှိကြောင်း သတင်းရရှိသည်။



**"88" နှင့် "I" စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းဖြူဟုယူဆရသော အဖြူရောင်အမှုန့်များ**

အလားတူ ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၂ ရက်တွင် မူဆယ်မှ မန္တလေးသို့သွားရောက်မည့် ခရီးသည်တင်မှန်လုံယာဉ်ကို (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း ပူးပေါင်းအဖွဲ့က သတင်းအရ ရှာဖွေစစ်ဆေးရာ ခရီးသည်သုံးဦး၏ ကျောပိုးအိတ်အတွင်းမှ ဆပ်ပြာခွက် ၁၀ ခွက်ဖြင့် ထည့်ထားသည့်ဘိန်းဖြူဟု ယူဆရသော အဖြူရောင်အမှုန့်များ (120 g)၊ အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ်နှစ်အိတ်အတွင်းမှ "88" နှင့် "I" စာတန်းတစ်ဖက်စီပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ (40 g) (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၄ သန်းခန့်)နှင့် ဇွန် ၅ ရက်တွင် ပြင်ဦးလွင်မှ မန္တလေးသို့ သွားရောက်မည့် ၂၂ ဘီးတွဲယာဉ်ကို (၁၆) မိုင် ကျောက်ချောစစ်ဆေးရေးစခန်း ပူးပေါင်းအဖွဲ့က သတင်းအရရှာဖွေစစ်ဆေးခဲ့ရာ ယာဉ်မောင်းဘေးတွင် လိုက်ပါလာသူ၏ ပုဆိုးခါးပုံစအတွင်းမှ အပြာရောင်ပလတ်စတစ်အိတ်ဖြင့် ထုတ်ထားသည့် "88" နှင့် "I" စာတန်းတစ်ဖက်စီပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀ (38 g) (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၉ သန်းခန့်) စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၃ သန်းခန့်) တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# မိုးရွာသွန်းမှုကြောင့် ရထားလမ်းပေါ်လဲနေသော သစ်ပင်ကို အချိန်မီဖယ်ရှားရှင်းလင်း

**ရန်ကုန် ဇွန် ၆**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် လှည်းတန်းဘူတာနှင့် ကမာရွတ်ဘူတာကြား မိုင်တိုင်(၅/၃-၄)၌ ဇွန် ၄ ရက် မွန်းလွဲပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် အမြင့်ပေ ၂၀၊ လုံးပတ်သုံးပေခန့်ရှိ ကုက္ကိုပင်ကြီးသည် မြို့ပတ်ရထားသံလမ်းပေါ် လဲကျပိတ်ဆို့ခဲ့ကြောင်း သိရသည်။

မြို့ပတ်ရထား သံလမ်းပေါ်လဲကျပိတ်ဆို့မှုကို ရထားရဲတပ်ဖွဲ့အမှတ်(၁၄) တပ်ခွဲ အင်းစိန်မှ တပ်ခွဲမှူး ဒုရဲမှူးစိုးမိုးလွင်ဦးစီးသည့် တပ်ဖွဲ့ဝင် ၁၀ ဦး၊ ကြည့်မြင်တိုင်ဘူတာ (အထူးတန်း)ရုံပိုင်ကြီး ဦးစိန်ဝင်း၊ မြန်မာ့မီးရထား အင်ဂျင်နီယာဌာန (သံလမ်း)မှ ဦးသုခ၊ အငယ်တန်းအင်ဂျင်နီယာ(၃)(သံလမ်း) ဦးစီး လုပ်သား ၃၀ နှင့် လှိုင်မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး စုစုပေါင်း ၅၅ ဦးတို့က လဲကျနေသော ကုက္ကိုပင်ကို အချိန်မီဖယ်ရှားရှင်းလင်းခဲ့သဖြင့် မြို့ပတ်ရထားများ ပုံမှန်အချိန်အတိုင်း ပြန်လည်ပြေးဆွဲနိုင်ကြောင်း သိရသည်။

**(ညဏ်လင်း)**

# မီးအားမြှင့်စက်အပူလွန်ကဲရာမှ မီးလောင်ကျွမ်း

**သီပေါ ဇွန် ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့အမှတ်(၃) ရပ်ကွက် နယ်မြေ ၅ ပုလဲလမ်း ရေခဲစက်ဝင်း၌ ယနေ့နံနက် ၂ နာရီ ၅ မိနစ်က လူနေအိမ်တန်းလျားနှင့် အိမ်တစ်လုံးမီးလောင်ကျွမ်းရာ ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်မင်းဦးနှင့်သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့အင်အား ၇၀ ကျော်တို့က မီးငြိမ်းသတ်ယာဉ် ခြောက်စီး၊ ရေသယ်ယာဉ်နှစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၄ နာရီခွဲတွင် လုံးဝမီးငြိမ်းသွားသည်။



ဖြစ်စဉ်မှာ ကျောက်မဲမြို့ ပုလဲလမ်း အမှတ်(၃)ရပ်ကွက်နေ မသီတာအေးသည် မီးအားမြှင့်စက်ကို မီးအားမြှင့်တက်လာချိန်၌ ပြန်လည်ချထားခြင်း မပြုမိသဖြင့် မီးအားမြှင့်စက်ကွိုင် အပူလွန်ကဲကာ မီးကူးစက် လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုကြောင့် (၁၁)ခန်းတွဲ လူနေအိမ်တန်းလျားနှစ်လုံးနှင့် အိမ်တစ်လုံး၊ သုံးဘီးဆိုင်ကယ်နှစ်စီး၊ ဆိုင်ကယ်ခုနစ်စီးတို့မှာ မီးလောင်ကျွမ်းခဲ့သည်။

မီးလောင်မှုကြောင့် ကိုကျော်ဝင်း (၄၆)နှစ်၊ မရတနာမြင့်(၂၁)နှစ်တို့မှာ ဒဏ်ရာများရရှိသဖြင့် ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိပြီး အိမ်ထောင်စု ၁၈ စု၊ လူဦးရေ ၆၁ ဦးတို့ အိုးမဲ့အိမ်မဲ့ဖြစ်သွားသည်။ ထို့ကြောင့် ၎င်းအား သက်ဆိုင်ရာ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စိုင်း(သီပေါ)**



**ရထားရဲတပ်ဖွဲ့ အမှတ်(၁၈)တပ်ခွဲ တောင်တွင်းကြီး တပ်ခွဲမှူး ရဲအုပ်စန်းထူးနိုင်နှင့် တပ်စု(၁)တောင်တွင်းကြီး တပ်စုမှူး ဒုရဲအုပ်ဇော်လွင်ဦးတို့သည် ဇွန် ၅ ရက်က တောင်တွင်းကြီးဘူတာ၌ ရထားများဖြတ်သန်းမောင်းနှင်ရာတွင် ရထားနှင့် ကျွဲ၊ နွားများ တိုက်မိမှုဖြစ်စဉ်များ ဖြစ်ပွားမှုလျော့နည်းကျဆင်းရေး၊ လူနှင့် တိရစ္ဆာန်များ ရထားကြိတ်မှုဖြစ်ပွားပြီး ထိခိုက်/ဒဏ်ရာရ၊ သေဆုံးသည့်ဖြစ်စဉ်များ လျော့နည်းကျဆင်းရေး၊ မှုခင်းများမဖြစ်ပွားစေရေးနှင့် ရထားကို ခဲဖြင့်ပစ်ပေါက်ပါက အရေးယူခံရမည့် ပြစ်ဒဏ်များနှင့်စပ်လျဉ်း၍ ဟောပြောဆွေးနွေးစဉ်။**

(ရထားရဲတပ်ဖွဲ့)

# ကောလင်းမြို့၌ တမလန်းသစ်များ သိမ်းဆည်းရမိ

**ကောလင်း ဇွန် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ ကောလင်း-ဥက္ကံကားလမ်းတွင် ဇွန် ၅ ရက်က မြို့နယ်သစ်တောဦးစီးအရာရှိ ဦးမျိုးနိုင်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက သတင်းအရ စောင့်ဆိုင်းနေစဉ် ပင်လည်ဘူးမြို့နယ်မှ မောင်းနှင်လာသော ယာဉ်ကိုစစ်ဆေးရာ တမလန်းခားရွှေတုံး ၁၇ တုံး (၂ ဒသမ ၅၃၃၆ တန်)သယ်ဆောင်လာသော ယာဉ်အမှတ်မပါရှိသည့် ယာဉ်တစ်စီးကို ယာဉ်မောင်းတစ်ဦး၊ ယာဉ်နောက်လိုက်တစ်ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကိုမောင်(ကောလင်း)**



# ဘူးသီးတောင်မြို့နယ်၌ သံသယရှိသူနှစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၆**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်အတွင်း ရာအိမ်မှူးတစ်ဦး ပျောက်ဆုံးမှုနှင့် ရွာသားတစ်ဦး အသတ်ခံရသည့်ဖြစ်ရပ်များတွင် သံသယရှိသူနှစ်ဦးကို ဇွန် ၄ ရက် မွန်းလွဲပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဘူးသီးတောင်မြို့နယ် မြောက်ဘဒကားကျေးရွာလမ်း၌ ကင်းလှည့်ဆောင်ရွက်စဉ် ပုဇွန်ချောင်းကျေးရွာနေ ရာအိမ်မှူးမိုဇီရာမန် ပျောက်ဆုံးနေမှုနှင့်ပတ်သက်၍ သံသယရှိသူ မာမောက်ဆွေယော့အား ဇွန် ၄ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဘူးသီးတောင်မြို့နယ် ဆင်အိုးပြင်ကျေးရွာနေ ဇာမာဟူဆိန်း အသတ်ခံရမှုတွင် သံသယရှိသူနူမာမောက်သည် မောင်ကြီးတောင်ကျေးရွာအတွင်း ပြန်လည်ရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေခဲ့ရာ ညနေ ၃ နာရီခန့်တွင် ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေကြောင်းသတိပေးချက် ထုတ်ပြန်

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော MPRL E&P Pte Ltd သည် ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် တွင်းတူးဖော်ရေးလုပ်ငန်းများကို Ultra-Deepwater Drillship "DHIRUBHAI DEEPWATER KG-2" ဖြင့်တူးဖော်မည့် တွင်းတည်နေရာများဖြစ်သော Pyi Thit-1 မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၂ မိနစ် ၀၁ ဒသမ ၄၃၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၂ မိနစ် ၁၀ ဒသမ ၂၂၁ စက္ကန့်နှင့် Pyi Tharyar-1 မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၁ မိနစ် ၅၅ ဒသမ ၉၉၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၆ မိနစ် ၅၉ ဒသမ ၄၈၀ စက္ကန့်တို့တွင် ဇွန် ၈ ရက်မှ စက်တင်ဘာ ၁၇ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် တွင်းတူးဖော်ရေးလုပ်ငန်းများကို Ultra-Deepwater Drillship "DHIRUBHAI DEEPWATER KG-2" ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါတွင်းတည်နေရာဧရိယာမှ မီတာ ၅၀၀ ပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းမပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အသိပေးကြေညာထားသည်။

**(ကြေးမုံ)**

**မီးဘေးရှောင် မလောင်ခင်တား**

## အင်စတာဂရမ်စာမျက်နှာထက်မှ ဓာတ်ပုံတစ်ခုကို ကြိုက်နှစ်သက်မှုပေးခဲ့သည့် စီရိုနယ်လ်ဒိုရဲ့ နောက်ဆက်တွဲဂယက်

ရီးယဲလ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ယခုနှစ်ဘောလုံးရာသီအတွင်းပြသခဲ့တဲ့ ခြေစွမ်းကြောင့် ဘလွန်းဒီအောဆုရရှိရန် အလားအလာများနေသော်လည်း အင်စတာဂရမ်တွင် တင်ထားတဲ့ ဓာတ်ပုံတစ်ခုကို ကြိုက်နှစ်သက်မှုပေးခဲ့သဖြင့် ဝေဖန်ခံနေရပြီဖြစ်သည်။ အင်စတာဂရမ်စာမျက်နှာပေါ်တွင် မက်ဆီက စီရိုနယ်လ်ဒိုကို ဘလွန်းဒီအောဆု ကမ်းပေးနေသည့် ဖိုတိုရှော့ဖြင့် ဖန်တီးထားသည့် ပုံကိုကြိုက်နှစ်သက်မှုပေးခဲ့သည့်ထဲတွင် စီရိုနယ်လ်ဒိုကိုယ်တိုင် ပါဝင်နေခဲ့ရာ စီရိုနယ်လ်ဒိုမှာ မက်ဆီကိုဘယ်အချိန်ဖြစ်ဖြစ် ယှဉ်ပြိုင်ရန်မေ့လျော့ခြင်းမရှိဟူသော ဝေဖန်မှုများကို ထွက်လာစေခဲ့သည်။

အဆိုပါပုံကို ကမ္ဘာတစ်ဝန်းလူအတော်များများက ကြိုက်နှစ်သက်မှုပေးခဲ့ကြသော်လည်း စီရိုနယ်လ်ဒို၏ ကြိုက်နှစ်သက်မှု ခလုတ်တစ်ချက်နှိပ်လိုက်ခြင်းက သတင်းတစ်ပုဒ်ဖြစ်ခဲ့ရသည်။ စီရိုနယ်လ်ဒိုမှာ ဘလွန်းဒီအောဆု လေးကြိမ် ရရှိခဲ့ပြီးဖြစ်ရာ ယခုနှစ်တွင် ဆက်လက်ရရှိဦးမည်ဆိုပါက မက်ဆီ၏ ဘလွန်းဒီအောဆု အရေအတွက်ကို လိုက်မီမည်ဖြစ်သည်။

## ဖိအားများကို အန်ထော်နီဂျိုရှုအာ အကောင်းဆုံး ထိန်းကျောင်းနိုင်ရန်လိုကြောင်း မိုက်တိုင်ဆန် အကြံပြု

အန်ထော်နီဂျိုရှုအာအနေဖြင့် ကမ္ဘာ့ဟဲဗီးဝိတ် ချန်ပီယံဘွဲ့ကို ကာကွယ်ရာတွင် အကြိမ်ကြိမ်ကြုံတွေ့ရမယ့် ဖိအားများနဲ့ ရှုပ်ထွေးမှုများကို အကောင်းဆုံးစီမံနိုင်မှသာလျှင် မေဝယ်သာနဲ့ မက်ဂရီဂေါ်တို့လို ထိပ်တန်းလက်ဝှေ့သမားအဖြစ် အသိအမှတ်ပြုခံရမည်ဖြစ်ကြောင်း ဟဲဗီးဝိတ်ချန်ပီယံဟောင်း မိုက်တိုင်ဆန်က အကြံပြုစကားဆိုခဲ့သည်။ ဂျိုရှုအာသည် မေလအတွင်းက ကလစ်ချ်ကို ကိုအနိုင်ကစားပြီး ဟဲဗီးဝိတ်တန်းချန်ပီယံဘွဲ့ကို ရရှိသွားခဲ့သည်။

ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံအဖြစ် နှစ်ကြိမ်အောင်ပွဲခံနိုင်ခဲ့တဲ့ တိုင်ဆန်က ဟဲဗီးဝိတ်တန်းချန်ပီယံဘွဲ့မှာ "ဆုးကြမ်းပေါ်မှ ချန်ပီယံဆု" ဖြစ်တဲ့အတွက် အဆိုပါဆုကို ရေရှည်ထိန်းထားနိုင်ရေး ကြိုးပမ်းခြင်းက ပို၍အရေးကြီးကြောင်း ဂျိုရှုအာကို အကြံပြုခဲ့ခြင်းဖြစ်သည်။ ဘီဘီစီရေဒီယိုနှင့် ပြုလုပ်တဲ့ အင်တာဗျူးအစီအစဉ်တွင် တိုင်ဆန်က ဂျိုရှုအာရဲ့ စွမ်းဆောင်ရည်ပိုင်းအပေါ် ယုံကြည်မှုရှိသော်လည်း ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံဖြစ်လာတာနဲ့ တစ်ပြိုင်နက် ရရှိလာတဲ့ စိန်ခေါ်မှုများ၊ ဖိအားများနှင့် အခြားရှုပ်ရှုပ်ထွေးထွေး အခြေအနေများကို ထိန်းကျောင်းနိုင်မှသာလျှင် ရေရှည်အောင်ပွဲဆင်နိုင်မည်ဖြစ်ကြောင်း ဆိုခဲ့သည်။

## ကွယ်လွန်သူ တီယိုတေကို ဘောလုံးလောကရဲ့ အလှဆုံးအပြုံးပိုင်ရှင်ဟု မက္ကလာရင်ဂုဏ်ပြုစကားဆို

နယူးကာဆယ်ကွင်းလယ်လူဟောင်း တီယိုတေမှာ ကွင်းအတွင်း ယှဉ်ပြိုင်ရအခက်ဆုံးကစားသမားဖြစ်သလို အလှပဆုံး အပြုံးပိုင်ရှင်လည်းဖြစ်ကြောင်း မက္ကလာရင်က ဂုဏ်ပြုစကားဆိုခဲ့သည်။ အသက် (၃၀)နှစ်ရှိ တီယိုတေမှာ ဇွန် ၅ ရက် လေ့ကျင့်ရေးကွင်းတွင် လဲကျခဲ့ပြီးနောက် ဆေးရုံ၌ပင် ကွယ်လွန်သွားခဲ့သည်။ တီယိုတေမှာ ဖေဖော်ဝါရီလက နယူးကာဆယ်မှ တရုတ်ဒုတိယတန်းကလပ် ပေကျင်းအင်တာပရိုက်စ်အသင်းသို့ ပြောင်းရွှေ့သွားခဲ့သူဖြစ်သည်။

တီယိုတေမှာ နယူးကာဆယ်အသင်းတွင် ခုနစ်ရာသီကြာ စုစုပေါင်းပွဲ ၁၅၀ ကျော် ဝင်ရောက်ကစားထားခဲ့သည်။ မက္ကလာရင်မှာ နယ်သာလန်ကလပ်အသင်း တွင်တီနှင့် အင်္ဂလန်ကလပ် နယူးကာဆယ်အသင်းနှစ်ခုစလုံးတွင် တီယိုတေနှင့် လက်တွဲခဲ့ဖူးသူဖြစ်ပြီး ကွယ်လွန်သွားပြီဖြစ်သည်။ သူ့ရဲ့တပည့်ဟောင်းကို ကွင်းအတွင်း အခက်ခဲဆုံးပြိုင်ဘက်ဖြစ်ကြောင်း ဂုဏ်ပြုစကား ဆိုခဲ့ခြင်းဖြစ်သည်။

## မက်ပီအတွက် ပေါင်သန်း ၁၀၀ အပြင် ကော်ဇောနီခင်းကြိုဆိုပုံမျိုး အာဆင်နယ်တွင်သာ ရရှိမည်ဟု ဝင်းဂါး မက်လုံးပေး



အာဆင်နယ်နည်းပြ ဝင်းဂါးက မက်ပီကို ချိတ်ဆက်နေတဲ့ အသင်းပေါင်းများစွာရှိမည်ဖြစ်သော်လည်း ကောဇောနီခင်းကြိုဆိုမှု(အထူးကြိုဆိုမှု)မျိုး အာဆင်နယ်တွင်သာ ရရှိမည်ဟူသော စကားဖြင့် ဆွဲဆောင်စည်းရုံးခဲ့သည်။ အသက်(၁၈)နှစ်အရွယ်မက်ပီကို ရီးယဲလ်၊ မန်ယူ၊ ပီအက်စ်ဂျီတို့ကလည်း ခေါ်ယူရန် တောက်လျှောက်ချိတ်ဆက်နေပြီး ရီးယဲလ်ကဆိုလျှင် ပေါင်သန်း ၁၀၀ ဖြင့် ပထမအကြိမ်ကမ်းလှမ်းခဲ့မှု ငြင်းပယ်ခံပြီးနောက် ပေါင် ၁၁၇ သန်းဖြင့် ဒုတိယအကြိမ် ထပ်မံကမ်းလှမ်းခဲ့ကြောင်းသိရသည်။

အာဆင်နယ်နည်းပြ ဝင်းဂါးနှင့်အမှုဆောင်ချုပ် ဂတ်ဇာဒီတို့နှစ်ဦး ပြင်သစ်နိုင်ငံတောင်ပိုင်း နိစ်လေဆိပ်သို့ ရောက်ရှိလာသည့် ဓာတ်ပုံများ ထွက်ပေါ်လာပြီး မက်ပီကို ခေါ်ယူရေး လှုပ်ရှားနေခြင်းဖြစ်သည်ဟူသော သတင်းများ ပိုမိုအားကောင်းလာခဲ့သည်။ အာဆင်နယ်အသင်းသည် မက်ပီကို ကလပ်အသင်းစံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၈၇ သန်းဖြင့် ကမ်းလှမ်းမှု ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ပယ်ချခံရခဲ့ပြီးနောက် ဝင်းဂါးက ကစားသမားကောင်းတစ်ဦးကို အသင်းကြီးတိုင်းမှ ပိုင်ဆိုင်လိုကြမည်ဖြစ်သော်လည်း အထူးဧည့်သည်တော်တစ်ဦးကို ကြိုဆိုပုံမျိုး အာဆင်နယ်တွင်သာရရှိမည်ဖြစ်သည်ဟု စည်းရုံးခဲ့ပြန်သည်။

ဝင်းဂါးက ပြီးခဲ့တဲ့ရာသီကပင် မက်ပီကိုခေါ်ယူရန် ချိတ်ဆက်ခဲ့သေးသော်လည်း မိုနာကိုမှ ထုတ်မရောင်းခဲ့သဖြင့် မခေါ်ယူနိုင်ခဲ့ခြင်း ဖြစ်သည်။ ယင်းအခြေအနေကို ဝင်းဂါးက" မှန်ပါတယ်။ ပြီးခဲ့တဲ့ရာသီကတည်းက သူ့ကိုခေါ်ဖို့ ကြိုးစားခဲ့ဖူးပါတယ်။ သူ့မှာ အရည်အသွေးတွေ အကုန်ရှိနေတာကြောင့် နောင်တစ်ချိန် တောက်ပမယ့် ကစားသမားဆိုတာ ကျွန်တော်သိနေခဲ့တာကြောင့်ပါ" ဟု ပြန်ပြောင်းပြောကြားခဲ့သည်။ အာဆင်နယ်အသင်းသည် အများအားဖြင့် ကစားသမားသစ်ခေါ်ယူမှုအပိုင်းကို နှုတ်ဆိတ်နေတတ်တဲ့ အသင်းဖြစ်သော်လည်း ယခုမက်ပီကိစ္စကိုမူ ထုတ်ဖော်ပြောကြားခဲ့ပြီး ဆယ်ကျော်သက်အရွယ်တိုက်စစ်မှူးလေးပုံမှန် ခြေစွမ်းပြနိုင်ရန် ကူညီပေးနိုင်မည့်အသင်းမှာ အာဆင်နယ်သာဖြစ်တယ်လို့ ဝင်းဂါးက ဆိုခဲ့သည်။

မက်ပီရဲ့ အပြောင်းအရွှေ့ကို အဓိကစီမံနေသူမှာ မက်ပီရဲ့ ဖခင်သာဖြစ်ပြီး အသင်းများစွာရဲ့ ကမ်းလှမ်းမှုကို စျေးခေါ်ရင်း စောင့်ဆိုင်းနေပုံဖြင့် ကိုင်တွယ်နေသည်။ အာဆင်နယ်တိုက်စစ်ပိုင်းတွင် ဂျရူး၊ ဝဲလ်ဘတ်၊ ဆန်းချက်ဇ်၊ ပီရက်ဇ်၊ အီဝိုဘီ၊ ဆိုင်နိုဂိုနှင့် ဝဲလ်ကော့တို့ရှိနေပြီးဖြစ်သည်။ သို့သော် ဝင်းဂါးက မက်ပီကို ကလပ်အသင်းစံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။ မက်ပီက သူ့ရဲ့ အနာဂတ်ကိစ္စရပ်ကို ဆီဇင်အသင်းနှင့် ကစားသည့် ကမ္ဘာ့ဖလားခြေစစ်ပွဲအပြီးမှသာ ဆုံးဖြတ်သွားမည်ဖြစ်သည်။

မေလဲ့သင်း - စုစည်းရေးသားသည်

## နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုများ ရှာဖွေရမည့် မြန်မာဘောလုံးအသင်းများ

**ရန်ကုန် ဇွန် ၆**

၂၀၁၇ ခုနှစ် စတင်ကတည်းက နိုင်ငံတကာပြိုင်ပွဲများ ဆက်တိုက်ယှဉ်ပြိုင်နေရသည့် မြန်မာ့ဘောလုံးလောကသည် ဒုတိယနှစ်ဝက်တွင် ပြိုင်ပွဲများ ပိုများလာပြီး လက်ရွေးစင်နှင့် လူငယ်လက်ရွေးစင်အသင်း ခုနစ်သင်းက နိုင်ငံတကာပြိုင်ပွဲ ၁၀ ပွဲနီးပါး ယှဉ်ပြိုင်ရမည်ဖြစ်သည်။ နှစ်နှစ်တစ်ကြိမ် ကျင်းပနေသည့် ဆီးဂိမ်းပြိုင်ပွဲ၊ မြန်မာ့ဘောလုံးသမိုင်းတွင်ဒုတိယအကြိမ်ရဖူးသည့် အာရှဖလားပြိုင်ပွဲတွင် တစ်ကျော့ပြန်ယှဉ်ပြိုင်ခွင့်ရရှိရေးတို့အတွက် မျှော်လင့်ချက်ကိုယ်စီ ကြိုးပမ်းမည့်မြန်မာဘောလုံးအသင်းများကို စောင့်ကြည့်ရမည်ဖြစ်သည်။

ယခုနှစ်အတွင်း မြန်မာ့လက်ရွေးစင်အသင်းနှင့် လူငယ်လက်ရွေးစင်အသင်းများမှာ နိုင်ငံတကာပြိုင်ပွဲများ ဆက်တိုက် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းက အာရှဖလားခြေစစ်ပွဲ၊ မြန်မာ ယူ-၂၂ အသင်းက လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ၊ အာရှယူ-၂၃ ခြေစစ်ပွဲ၊ ဆီးဂိမ်းပြိုင်ပွဲ၊ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းက ဆီးဂိမ်းပြိုင်ပွဲ၊ မြန်မာယူ-၁၈ အသင်းက အာဆီယံ ယူ-၁၈ ပြိုင်ပွဲနှင့် အာရှ ယူ-၁၉ ခြေစစ်ပွဲ၊ မြန်မာ ယူ-၁၅ အသင်းက အာဆီယံ ယူ-၁၅ ပြိုင်ပွဲနှင့် အာရှ ယူ-၁၆ ခြေစစ်ပွဲ၊ မြန်မာဖူဆယ် အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းက ဆီးဂိမ်းပြိုင်ပွဲ၊ မြန်မာဖူဆယ် ကလပ် PU အသင်းနှင့် အာဆီယံ ဖူဆယ်ကလပ်အသင်း ပြိုင်ပွဲတို့ ပြိုင်ရမည်ဖြစ်သည်။ယင်းပြိုင်ပွဲများအနက် အာရှယူ-၂၃ ခြေစစ်ပွဲ၊အာဆီယံ ယူ-၁၈ ပြိုင်ပွဲ၊ အာရှယူ-၁၆ ခြေစစ်ပွဲတို့ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး မြန်မာ ယူ-၂၂ အသင်းအတွက် ရည်ရွယ်ကျင်းပသည့် လေးနိုင်ငံ ယူ-၂၂ ဖိတ်ခေါ်ပြိုင်ပွဲကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌



ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း။

ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲအားလုံးကို ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည်ဖြစ်ပြီး သက်ဆိုင်ရာ အသင်းများ၏ ပြိုင်ပွဲအကြို နိုင်ငံတကာခြေစမ်းပွဲများယှဉ်ပြိုင်ကစားရန်လည်း ရှိနေသည်။

အာရှဖလားပြိုင်ပွဲကို တစ်ကျော့ပြန်ယှဉ်ပြိုင်ခွင့်ရရန် ကြိုးပမ်းနေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ခြေစစ်ပွဲများအဖြစ် ဇွန် ၁၃ ရက်တွင် မကာအိုနှင့် အဝေးကွင်း၊ စက်တင်ဘာ ၅ ရက်တွင် ကာဂျစ္စတန်နှင့် အဝေးကွင်း၊ အောက်တိုဘာ ၁၀ ရက်တွင် ကာဂျစ္စတန်နှင့် အိမ်ကွင်း၊ နိုဝင်ဘာ ၁၄ ရက်တွင် အိန္ဒိယနှင့် အဝေးကွင်းပွဲများ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ နိုင်ငံတကာ ခြေစမ်းပွဲများအဖြစ် ဇွန် ၆ ရက်တွင် စင်ကာပူလက်ရွေးစင်အသင်း၊ ဇွန် ၉ ရက်တွင် စင်ကာပူကလပ်နီဂါတာအသင်း၊ အောက်တိုဘာ ၅ ရက်တွင် ထိုင်းအသင်း၊ နိုဝင်ဘာ ၉ ရက်တွင် ကမ္ဘောဒီးယားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာယူ-၂၂ အသင်းမှာမူ ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရန် ပြင်ဆင်မှုများစွာ ပြုလုပ်မည်ဖြစ်ပြီး ပထမဆုံးပြိုင်ပွဲအဖြစ် မြန်မာ၊ ဟောင်ကောင်၊ ကမ္ဘောဒီးယားနှင့် ဂျပန်တက္ကသိုလ်တို့ ပါဝင်သော KBZ Bank Cup လေးနိုင်ငံ ယူ-၂၂ ဖိတ်ခေါ်ပြိုင်ပွဲကို ဇွန် ၂၈ ရက်မှ ဇူလိုင် ၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။မြန်မာယူ-၂၂ အသင်းသည် ယင်းပြိုင်ပွဲအပြီးတွင် ဇူလိုင် ၁၉ ရက်မှ ၂၃ ရက်အထိ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှ ယူ-၂၃ ခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ခြေစစ်ပွဲများအဖြစ် မလေးရှား ယူ-၂၂၊ မွန်ဂိုလီးယား ယူ-၂၂၊ အင်တာမီလန် လူငယ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဩဂုတ်လ ဒုတိယပတ်တွင် စတင်ကျင်းပမည့် (၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကိုမြန်မာ ယူ-၂၂ အမျိုးသားအသင်း၊ အမျိုးသမီး လက်ရွေးစင်အသင်း၊ ဖူဆယ်အမျိုးသားနှင့် အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းနှင့် ဖူဆယ်အသင်းများမှာ ဆီးဂိမ်းမတိုင်မီ ပြည်ပလေ့ကျင့်ရေး ခရီးစဉ်များသွားရောက်မည်ဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်း ယှဉ်ပြိုင်မည့် အာဆီယံယူ-၁၈ ပြိုင်ပွဲကို စက်တင်ဘာ ၄ ရက်မှ ၁၇ ရက်အထိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး အာရှ ယူ-၁၉ ခြေစစ်ပွဲကို နိုဝင်ဘာလဆန်းပိုင်း၌ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာယူ-၁၅ အသင်း ယှဉ်ပြိုင်မည့် အာဆီယံ ယူ-၁၅ ပြိုင်ပွဲကို ဇူလိုင် ၉ ရက်မှ ၂၂ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး အာရှယူ-၁၆ ခြေစစ်ပွဲကို စက်တင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

မြန်မာဘောလုံးအသင်းများအနေဖြင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ပြိုင်ပွဲများ၊ အာရှအဆင့်ခြေစစ်ပွဲများ အပါအဝင် ပြိုင်ပွဲအသီးသီး၌ အောင်မြင်မှုများရရှိရေးအတွက် မြန်မာဘောလုံးပရိသတ်များ၏ တစ်ခဲနက် အားပေးမှုနှင့်အတူ အစွမ်းကုန်ကြိုးစားရမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

# ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

## ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။

**ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။)**
**၁၃၇၉ ခုနှစ်၊  လ  ရက်**
**(၂၀၁၇ ခုနှစ်၊  လ  ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေပုဒ်မ ၃ တွင် ပါရှိသော "Registrar-General of Births, Deaths and Marriages" စကားရပ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုအောက်ပါစကားရပ်ဖြင့် အစားထိုးရမည်-

"Registrar-General of marriages" means a Registrar-General of Marriages appointed under this Act. ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေပုဒ်မ ၈၊ ၄၇၊ ၄၈ တတိယပိုဒ်၊ ၅၆ နှင့် ၈၁ တို့ကိုပယ်ဖျက်ရမည်။

၄။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေပုဒ်မ ၂၉၊ ၃၀၊ ၃၁၊ ၃၄၊ ၃၆၊ ၃၇၊ ၅၅၊ ၆၂၊ ၇၈ နှင့် ၇၉ တို့တွင်ပါရှိသော "Registrar-General of Births, Deaths and Marriages" ဆိုသည့်စကားရပ်ကို "Registrar-General of Marriages" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေပုဒ်မ ၆၀၊ ပုဒ်မခွဲ (၁)တွင် ပါရှိသော "exceed thirteen years" ဆိုသည့်စကားရပ်ကို "exceed fifteen years" ဆိုသည့်စကားဖြင့် အစားထိုးရမည်။

၆။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေပုဒ်မ ၆၁ တွင် ပါရှိသော "a fee of four annas" ဆိုသည့်စကားရပ်ကို "a fee of one thousand kyats" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေပုဒ်မ ၆၈ ကိုအောက်ပါအတိုင်းအစားထိုးရမည်- "Whoever, not being authorized by section 5 of this Act to solemnize marriages, solemnizes, or professes to solemnize, in the absence of a Marriage Registrar of the district in which the ceremony takes place, a marriage between persons one or both of whom is or are a Christian or Christians, shall be punished with imprisonment which may extend to seven years".

၈။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေပုဒ်မ ၇၄ တွင်ပါရှိသော "extend to one hundred kyats" ဆိုသည့်စကားရပ်ကို "extend to ten thousand kyats" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

# အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

## ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။

**အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။)**
**၁၃၇၉ ခုနှစ်၊  လ  ရက်**
**(၂၀၁၇ ခုနှစ်၊  လ  ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို**အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ**ကို ပြင်ဆင်သည့်ဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ ၂ တွင်ပါရှိသော "the woman her age of fourteen years" ဆိုသည့်စကားရပ်ကို "the woman her age of fifteen years" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေပုဒ်မ ၃ တွင် ပါရှိသော "Registrars" ဆိုသည့် စကားရပ်ကို "Registrars of Marriages" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေပုဒ်မ ၇ တွင်ပါရှိသော"(other than a Court of Small Causes)" ဆိုသည့် စကားရပ်ကိုပယ်ဖျက်ရမည်။

၅။ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေပုဒ်မ ၉ တွင်ပါရှိသော "not exceeding one thousand kyats" ဆိုသည့်စကားရပ်ကို "not exceeding one hundred thousand kyats" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၆။ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေပုဒ်မ ၁၃-က တွင်ပါရှိသော "Registrar-General of Births, Deaths and Marriages" ဆိုသည့် စကားရပ်ကို"Registrar of Marriages" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ဒုတိယဇယား "DECLARATION TO BE MADE BY THE BRIDE" ၏ အမှတ်စဉ် ၃ တွင်ပါရှိသော"age of fourteen years" ဆိုသည့်စကားရပ်ကို "age of fifteen years" ဆိုသည့်စကားဖြင့် အစားထိုးရမည်။

---

# မြန်မာနိုင်ငံလင်မယားကွာရှင်းရေး အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

## ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။

**မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေကို**
**ပြင်ဆင်သည့်ဥပဒေကြမ်း**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။)**
**၁၃၇၉ ခုနှစ်၊  လ  ရက်**
**(၂၀၁၇ ခုနှစ်၊  လ  ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံလင်မယားကွာရှင်းရေး အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၃ တွင်-

(က) ပုဒ်မခွဲ (၁) ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ (၄) ၌ပါရှိသော "the District Court-"ဆိုသည့် စကားရပ်ကို "the Court of the Self-Administered Division or the Court of the Self-Administered Zone or the District Court" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "the High Court" ဆိုသည့်စကားရပ်ကို "the High Court of the Region or the High Court of the State" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (၅) ၌ပါရှိသော "the age of thirteen years" ဆိုသည့်စကားရပ်ကို "the age of fifteen years" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ပုဒ်မခွဲ (၈) ၌ ပါရှိသော "the dominion of His Britannic Majesty" ဆိုသည့် စကားရပ်ကို "the Republic of the Union of Myanmar" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(င) ဒုတိယစာပိုဒ်၌ပါရှိသော "the District Court" ဆိုသည့်စကားရပ်ကို "the Court of the Self-Administered Division or the Court of the Self-Administered Zone or the District Court" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ "the High Court" ဆိုသည့်စကားရပ်ကို "the High Court of the Region or the High Court of the State" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အစားထိုးရမည်။

၃။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၇ တွင်-

(က) "the High Court" ဆိုသည့်စကားရပ်ကို "the High Court of the Region or the High Court of the State" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊

(ခ) "the District Court" ဆိုသည့်စကားရပ်ကို "the Court of the Self-Administered Division or the Court of the Self-Administered Zone or the District Court" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊

(ဂ) "the Supreme Court of Judicature in England" ဆိုသည့် စကားရပ်ကို "the Supreme Court of the Union"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၄။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၄၊ ၈၊ ၉၊ ၁၀၊ ၁၃၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၃၊ ၂၇၊ ၃၂၊ ၃၄၊ ၃၇၊ ၄၀၊ ၄၃၊ ၄၄ နှင့် ပုဒ်မ ၅၀ တို့တွင်ပါရှိသော "the High Court" ဆိုသည့်စကားရပ်ကို "the High Court of the Region or the High Court of the State" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "the District Court" ဆိုသည့်စကားရပ်ကို "the Court of the Self-Administered Division or the Court of the Self-Administered Zone or the District Court" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၅။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေပုဒ်မ ၁၇-က ၏ စာကိုယ်၌ ပါရှိသော-

(က) "the High Court" ဆိုသည့်စကားရပ်ကို "the High Court of the Region or the High Court of the State"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) "as is exercisable in England by the King's Proctor" ဆိုသည့်စကားရပ်နှင့် ဘေးမှတ်စု၌ပါရှိသော "to exercise duties of King's Proctor" ဆိုသည့် စကားရပ်များကို ပယ်ဖျက်ရမည်။

၆။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေပုဒ်မ ၅၅ ခြွင်းချက်တွင်ပါရှိသော "the High Court"ဆိုသည့်စကားရပ်ကို "the High Court of the Region or the High Court of the State" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေပုဒ်မ ၅၆ တွင်-

(က) "the Supreme Court" ဆိုသည့်စကားရပ်ကို "the Supreme Court of the Union" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) "or of any Division Court" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

(ဂ) "the High Court" ဆိုသည့်စကားရပ်ကို "the High Court of the Region or the High Court of the State" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေပုဒ်မ ၅၇ တွင်-

(က) "the High Court" ဆိုသည့်စကားရပ်ကို "the High Court of the Region or the High Court of the State" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၅၇ ၏ ခြွင်းချက်တွင်ပါရှိသော "the Supreme Court" ဆိုသည့်စကားရပ်ကို "the Supreme Court of the Union" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၉။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေပုဒ်မ ၆၂ တွင်ပါရှိသော "the High Court" ဆိုသည့်စကားရပ်ကို "the Supreme Court of the Union" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

# အရာတော်မြို့နယ်တွင် သနပ်ခါးကို စီးပွားဖြစ်စိုက်ပျိုးမှုများလာ

**စစ်ကိုင်း ဇွန် ၆**

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် ဆင်တလည်ရွာတွင် သနပ်ခါးကို စီးပွားဖြစ်စိုက်ပျိုးမှုများလာသည်။ ကျေးရွာချင်းဆက် လမ်းဘေးတွင် သနပ်ခါးခြံကြီးများစွာ စိုက်ပျိုးပြီး ကျေးရွာများတွင်မူ အိမ်ဝိုင်းကျယ်များအတွင်း သနပ်ခါးကို စိုက်ပျိုးကြသည်။

သနပ်ခါးပင်မှာ မိုးသိပ်မလိုသလို ကျောက်ကုန်းမြေများပါ စိုက်ပျိုးလို့ရသည့်အတွက် အရာတော်မြို့နယ်အတွင်းမှ ကျေးရွာများတွင် အိမ်တိုင်းနီးပါး သနပ်ခါးကို စိုက်ပျိုးကြသည်။ သနပ်ခါးမှာ ဈေးကောင်းပြီး နှစ်ရှည်ပင်ဖြစ်သည့်အတွက် ကာလရှည် ရင်းနှီးထားရသည်။ သနပ်ခါးကို အပင်ဝယ်ပြီး စိုက်သလို အစေ့ကိုပျိုးကာ စိတ်တိုင်းကျစိုက်ပျိုးသည်လည်းရှိသည်။ သနပ်ခါးစေ့များကိုဝယ်ယူပြီး အပင်ကို စိတ်တိုင်းကျ ပျိုးထောင်စိုက်ပျိုးကြသည်။ ပျိုးတောင်ရာတွင် အစေ့များကို ရေစိမ်ကြည့်ရသည်။ ရေပေါ် ပေါ်လာသောသနပ်ခါးစေ့များကို ဖယ်ထုတ်ကာရေမြုပ်သော အစေ့ကိုသာ ပျိုးထောင်ပေးရသည်။သနပ်ခါးမျိုးစေ့နို့စည်ဘူးတစ်ဘူး ပျိုးပါက သနပ်ခါးပင် ၃၀၀၀ခန့်ရရှိပြီး ပျိုးထောင်ရာတွင် မြေဆွေး၊ နွားချေးတို့ထည့်ကာ ပျိုးထောင်ပေးရသည်။

စတင်ပျိုးပြီး ငါးရက်ခန့်တွင် သနပ်ခါးပင်စတင်ပေါက်သည်။ ခြောက်လသားရောက်ပါမှ သနပ်ခါးပင်တစ်ထွာခန့်အရွယ်သာရှိပြီး ဖြစ်ထွန်းမှုနှေးကွေးလေ့ရှိသည်။ သနပ်ခါးပင် စိုက်ပျိုးမှုတွင် စိုက်ပျိုးမြေပေါ်မူတည်ကာ ဖြစ်ထွန်းမှုကွာခြားတတ်သည်။ အများအားဖြင့် ၁၀ နှစ်မှ ၁၂ နှစ်သက်တမ်းရှိမှသာ စတင်ခုတ်ယူရပြီး အပွေးအရောင်အလိုက် ဈေးနှုန်း ကွာခြားသွားသည်။ တစ်ခါ စိုက်ပျိုးပြီးသည်နှင့် အတက်ထွက်ကာ အပင်ပြန်မွေးရသည့်အတွက် ကုန်ကျစရိတ်သက်သာသည်။ လက်ရှိကာလ ဆယ်နှစ်သားသနပ်ခါး အရှည် ရှစ်တောင်ခန့်ရှိပြီး လုံးပတ်အနေတော်အခြေအနေသနပ်ခါးတစ်ပင်လျှင် ငွေကျပ်လေးသောင်းကျော်ရရှိကြောင်း သိရသည်။

လက်ရှိကာလတွင် အရာတော်မြို့နယ် ဆင်တလည် ကျေးရွာတွင် ရင်းနှီးမြှုပ်နှံမှု တစ်ခုအနေဖြင့် သနပ်ခါးကို စနစ်တကျစိုက်ပျိုးသူများပြားလျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**



# သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု(ဆင့်ပွား) သင်တန်းအမှတ်စဉ်(၁/၂၀၁၇) ဖွင့်ပွဲကျင်းပ

**ညောင်ဦး ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် ACTED အဖွဲ့တို့ ပူပေါင်းဖွင့်လှစ်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု(ဆင့်ပွား)သင်တန်း အမှတ်စဉ် (၁/၂၀၁၇) ဖွင့်ပွဲကို ဇွန် ၅ ရက် နံနက် ၉ နာရီက ညောင်ဦးမြို့ သံတဲဟိုတယ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားတွင် ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ACTED အဖွဲ့မှ စီမံကိန်းမန်နေဂျာ ဒေါ်နန်းလင်းလင်းစိန်က စီမံကိန်းနှင့်ပတ်သက်၍ သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ သဘောတရားများနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုစက်ဝိုင်း၊ သဘာဝဘေးအန္တရာယ်များအကြောင်းသိရှိနားလည်ခြင်း၊ မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်များအကြောင်း (မီးဘေးအပါအဝင်)၊ ရာသီဥတုပြောင်းလဲမှုနှင့် ၎င်း၏သက်ရောက်မှုများ၊ ထိခိုက်ခံရမှုထိတွေ့နိုင်ခြေနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေနှင့် အကျိုးဆက်များ၊ မြန်မာနိုင်ငံဘေးအန္တရာယ်စီမံခန့်ခွဲမှုမူဘောင်၊ ကျင့်ဝတ်စည်းမျဉ်းနှင့် အခြေခံမူများ၊ ကြိုတင်ကာကွယ်ရေးနှင့် ဘေးအန္တရာယ်လျော့ပါး သက်သာစေရေး၊ ဘေးအန္တရာယ် ဆုံးရှုံးနိုင်ခြေလျော့ပါးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၊ ဘေးအန္တရာယ်နှင့် ဖွံ့ဖြိုးရေးဆက်စပ်နေမှု၊ ကြိုတင်သတိပေးစနစ်အပေါ် ခြုံငုံလေ့လာခြင်း၊ ရပ်ရွာလူထုအခြေခံသော ဘေးအန္တရာယ်စီမံခန့်ခွဲမှု၊ အရေးပေါ်ဆက်သွယ်ရေးနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊ ရှာဖွေရေးနှင့်ကယ်ဆယ်ရေး၊ ကယ်ဆယ်ရေးပစ္စည်းများဖြန့်ဝေပေးခြင်း၊ အရေးပေါ်ကာလပြည်သူ့ကျန်းမာရေးလုပ်ဆောင်ခြင်း၊ အရေးပေါ်ကာလရေနှင့်ဝန်းကျင်သန့်ရှင်းရေး၊ စိတ်ပိုင်းဆိုင်ရာလူမှုရေးနှင့် သက်ဆိုင်သော ပံ့ပိုးမှုပေးခြင်းစသည့် ဘာသာရပ်များကို ပို့ချသွားမည်ဖြစ်ကြောင်း၊ သင်တန်းကို မန္တလေးတိုင်းဒေသကြီးတွင် ဖွင့်လှစ်ခဲ့သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု နည်းပြသင်တန်းတွင် တက်ရောက်ခဲ့သည့် သင်တန်းသားများက နည်းပြများအဖြစ် ပြန်လည်ပို့ချသွားမည်ဖြစ်ကြောင်း၊ သင်တန်းသား ၃၂ ဦးတက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ ဇွန် ၅ ရက်မှ ဇွန် ၉ ရက်အထိ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# မိတ္ထီလာမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**မိတ္ထီလာ ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး (၂၀၁၇) ကို ဇွန် ၆ ရက် နံနက် ၉ နာရီက ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအလုပ်မှုဆောင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး လှမင်း(ငြိမ်း)က အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ဗိုလ်မှူးချုပ်သန်းဦးက မြို့နယ်အတွင်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဆေးကုသပေးနေမှုများနှင့် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ပါဝင်ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီးစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းထွန်း (ငြိမ်း)က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား လည်းကောင်း ရှင်းလင်းပြောကြားသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအလုပ်မှုဆောင်ဥက္ကဋ္ဌ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်တင်မောင်ဌေး(ငြိမ်း)နှင့် တာဝန်ရှိသူများအဖွဲ့သည် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ ပြသထားမှုနှင့် မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား အမှတ် (၁) တပ်မတော်ဆေးရုံ ခုတင် (၅၀၀) (မိတ္ထီလာ)မှ ဗိုလ်မှူးကြီးကျော်စိုးဝင်း ဦးစီးသည့် ဆေးကုသရေးဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း လုပ်ငန်းအား ကြည့်ရှုအားပေးကြောင်းသိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ဘီးလင်းမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များအား ဝတ်စုံသစ်ပေးအပ်

**ဘီးလင်း ဇွန် ၆**

ဘီးလင်းမြို့နယ် မိခင်နှင့်စောင့်ရှောက်ရေးဦးစီးဌာနက မိခင်နှင့် ကလေးစောင့်ရှောက်ရေးအအသင်းဝန်များကို ဝတ်စုံသစ်ပေးအပ်ပွဲကို ဇွန် ၆ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ပေးအပ်ခဲ့သည်။

အခမ်းအနားတွင် ဘီးလင်းမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်အိရွှေဇင်မောင်မောင်က ဝတ်စုံသစ်ပေးအပ်ရခြင်းနှင့်ပက်သက်၍ ရှင်းလင်းပြောခဲ့သည်။ ထို့နောက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌက မိခင်နှင့်ကလေးဝတ်စုံသစ်ကို မိခင်နှင့်ကလေးအသင်းဝင်များထံ သို့ပေးအပ်ခဲ့ကြောင်းသိရ သည်။

**ထူးနောင်(ဘီးလင်း)**

# မန္တလေးမြို့တွင်းသတ်မှတ်မိုင်နှုန်းထက်ပိုမိုမောင်းနှင်သောယာဉ်များအား အမြန်နှုန်းတိုင်းကိရိယာဖြင့်စစ်ဆေး၊အသိပညာပေး

**မန္တလေး ဇွန် ၆**

မန္တလေးမြို့တွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်မတော်တဆမှုများလျော့နည်းစေရေးအတွက် မြို့တွင်း တစ်နာရီမိုင် ၃၀၊ ၄၈ ကီလိုမီတာထက် ပိုမမောင်းရန် သတ်မှတ်ထားခဲ့သည်။ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သောယာဉ်များအား အမြန်နှုန်းတိုင်းကိရိယာ Speedo Meter ဖြင့် စစ်ဆေး၍ မိုင်နှုန်းကျော်လွန်မောင်းနှင်သူများကို ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးခြင်းလုပ်ငန်းများကို ဇွန် ၅ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၆၆ လမ်း အမျိုးသားဇာတ်ရုံရှေ့တွင် စတင်စစ်ဆေးခဲ့သည်။

မန္တလေးမြို့တွင်းနှင့် မြို့ထွက်နေရာများတွင်သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သောစည်းကမ်းမဲ့ယာဉ်များအား စစ်ဆေးအရေးယူရန် အမှတ်(၃)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(မန္တလေး)၊ အမှတ်(၁၄)ယာဉ် ထိန်းရဲဒုတိယတပ်ဖွဲ့ခွဲမှူးရုံးတွင် အမြန်နှုန်းတိုင်းကိရိယာ Speedo Meter ငါးလုံး ဝယ်ယူခဲ့သည်။ သတ်မှတ်မိုင်နှုန်းထက်ပိုမောင်းခြင်းအတွက် မော်တော်ယာဉ် ဥပဒေပုဒ်မ ၄၉(က) အရလည်းကောင်း၊အန္တရာယ်ဖြစ်စေသောယာဉ်ကိုမောင်းနှင်ခြင်းအတွက်ဥပဒေပုဒ်မ ၄၉(ခ)အရလည်းကောင်း၊ အရက်/မူးယစ်ဆေးသုံးစွဲပြီးမောင်းနှင်ခြင်းအတွက်ဥပဒေပုဒ်မ ၄၉(ဂ)အရလည်းကောင်း ထောင်ဒဏ် တစ်လ၊ ဒဏ်ငွေကျပ် ငါးသောင်း၊ ထောင်ဒဏ် ငွေဒဏ်နှစ်ရပ်စလုံးကျခံနိုင်ကြောင်း ၂၀၁၅ မော်တော်ယာဉ်ဥပဒေတွင် ဖော်ပြထားသည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ မန္တလေးတိုင်းဒေသကြီးအတွင်း ယာဉ်မတော်တဆမှု ၇၈၀၊ သေဆုံးသူ၂၆၇ ဦး၊ ဒဏ်ရာရရှိသူ ၁၂၈၇ ဦးရှိပြီး မော်တော်ဆိုင်ကယ်ပါဝင်သော ယာဉ်မတော်တဆမှု ၅၈၈ မှု၊ သေဆုံးသူ ၂၁၁ ဦး၊ ဒဏ်ရာရရှိသူ ၈၇၃ ဦးရှိသဖြင့် မော်တော်ဆိုင်ကယ်မဆင်မခြင်မောင်းနှင်မှုကြောင့် ဖြစ်ပွားသော ယာဉ်မတော်တဆမှု ၇၅ ရာခိုင်နှုန်းဖြစ်ကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**



# တစ်ပတ်အတွင်း ထူးခြားအားကစားသတင်းများ

*ချန်ပီယံလိဂ်ဗိုလ်လုပွဲစတင်ကန်ချိန် နောက်ကျတဲ့အကြောင်းရင်း၊ ၂၀၀၀ပြည့်နှစ်နောက်ပိုင်းပြင်သစ်အတွက် ဟက်ထရစ်ဂိုး သွင်းယူနိုင်တဲ့ကစားသမားဖြစ်လာခဲ့သူ ဂျရူး၊ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာလေသလား ဂျူဗင်တပ်၊ စီရိုနယ်လ်ဒိုမျှော်လင့်တဲ့ နောက်ထပ်ဆုတံဆိပ်ကဘာလဲစသဖြင့် တစ်ပတ်အတွင်း ထူးခြားအားကစားသတင်းအချို့ကို တင်ဆက်ပေးလိုက်ပါတယ်။*

## စီရိုနယ်လ်ဒိုလိုချင်တဲ့ နောက်ထပ်ဆုတံဆိပ်ဆိုတာ




တိုက်စစ်မှူး စီရိုနယ်လ်ဒိုက ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာ ရီးယဲလ်အတွက် သွင်းဂိုးနှစ်ဂိုးသွင်းယူပြီး သူရဲကောင်းဖြစ်ခဲ့သူပါ။ အဲဒီပွဲစဉ်အပြီးမှာလည်း မီဒီယာတွေက သူ့ကိုသာ အာရုံထားမေးခွန်းထုတ်ခဲ့တဲ့အတွက် စီရိုနယ်လ်ဒိုရဲ့ ပြောစကားတွေကိုလည်း ပရိသတ်တွေ ဝေဝေဆာဆာ သိခွင့်ရခဲ့ပါတယ်။" ကျွန်တော့်ကို လူတွေက ဝေဖန်လို့ သိပ်မရတာက ကိန်းဂဏန်းဆိုတာ လိမ်လို့မရတာ။ ကျွန်တော့်ရဲ့ အခုလိုခြေစွမ်းမျိုးကို နောက်နှစ်ဘောလုံးရာသီမှာ ဆက်ထိန်းနိုင်ဦးမယ်လို့ ပြောရပါတယ်။ ကျွန်တော့်ကို ကျွန်တော် ကတိပေးထားတဲ့အတွက် ဒီကတိတည်အောင် ဆံပင်ပုံစံအသစ်ညှပ်လိုက်တာဖြစ်တယ်" စသဖြင့် စီရိုနယ်လ်ဒိုရဲ့ ပြောစကားတွေဟာ တစ်ခုပြီးတစ်ခု မီဒီယာစာမျက်နှာများထက် တောက်လျှောက်တက်လာပါတယ်။

အဲဒီထဲကမှ ပွဲအပြီး သူပြောခဲ့တဲ့ စကားတွေထဲမှာ " လာလီဂါနဲ့ ချန်ပီယံလိဂ် ဖလားနှစ်လုံးကို ရယူပြီးနောက်မှာ ဘာဆုတံဆိပ်ထပ်လိုချင်သေးတယ်လို့ ခင်ဗျားတို့ထင်သလဲ။ ဘလွန်းဒီအောဆုလား။ ကျွန်တော်တို့ စောင့်ကြည့်ကြရအောင်ပါ" လို့ ဆိုခဲ့ပါတယ်။ ဒီပြောစကားကိုထောက်ရှုပြီး ကောက်ချက်ချရရင် ဘလွန်းဒီအောဆုကိုရယူဖို့ ရည်မှန်းနေတာ သိသာပါတယ်။ ဒီနှစ်မှာ အဓိကပြိုင်ဘက် မက်ဆီဟာ ဘာစီလိုနာနဲ့လောက်လောက်လားလား အောင်မြင်မှု မဖော်ဆောင်နိုင်တာကြောင့် ဘလွန်းဒီအောဆုဟာ စီရိုနယ်လ်ဒိုအတွက်လို့သာ သုံးသပ်ရပါတယ်။ သူဟာ ပြီးခဲ့တဲ့နှစ်ကလည်း သူ့အတွက်လေးကြိမ်မြောက် ဘလွန်းဒီအောဆု ရယူနိုင်ခဲ့ပြီးဖြစ်တာကြောင့် တကယ်လို့ ဒီနှစ်မှာသာ ထပ်ရရင် မက်ဆီနဲ့ စံချိန်တူ ဘလွန်းဒီအောဆု ငါးကြိမ် ရယူနိုင်တဲ့ ကစားသမားဖြစ်လာမှာဖြစ်ပါတယ်။ ရီးယဲလ်ဥက္ကဋ္ဌကြီး ဖလော်ရန်တီနိုပီရက်ဇ်ကတော့ ဒီနှစ်ဘလွန်းဒီအောဆုဟာ စီရိုနယ်လ်ဒိုအတွက်သာ ဖြစ်တယ်လို့ မှတ်ချက်ပြုခဲ့ပါသေးတယ်။

## ရီးယဲလ်အတွက် ကံဆိုးခြင်းလား၊ ချယ်လ်ဆီးအတွက် ကံကောင်းခြင်းလား

ချယ်လ်ဆီးတောင်ပံတိုက်စစ်မှူး ဟာဇက်က " ဘောလုံးလောကမှာ ဘယ်တော့မှဆိုတဲ့ စကားကို သုံးနှုန်းလို့မရတာကြောင့် ဘယ်တော့မှဆိုတဲ့စကားကို ကျွန်တော်ပြောမှာမဟုတ်ပါဘူး" လို့ ချယ်လ်ဆီးကနေ ထွက်ခွာဖို့ရှိသလားဆိုတဲ့ မေးခွန်းအတွက် အဖြေပေးခဲ့တာဖြစ်ပါတယ်။ ရီးယဲလ်နည်းပြ ဇီဒန်းဟာ ဟာဇက်ရဲ့ ပရိသတ်တစ်ဦးဆိုတာ အားလုံးသိကြပြီးဖြစ်သလို ဟာဇက်ကို ယခုနှစ်နွေဈေးကွက်အတွင် ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးတစ်ရပ်နဲ့ ခေါ်ယူဖို့ ပစ်မှတ်ထားနေပါတယ်။ ဟာဇက်-ရီးယဲလ်-ချယ်လ်ဆီးတို့ရဲ့ သုံးပွင့်ဆိုင်ဇာတ်လမ်းကလည်း ဂရစ်ဇ်မန်းနဲ့ မန်ယူတို့ရဲ့ဇာတ်လမ်းလို သတင်းတွေထွက်လာလိုက်၊ လက်ရှိအသင်းက ဆက်ထိန်းဖို့ နည်းလမ်းသုံးလိုက်၊ ခေါ်ယူချင်တဲ့အသင်းက အရှိန်မြှင့်ကြိုးပမ်းလိုက်၊ ကစားသမားကလည်း လက်ရှိကလပ်အသင်းမှာပဲ ဆက်ရှိနေမယ်၊ တော်ကြာဆုဖလားအောင်မြင်မှုတွေအတွက် အသင်းပြောင်းမယ်စသဖြင့် အမျိုးမျိုးပြောနေပေမယ့် အခုထိလည်း အကောင်အထည်မဖော်နိုင်သေးတဲ့ ကိစ္စရပ်ဖြစ်နေပါတယ်။

ဟာဇက်က ဘယ်တော့မှမဖြစ်နိုင်ဘူးဆိုတဲ့စကားကို မပြောဘူးလို့ တုံ့ပြန်ခဲ့ပြီးနောက်မှာတော့ ဒါဟာ ရီးယဲလ်ကိုလာမယ်ဆိုတဲ့ အချက်ပေးတပ်လှန့်သံလို့ ယူဆမှုတွေ ထွက်ပေါ်လာပါတယ်။ ဒါပေမယ့် ဒီစကားပြောပြီးနောက် တစ်ရက်မှာပဲ ဘယ်လ်ဂျီယံအသင်းနဲ့ လေ့ကျင့်ရေးဆင်းနေစဉ် ခြေထောက် လိမ်ခေါက်လဲကျသွားခဲ့ပြီး ခြေချင်းဝတ် ဒဏ်ရာရသွားတာကြောင့် ခွဲစိတ်ကုသမှု ခံယူရတော့မှာဖြစ်ပါတယ်။ အနည်းဆုံး သုံးလခန့်အနားယူရတော့မှာဖြစ်တာကြောင့် ရာသီအစပွဲစဉ်တွေကို လွဲချော်မှာဖြစ်ပြီး ဒဏ်ရာပြဿနာရှိနေတဲ့ ကစားသမားတစ်ဦးကို ရီးယဲလ်ခေါ်ပါ့မလား စဉ်းစားစရာပါ။ မီဒီယာတွေက ဒီဒဏ်ရာကြောင့် ဟာဇက်ရဲ့ ရီးယဲလ်ကို လှမ်းထွက်လိုတဲ့ ခြေလှမ်းတွေကို နောက်ကြောင်းဆုတ်လိုက်စေတယ်လို့ ကောက်ချက်ချပါတယ်။ တစ်နည်းအားဖြင့် ဒီဒဏ်ရာရရှိမှုဟာ ရီးယဲလ်အတွက် ကံဆိုးမှုဖြစ်ပေမယ့် ချယ်လ်ဆီးအသင်းအတွက်တော့ အဓိကကစားသမားကို ဆက်ထိန်းနိုင်ဖို့အခွင့်အရေးဖြစ်သွားတာကြောင့် ကံကောင်းခြင်းဒဏ်ရာလို့ ဆိုပါရစေ။



## ချန်ပီယံလိဂ်ဗိုလ်လုပွဲနောက်ကျရခြင်း




ချန်ပီယံလိဂ်ဗိုလ်လုပွဲစတင်ကန်ချိန်ဟာ သတ်မှတ်ချိန်ထက် အနည်းငယ်နောက်ကျသွားခဲ့ရခြင်းကတော့ နာမည်ကျော်ဂီတအဖွဲ့ Black Eyed Peas ရဲ့ ဖျော်ဖြေမှုကြောင့်ဖြစ်တယ်လို့ သိရပါတယ်။ သူတို့အဖွဲ့ရဲ့ဖျော်ဖြေမှုအခင်းအကျင်းက မှန်းထားတာထက် အနည်းငယ်ကြာသွားသလို ဖီးလ်နဗီးလ်လို ဘောလုံးပရိသတ်တွေက ဘောလုံးပွဲကို ကြည့်ရှုလိုစိတ်ပြင်းထန်နေတဲ့ ပရိသတ်တွေက ဒီလိုဖျော်ဖြေမှုကို အနှောင့်အယှက်လို့သာ မြင်နေကြတာက ယူအီးအက်ဖ်အေရဲ့ လုပ်ရပ်ဟာ ခုတ်ရာတခြား ရှရာတလွဲတောင် ဖြစ်သွားသလားဆိုတာ စဉ်းစားရမှာဖြစ်ပါတယ်။

Black Eyed Peas နဲ့ အကပညာရှင်များက ကစားမယ့်ကွင်းအတွင်း ဖျော်ဖြေနေတာကြောင့် ဂျူဗင်တပ်နဲ့ ရီးယဲလ်ကစားသမားတွေက ဥမင်ထဲမှာ စောင့်ဆိုင်းနေကြရပါတယ်။ Black Eyed Peas အဖွဲ့ထဲမှာ ယခင်အဖွဲ့ဟောင်း ဖာဂီပါဝင်လာခြင်းမရှိတဲ့အပေါ်ကိုလည်း ဘောလုံးပရိသတ်တွေက ဂီတပညာရှင် ဖာဂီကို မလွမ်းဘဲ မန်ယူနည်းပြဟောင်း ဆာအဲလက်စ် ဖာဂူဆန် (ဖာဂီ) ကိုသာ ပိုလွမ်းတယ်ဆိုတဲ့ လှောင်ပြောင်မှုလည်း ရှိပါသေးတယ်။ မန်ယူကစားသမားဟောင်း ဖီးလ်နဗီးလ်ကတော့"ဒါမျိုးတွေက မလိုအပ်သလို အဓိပ္ပာယ်လည်းမရှိဘူး" လို့ တွစ်တာစာမျက်နှာပေါ်က ရေးသားခဲ့သလို အခြားပရိသတ်တွေက "နွားရှေ့ထွန်ကျူး၊ နောက်တစ်ခါ ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာ Black Eyed Peas ကို ဖျော်ဖြေခွင့်မပေးသင့်ဘူး" စသဖြင့် မနှစ်သက်တဲ့မှတ်ချက်တွေကိုသာ ရေးသားထားတာကို တွေ့ရပါတယ်။

**မေလှဲ့သင်း – ရေးသားသည်။**

## ဂျရူးဆိုတာ ပြင်သစ်အတွက် အကောင်းဆုံး တိုက်စစ်ကစားသမားတစ်ယောက်ပါ




ပြင်သစ်နဲ့ ပါရာဂွေးအသင်းတို့ရဲ့ ချစ်ကြည်ရေးခြေစစ်ပွဲမှာ အာဆင်နယ်တိုက်စစ်မှူး ဂျရူးဟာ ပြင်သစ်အသင်းအတွက် ဟက်ထရစ်ဂိုး(သွင်းဂိုးသုံးဂိုး)ကို သွင်းယူပြီး သူဟာ ပြင်သစ်အသင်းရဲ့ အကောင်းဆုံးတိုက်စစ်မှူးတစ်ဦးဆိုတာကို သက်သေပြသွားပါတယ်။ ပြင်သစ်ပရိသတ်အများစုက ဘင်ဇီမာကို ချန်လှပ်ပြီး ဂျရူးကို အသုံးပြုနေတဲ့ နည်းပြ ဒီဒီယာဒက်ချမ့်စ်ရဲ့ ရွေးချယ်မှုအပေါ် မကျေနပ်ကြပါဘူး။

ဒီလို မကျေနပ်တဲ့ထဲမှာ သာမန်ပရိသတ်တွေအပြင် ပြင်သစ်ကစားသမားဟောင်းတွေတောင်ပါပါတယ်။ ဒါဟာ ဒက်ချမ့်စ်က "ပြင်သစ်လူမျိုးကြီးဝါဒ" ကိုင်စွဲတာကြောင့်ဖြစ်တယ်လို့ ပြင်သစ်တိုက်စစ်မှူးဟောင်း ကန်တိုနာကတောင် စွပ်စွဲခဲ့ပါတယ်။ ပြင်သစ်အသင်းအတွက် ဟက်ထရစ်ဂိုးကို နောက်ဆုံးသွင်းယူနိုင်တဲ့သူက ထရေဇီဂေးဖြစ်ပြီး ၂၀၀၀ ပြည့်နှစ်မှာ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် နှစ် ၂၀ နီးပါး ဘယ်သူမှ သွင်းယူနိုင်ခြင်းမရှိတဲ့ ဟက်ထရစ်ဂိုးကို သွင်းပြပြီး ဒက်ချမ့်စ်ရဲ့ ရွေးချယ်မှုမှန်ကန်တယ်ဆိုတာကို ဂျရူးက သက်သေပြသွားပါတယ်။ ဂျရူးဟာ ပြီးခဲ့တဲ့ ယူရို ၂၀၁၆ ပြိုင်ပွဲအတွင်းကလည်း ပြင်သစ်အသင်းတိုက်စစ်မှာ ဂရစ်ဇ်မန်း၊ ပါယက်တို့နဲ့ အတွဲညီညီ ကစားပြနိုင်ခဲ့သူဖြစ်ပါတယ်။

## ကံဆိုးမသွားရာ မိုးလိုက်လို့ရွာလေတဲ့ ဂျူဗင်တပ်




ဂျူဗင်တပ်အသင်းဟာ ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာ လေးဂိုး-တစ်ဂိုးနဲ့ အရေးနိမ့်ပြီး ချန်ပီယံလိဂ်ဖလားကို လွဲချော်ခဲ့ပါတယ်။ ဂျူဗင်တပ်အသင်းအတွက် နောက်ထပ်သတင်းဆိုးတစ်ပုဒ်ကတော့ တူရင်မြို့မှာ ဒီဗိုလ်လုပွဲကိုကြည့်ရှုဖို့ စုဝေးရောက်ရှိနေတဲ့ ပရိသတ်တွေထဲက လူ ၁၀၀၀ လောက် ဒဏ်ရာရရှိသွားတယ်ဆိုတဲ့ကိစ္စပါ။ ပစ်ဇာဆန်ကာလိုရင်ပြင်မှာ ရောက်ရှိနေတဲ့ ဂျူဗီပရိသတ်ထောင်ပေါင်းများစွာက ဒီပွဲကို တိုက်ရိုက်ကြည့်ရှုဖို့ ရောက်ရှိနေပြီး ပွဲပြီးဖို့ ၁၀ မိနစ်လောက်အလိုမှာ ပေါက်ကွဲသံကြီးတစ်ခုကြားတာကြောင့် ထွက်ပြေးကြရာမှာ လူ ၁၀၀၀ နီးပါး ဒဏ်ရာရသွားပါတယ်။

ခုနစ်နှစ်အရွယ် ကလေးတစ်ဦးအပါအဝင် လူနှစ်ဦးလောက်က ဒဏ်ရာအပြင်းအထန် ရရှိထားပြီး အသက်အန္တရာယ်အတွက် စိုးရိမ်စရာအခြေအနေလားဆိုတာတော့ အီတလီရဲတပ်ဖွဲ့က ထုတ်ပြန်ကြေညာခြင်းမရှိပါဘူး။ ဒီအသံဟာ ဗုံးပေါက်ကွဲသံမဟုတ်ဘဲ ပြောက်အိုးပစ်ဖောက်သံသာဖြစ်ပါတယ်။ မြေအောက်ထပ် ကားပါကင်မှာလည်း လူအုပ်ကြီးတိုးဝှေ့နေတာကြောင့် ဒဏ်ရာရရှိသူ အများအပြားရှိခဲ့သေးတယ်လို့ သိရပါတယ်။ အခုအဖြစ်အပျက်ဟာ လီဗာပူးနဲ့ကစားခဲ့တဲ့ ၁၉၈၅ ခုနှစ် ယူရိုပီယံဖလားပြိုင်ပွဲအတွင်း ဟေဇယ်ကွင်းနံရံပြိုကျခဲ့လို့ ၃၉ ဦးသေဆုံးခဲ့တဲ့ အဖြစ်အပျက်ကို ပြန်ပြောင်းအမှတ်ရသွားစေခဲ့ပါတယ်။ ဘာပဲဖြစ်ဖြစ် ဇွန် ၃ ရက်မှာကစားခဲ့တဲ့ ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာ ကွင်းလယ်လူ ကွာဒရာဒို အထုတ်ခံရပြီး ဂိုးပြတ်အရေးနိမ့်ခဲ့သလို အခုလို မတော်တဆမှုဖြစ်ခဲ့တာကြောင့် ဂျူဗင်တပ်အသင်းအတွက်တော့ တကယ်ကို ကံဆိုးမှုဖြစ်ခဲ့တာ သေချာပါတယ်။



# မိသားစုဝင်ငွေတိုးပွားစေရေး ဈေးကွက်ဝင် မှိုမျိုးစုံမွေးမြူစိုက်ပျိုးရေးသင်တန်းဖွင့်

**မြဝတီ ဇွန် ၆**
ကရင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် မြဝတီခရိုင် မြဝတီမြို့ ထီးဝါပလောကျေးရွာအုပ်စု၊ ထီးလော့သေကျေးရွာရှိ ကရင်အမျိုးသား အစည်းအရုံးတွင် ငြိမ်းချမ်းရေး မိသားစုများ၊ ဒေသခံပြည်သူများအတွက် ခိုင်မာသော အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လုပ်ငန်းတစ်ခုအနေဖြင့် အလွယ်တကူ စိုက်ပျိုးနိုင်၍ အချိန်တိုအတွင်းအပိုဝင်ငွေရရှိပြီး လူမှုဘဝမြင့်မားလာစေရန် ရည်ရွယ်လျက် ဈေးကွက်ဝင် မှိုမျိုးစုံ မွေးမြူရေးစိုက်ပျိုးရေးသင်တန်းကို မေ ၃၁ ရက်က စတင်ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

"ဒေသခံပြည်သူများအတွက် အချိန်တိုအတွင်းမှာဝင်ငွေရရှိနိုင်ပြီးတော့ အထိရောက်ဆုံးဖြစ်စေတဲ့ ဟင်းသီးဟင်းရွက်အုပ်စုမှာ ပါဝင်တဲ့ မှိုမျိုးစုံ မွေးမြူစိုက်ပျိုးနည်းကို ကျွမ်းကျင်ပညာရှင်များက စာတွေ့၊ လက်တွေ့သင်ကြားပို့ချမှာပါ။ ပြည်သူတွေအနေနဲ့လည်း မိမိတို့အိမ်ခြံဝင်းအတွင်းမှာ တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းဖြင့် ဈေးကွက်သို့တင်ပို့နိုင်တဲ့အထိ စိုက်ပျိုးစေလိုပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ပြောကြားခဲ့သည်။

ထို့နောက် ကရင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးဝင်းလှိုင်ဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့်အကျိုးရလဒ်များကို ရှင်းလင်းပြောကြားပြီး မွေးမြူရေးစခန်းတာဝန်ခံ ဦးစောကော်လူးက ကျေးဇူးတင်စကားပြောသည်။

အဆိုပါ သင်တန်းကို မေ ၃၁ ရက်မှ ဇွန် ၆ ရက်အထိ ခုနစ်ရက်ကြာ သင်ကြားခဲ့ပြီး သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ဧက ၂၀၀ အား စိုက်ပျိုးမြေဖော်ထုတ်၍ မြေယာမဲ့တောင်သူများထံ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များလွှဲပြောင်းပေးအပ်

**ရေဦး ဇွန် ၆**
၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ရွှေဘိုခရိုင် ရေဦးမြို့နယ် ကျောင်းကုန်း၊ ကုန်းသာ၊ ဝက်ဖြူ အင်ပင်ရေနှင့် ညောင်နီကန်ကျေးရွာများမှ ဒေသခံတောင်သူများအတွက် မြေလွတ် မြေရိုင်း ဧက ၂၀၀အား စိုက်ပျိုးမြေဖော်ထုတ်ပြီး အဆိုပါကျေးရွာများမှ မြေယာမဲ့တောင်သူများသို့ လွှဲပြောင်းပေးအပ်ပွဲကို ဇွန် ၅ ရက် နံနက်ပိုင်းက ညောင်နီကန်ကျေးရွာတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူးက လယ်ယာမြေဖော်ထုတ်ခဲ့မှု အခြေအနေများအား ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက အဆိုပါကျေးရွာ ငါးရွာမှ တောင်သူများထံ လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ်များကို လွှဲပြောင်းပေးအပ်ခဲ့သည်။

အခမ်းအနားတွင် ရေဦးမြို့နယ်အတွင်းရှိ ကျောင်းကုန်း၊ ကုန်းသာ၊ ဝက်ဖြူ အင်ပင်ရေနှင့် ညောင်နီကန် ကျေးရွာတို့မှ မြေယာမဲ့တောင်သူ ၆၁ ဦးတို့အား လုပ်ကိုင်ခွင့်ပေးထုတ်ပေးခဲ့ခြင်းဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဟုမ္မလင်းမြို့နယ်၌ ၃၇၅ ဧက၊ ဖောင်းပြင်မြို့နယ်၌ ဧက ၂၀၀၊ ကသာမြို့နယ်၌ ဧက ၂၀၀ နှင့် ရေဦးမြို့ယ်၌ ဧက ၂၀၀ စုစုပေါင်း ၉၇၅ ဧကအား တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဖော်ထုတ်ပေးကာ မြေယာမဲ့တောင်သူများသို့ အခမဲ့လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ပိုလန်နိုင်ငံမှပေးပို့မည့်အဆင့်မြင့်မီးသတ်ယာဉ်နှင့် စက်ကိရိယာကိုင်တွယ်ထိန်းသိမ်းမှုအကြိုလေ့ကျင့်ရေးသင်တန်းဖွင့်ပွဲကျင်းပ

**မရမ်းကုန်း ဇွန် ၆**
ပိုလန်နိုင်ငံမှပေးပို့မည့် အဆင့်မြင့်မီးသတ်ယာဉ်နှင့် စက်ကိရိယာ ကိုင်တွယ်ထိန်းသိမ်းမှုအကြိုလေ့ကျင့်ရေး သင်တန်းဖွင့်ပွဲကို ဇွန် ၅ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ဌာနချုပ် သီတာခန်းမ၌ ကျင်းပခဲ့သည်။

အဆင့်မြင့်မီးသတ်ယာဉ်နှင့်စက်ကိရိယာကိုင်တွယ်ထိန်းသိမ်းမှု အကြိုလေ့ကျင့်ရေး သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်မှာ မီးငြိမ်းသတ်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ၌ ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်ဖြစ်သည်။

ပိုလန်နိုင်ငံ WISS Corporation နှင့် Secure Networks ကုမ္ပဏီတို့မှ ကျွမ်းကျင်နည်းပြဆရာများက သင်တန်းပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမည်ဖြစ်ကြောင်းသိရသည်။

သင်တန်းဖွင့်ပွဲအပြီးတွင် မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့်အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး၊ ခရိုင်မီးသတ်ဦးစီးမှူးများ၊ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ ပိုလန်နိုင်ငံ WISS Corporation နှင့် Secure Networks ကုမ္ပဏီတို့မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာများနှင့် အရာရှိသင်တန်းသား သင်တန်းသူ ၅၀ တို့တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မောင်မောင်**

# ၁၅ နှစ်အထိ အရစ်ကျဝယ်ယူနိုင်သော Shwe Zabu River View Complex အရောင်းပြပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၆**
မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများ နိုင်ငံတကာအဆင့်မီနေထိုင်မှု အဆင်ပြေစေရန်အတွက် Shwe Zabu River View Complex အရောင်းပြပွဲအား အလုံမြို့နယ် ကမ်းနားလမ်းမကြီးပေါ်ရှိ Shwe Zabu River View Complex မြေညီထပ်၌ ဇွန် ၃ ရက်နှင့် ၄ ရက်က စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသခဲ့ရာ အခန်းဝယ်ယူသူများအတွက် သားစဉ်မြေးဆက် လက်ဆင့်ကမ်းပိုင်ဆိုင်နိုင်သော အခန်းများကို ကနဦး ၃၀ ရာခိုင်နှုန်းငွေပေးသွင်းပြီး ၇၀ ရာခိုင်နှုန်းကို ဘဏ်ဖြင့်ချိတ်ဆက်၍ သုံးနှစ်မှ ၁၅ နှစ်အထိ အရစ်ကျဝယ်ယူနိုင်အောင် စီစဉ်ထားသောကြောင့် လာရောက်လေ့လာသော ပြည်သူများဖြင့် အထူးစည်ကားခဲ့ကြောင်းသိရ သည်။




"ခုမှအထပ်မြင့် အဆောက်အအုံတွေကတည်ဆောက်နေတုန်းပဲရှိနေပါသေးတယ်။ ခုလို facility စုံလင်တဲ့ ကွန်ဒိုမီနီယံထွက်ဖို့ဆိုတာ နောက်ထပ် သုံးနှစ်လောက် စောင့်ရပါလိမ့်မယ်။ ပြီးတော့ အလုံ ကမ်းနားလမ်းမကြီးဆိုတာက China Town နဲ့လည်း နီးပြီး Shopping Mall တွေနဲ့လည်း နီးပါတယ်။ ဒီအလုံ ကမ်းနားလမ်းက ယာဉ်ကြောပိတ်ဆို့မှု လုံးဝမရှိတာကြောင့် ဒီကွန်ဒိုမှာ နေထိုင်မယ့် ပြည်သူများအတွက် အစစအရာရာ အဆင်ပြေစေရပါလိမ့်မယ်။ လက်ကျန်အခန်းကလည်း သိပ်မကျန်တော့တာမို့ အခန်းဝယ်ယူသူများ အဆင်ပြေစွာ ဝယ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ပါတယ်"ဟု Shwe Zabu Deik ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူက ပြောသည်။

အဆိုပါ Shwe Zabu River View Complex မှာ ရန်ကုန်မြို့၏ အချက်အချာကျပြီး ယာဉ်ကြောပိတ်ဆို့မှုမရှိသော အလုံကမ်းနားလမ်းမကြီးပေါ်တွင် စင်ကာပူနည်းပညာဖြင့် နိုင်ငံတကာအဆင့်မီ တည်ဆောက်ထားခြင်းဖြစ်ပြီး မြေအကျယ် ၁ ဒသမ ၅ ဧက ပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။ Shwe Zabu River View Complex ၌ စုစုပေါင်း တာဝါ လေးလုံးရှိပြီး အခန်းပေါင်း ၁၀၄ ခန်း ပါဝင်ကာ ၁၃ ယောက်စီး၊ Schindler lift ရှစ်စီး ပါဝင်ကြောင်းသိရသည်။ ၂၄ နာရီ လျှပ်စစ်မီးအပြည့်အဝ ရရှိနိုင်ရန်အတွက် မီးစက် နှစ်လုံး တပ်ဆင်ထားပေးပြီး လုံခြုံရေးစနစ်အတွက် Video Phone နှင့် CCTV များ တပ်ဆင်ပေးထားကာ မီးဘေးအန္တရာယ်အတွက် ဂါလန် ၃၀၀၀၀ ဆံ့ မီးသတ်ရေကန် နှင့် fire alarm system များ တပ်ဆင်ပေးထားသည်။


တာဝါအတွင်း နေထိုင်ကြသော အခန်းဝယ်ယူသူများ အဆင်ပြေစေရန်အတွက် တာဝါများအတွင်း Mini mart (24 hours)များ ၊ ရုပ်ရှင်ရုံနှင့် ကာရာအိုကေ Home Theatre & Karaoke ခန်းမများ၊ Ambassador Lounge များ၊ Gym Room (Professional) များ၊ Beauty Saloon များ၊ Playground၊ ရေကူးကန်နှင့် ကားပါကင်များပါဝင်ထားရှိပေးထားကြောင်းသိရပြီး အဆိုပါ Shwe Zabu River View Complex အား ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်က စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ကာ ၂၀၁၅ ခုနှစ် ဧပြီ၌ အပြီးသတ်ဆောက်လုပ်ခဲ့ကြောင်းနှင့် အခန်းဝယ်ယူနေထိုင်ကြသည့် ပြည်သူများ အဆင့်အတန်းခေတ်မီစွာ နေထိုင်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိကြောင်း Shwe Zabu Deik ကုမ္ပဏီလီမိတက်မှသိရသည်။ **(စိုးဝင်း–MLA)**

# ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း

**ကြို့ပင်ကောက် ဇွန် ၆**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်တွင် မိုးဦးကျအချိန် ဓာတ်အားလိုင်းတစ်လျှောက် သစ်ပင်များလဲခြင်း၊ သစ်ကိုင်းများ ကျိုးကျခြင်းတို့ကြောင့် ကွန်ကရစ်တိုင်များ၊ ဓာတ်အားလိုင်းကြိုးများ ပျက်စီးပြီး ပြည်သူများ ဓာတ်လိုက်မှုအန္တရာယ်ကင်းရှင်းရန်အတွက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးခင်မောင်မြင့်နှင့်ဝန်ထမ်းများသည် ဓာတ်အားလိုင်းနှင့် ထိစပ်နေသော၊ မှီနေသော သစ်ပင်သစ်ကိုင်းများကို ဇွန် ၃ ရက်မှစတင်၍ ခုတ်ထွင်ရှင်းလင်းခဲ့ကြောင်းသိရသည်။

ဓာတ်အားပြတ်တောက်မှုလျော့နည်းကျဆင်းရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဗို့အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ရည်ရွယ်ပြီး ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းကြောင့် ဇွန် ၃ ရက်မှ ၁၅ ရက်အထိ နေ့စဉ် နံနက် ၇ နာရီမှ မွန်းတည့်၁၂ နာရီအထိ မြို့ပေါ်ရပ်ကွက်အချို့တွင် ဓာတ်အားဖြတ်တောက်ထားမည်ဖြစ်ကြောင်းသိရသည်။

**ဧယျာထွန်း(ကြို့ပင်ကောက်)**



ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ အမှတ် (၅)အခြေခံပညာအလယ်တန်းကျောင်း၌ ခြင်အန္တရာယ်ကင်းရှင်းရေးအတွက် နာရေးကူညီမှုအသင်း(ရန်ကုန်)နှင့် ကျော်သူပရဟိတ(ကွန်ရက်)မှ ဦးဆောင်၍ ဇွန် ၄ ရက်က ခြင်အန္တရာယ်ကင်းရှင်းရေးစီမံချက်ဖြင့် ပရဟိတလုပ်အားပေးလူငယ်များက ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်။ **ခရေစီ**



# မင်ဟိုရဲ့ရုပ်ရှင်သစ် "Somehow 18"

မကြာသေးမီက တောင်ကိုရီးယားနိုင်ငံမှာထုတ်လွှင့်ပြသခဲ့ပြီး အွန်လိုင်းမီဒီယာပေါ်မှာလည်း ကျော်ကြားခဲ့တဲ့ တောင်ကိုရီးယားဇာတ်လမ်းတွဲရုပ်ရှင် "Hwarang" မှာ ပါဝင်သရုပ်ဆောင်ထားတဲ့မင်းသား မင်ဟိုဟာ ရုပ်ရှင်ရဲ့အောင်မြင်မှုနဲ့အတူ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်လာခဲ့ပါတယ်။ ဒါ့ကြောင့် လတ်တလောမှာလည်း ဇာတ်လမ်းတွဲရုပ်ရှင်သစ်တစ်ကားကို ရိုက်ကူးပေးဖို့လက်ခံထားခဲ့ကာ မင်ဟိုရဲ့ ရုပ်ရှင်သစ်ကိုတော့ JTBC မှတစ်ဆင့် ထုတ်လွှင့်ပြသသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

မြန်မာရုပ်ရှင်ချစ်ပရိသတ်တွေနဲ့ “အလှဆုံးချစ်သူ”ဇာတ်လမ်းတွဲရုပ်ရှင်မှာ အမြင့်ခုန်ကစားသမားတစ်ဦးအဖြစ် စတင်ရင်းနှီးခွင့်ရခဲ့တဲ့ မင်ဟိုဟာ "Hwarang"၊ "Because It’s the First Time"၊ "Medical Top Team"တို့မှာ ပါဝင်သရုပ်ဆောင်ခဲ့ရာကနေ ကျော်ကြားလာခဲ့ပြီး ရုပ်ရှင်ကားတွေကို ဆက်တိုက်ဆိုသလိုရိုက်ကူးခဲ့ရတာလည်း ဖြစ်ပါတယ်။ လတ်တလောမှာတော့ "Somehow 18"ရုပ်ရှင်အတွက် ပြင်ဆင်နေတာဖြစ်ပြီး ယင်းရုပ်ရှင်မှာတော့ မင်ဟိုဟာ အဓိကဇာတ်လိုက်အဖြစ် ပါဝင်ထားတာလည်း ဖြစ်ပါတယ်။

"Somehow 18" ဟာ အချစ်ဟာသရုပ်ရှင်အမျိုးအစားဖြစ်ပြီး အသက် (၁၈)နှစ်အရွယ်ကို အကြိမ်ကြိမ်ပြန်လည်ရောက်ရှိနေတဲ့ အမျိုးသားတစ်ဦးရဲ့အကြောင်းကို ဇာတ်လမ်းဆင်ရိုက်ကူးထားတာ ဖြစ်ပါတယ်။ ယင်းရုပ်ရှင်မှာ မင်ဟိုရဲ့ ဇာတ်ကောင်ဟာ အတိတ်မှာကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံကာ သေဆုံးသွားခဲ့ရတဲ့ ချစ်သူအတွက် ပြန်လည်ကယ်တင်နိုင်ဖို့ကြိုးစားရင်း ချစ်သူမကွယ်လွန်မီကာလကို ပြန်လည်ရောက်ရှိတဲ့ အမျိုးသားတစ်ဦးဖြစ်ကြောင်းလည်း သိရပါတယ်။

မင်ဟိုရဲ့ ရုပ်ရှင်သစ်ကိုတော့ လာမယ့် ဇူလိုင်လနှောင်းပိုင်းမှာ စတင်ထုတ်လွှင့်သွားဖို့ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

အေး ပြည့် - စု စည်း ရေး သား သည်

# နှုတ်ဆက်သွားတဲ့ SISTAR ရဲ့ ခုနစ်နှစ်တာအနုပညာခရီးကို ပြန်ပြောင်းကြည့်ခြင်း

လတ်တလောမှာ ပရိသတ်တွေအတွက် နောက်ဆုံးနှုတ်ဆက်သီချင်းကို ထုတ်လွှင့်ပေးခဲ့ကာ အဖွဲ့ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်းကိုလည်း တရားဝင်ထုတ်ဖော်ပြောကြားလာခဲ့တဲ့ တောင်ကိုရီးယားအမျိုးသမီးတေးဂီတအဖွဲ့ကတော့ "SISTER" ပဲ ဖြစ်ပါတယ်။ အဆိုပါတေးဂီတအဖွဲ့ဟာ အဖွဲ့စတင်တည်ထောင်ခဲ့ရာမှ ဖျက်သိမ်းချိန်အထိ ခုနစ်နှစ်တာကာလအတွင်း နာမည်ကျော်တေးသီချင်းတွေကို ဖန်တီးခဲ့ကာ ပရိသတ်တွေရဲ့အားပေးမှုကို အခိုင်အမာရရှိထားတဲ့ တေးဂီတအဖွဲ့လည်း ဖြစ်ပါတယ်။

အခြားသောတေးဂီတအဖွဲ့တွေနဲ့မတူဘဲ "SISTAR" ရဲ့ ထူးခြားချက်တစ်ခုကတော့ အဖွဲ့ဝင်တွေအတွင်း လူမှုရေးပြဿနာ တစ်စုံတစ်ရာပင်မရှိခဲ့ဘဲ အချင်းချင်းအလွန်ချစ်ကြည်စည်းလုံးခဲ့ကြတာကို တွေ့ရပါတယ်။ အဖွဲ့ဝင်တွေဟာ ဂီတလှုပ်ရှားမှုတွေ လုပ်ဆောင်နေစဉ်အတွင်းမှာသာမက ကိုယ်ပိုင်အချိန်တွေမှာလည်း မခွဲအတူ တပူးတွဲတွဲတွေ့ရလေ့ရှိပါတယ်။ ဒါ့ကြောင့် ယင်းတေးဂီတအဖွဲ့ကို တောင်ကိုရီးယားတေးဂီတအဖွဲ့တွေရဲ့ အတုယူဖွယ်အဖွဲ့တစ်ဖွဲ့ဖြစ်လာစေခဲ့ပြီး အဖွဲ့ဝင်တွေရဲ့ ဆွဲဆောင်မှုကောင်းတဲ့ ဟန်ပန်တွေကြောင့်လည်း ပရိသတ်တွေရဲ့အာရုံကို အထူးဖမ်းစားထားနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် "SISTAR" အဖွဲ့ဝင်တွေဟာ အခြားသောကေပေါ့ပ်ကြယ်ပွင့်တွေလို အလွန်အမင်း ကိုယ်အလေးချိန်လျှော့ချတာတွေ၊ အသားအရောင်ဖြူလွန်းတာတွေမရှိဘဲ ကျန်းမာသန်စွမ်းတဲ့ ဟန်အပြည့်နဲ့ တစ်မျိုးတစ်ဖုံဆွဲဆောင်မှုရှိနေတာကိုလည်း တွေ့ရပါတယ်။

"SISTAR" ဟာ ပြီးခဲ့တဲ့ ၂၀၁၀ ခုနှစ်အတွင်း "Push Push" တေးသီချင်းနဲ့ တေးဂီတလောကအတွင်း စတင်ဝင်ရောက်လာခဲ့တာဖြစ်ပါတယ်။ ယင်းတေးသီချင်းဟာ ထုတ်လွှင့်ခဲ့တဲ့နွေရာသီမှာ ရေပန်းအစားဆုံးသော တေးသီချင်းတစ်ပုဒ်ဖြစ်ခဲ့ကာ တေးသီချင်းရဲ့ အောင်မြင်မှုနဲ့အတူ "SISTAR" အဖွဲ့ဟာလည်း ကျော်ကြားတဲ့ တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်လာခဲ့ပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ်အတွင်းမှာတော့ အဖွဲ့ရဲ့ တေးသီချင်းသစ်တစ်ပုဒ်ဖြစ်တဲ့ "So Cool" ကို ထုတ်လွှင့်ခဲ့တာ ယင်းတေးသီချင်းမှာလည်း အဖွဲ့ဝင်တွေရဲ့ ကြံ့ခိုင်ပြီး ဆွဲဆောင်မှုရှိတဲ့ ဟန်အပြည့်နဲ့ တွေ့ခဲ့ရပါတယ်။ "So Cool" ဟာ တောင်ကိုရီးယားမှာရှိတဲ့ ကာရာအိုကေ ခန်းမတွေအားလုံးလိုလိုမှာ အမြဲဖွင့်ရလေ့ရှိတဲ့ တေးသီချင်းဖြစ်ခဲ့တဲ့အထိလည်း အောင်မြင်ခဲ့ပြန်တာကို တွေ့ရပါတယ်။ အဲဒီနောက် "SISTAR 19" လို့ပြောင်းလဲကာ အဖွဲ့ဝင်သစ်နှစ်ဦးဖြစ်တဲ့ ဟိုရင်နဲ့ ဘိုရာတို့ကို ထပ်ပေါင်းအားဖြည့်ခဲ့ချိန်တွေအတွင်းမှာလည်း အဖွဲ့အတွက် ဆန်းသစ်မှုတစ်ခုဖြစ်စေခဲ့ကာ အောင်မြင်မှုတွေ ထပ်လောင်းရရှိခဲ့ပြန်ပါတယ်။

၂၀၁၂ ခုနှစ်ကတော့ အဖွဲ့ရဲ့အအောင်မြင်ဆုံးသော ကာလတစ်ခုဖြစ်ခဲ့တယ်လို့ ဆိုရမှာပဲ ဖြစ်ပါတယ်။ အဲဒီနှစ်အတွင်းမှာ အဖွဲ့ရဲ့တေးသီချင်းသစ်အဖြစ် "Alone" ကို စတင်ထုတ်လွှင့်ခဲ့ပါတယ်။ ယင်းတေးသီချင်းဟာတော့ အထူးအောင်မြင်ခဲ့ကာ ၂၀၁၂ ခုနှစ်ရဲ့ အကျော်ကြားဆုံးသောတေးသီချင်းဖြစ်လာခဲ့ပြီး ပရိသတ်တော်တော်များများက ပြန်ဆိုတေးတွေသီဆိုကာ အွန်လိုင်းမီဒီယာတွေပေါ်မှာ ပြန်လည်ဖော်ပြခဲ့တာကြောင့်လည်း ပိုမိုအောင်မြင်ခဲ့တာဖြစ်ပါတယ်။ အဲဒီနောက် ၂၀၁၂ ခုနှစ် ဇွန်လအတွင်းမှာ တေးသီချင်းသစ်တစ်ပုဒ်ဖြစ်တဲ့ "Loving U" ကို တေးဗီဒီယိုနဲ့အတူ ထုတ်လွှင့်ခဲ့ရာမှာလည်း ပရိသတ်တွေရဲ့အာရုံကို ဆွဲဆောင်ထားနိုင်ခဲ့ကာ အဲဒီနှစ်နွေရာသီမှာ ဘယ်နေရာကိုပဲသွားသွား ယင်းတေးသီချင်းကို ကြည့်ရှုနေတဲ့သူကို တွေ့ရလေ့ရှိတဲ့အထိ လူကြိုက်များခဲ့တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ခဲ့ပါတယ်။

"Give It To Me" ကိုတော့ "SISTAR" ဟာ ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်အတွင်း စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပြီး ယင်းတေးသီချင်းမှာ "SISTAR"က အဖွဲ့ဝင်တွေအနေနဲ့ ဆွဲဆောင်မှုရှိတဲ့ ဟန်ပန်တွေနဲ့ ပရိသတ်တွေကို နှစ်အတော်ကြာထိန်းသိမ်းထားနိုင်ခဲ့တဲ့ တေးဂီအဖွဲ့ဖြစ်နေတဲ့ လျှို့ဝှက်ချက်တွေကို လှစ်ဟပြခဲ့ပါတယ်။ ယင်းတေးသီချင်းသစ်ဟာလည်း "SISTAR" ရဲ့ အောင်မြင်မှုကို ထပ်ပေါင်းစေတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ခဲ့ကာ အဖွဲ့ဝင်တွေရဲ့ ထူးခြားလှပပြီး ဆွဲဆောင်မှုရှိတဲ့ အကစွမ်းရည်တွေကိုလည်း ထုတ်ဖော်ပြသနိုင်ခဲ့တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ အဖွဲ့လိုက်လှုပ်ရှားမှုတွေကနေ တစ်ဦးချင်းစီရဲ့လှုပ်ရှားမှုတွေကို တွေ့လာရပါတယ်။ အထူးသဖြင့် အဖွဲ့ဝင်တွေအနက် အသံပါဝါကောင်းသူတစ်ဦးဖြစ်ပြီး ထူးခြားတဲ့အသံမျိုးကို ပိုင်ဆိုင်ထားတဲ့ ဆိုယူရဲ့ ဖျော်ဖြေမှုတွေကို တွေ့လာခဲ့ရပါတယ်။ ဒါပေမယ့် အဖွဲ့ဝင်တွေကတော့ အခင်အမင်မပျက်ကြဘဲ အရင်လို သွားတူ၊ လာတူ ရှိနေဆဲ ဖြစ်တာကိုလည်း တွေ့ရပါတယ်။

၂၀၁၄ ခုနှစ်အတွင်းမှာတော့ အဖွဲ့ရဲ့တေးဂီတလှုပ်ရှားမှုသစ်တွေဟာ ယခင်တွေ့နေကျအချိန်ထက်နောက်ကျမှ ပရိသတ်ရှေ့ရောက်လာခဲ့တာတွေ့ရပါတယ်။ ဒါပေမယ့် ယင်းနှစ်အတွင်းမှာလည်း "Touch My Body" နဲ့ "I Swear" တေးသီချင်းသစ်နှစ်ပုဒ်ထုတ်လွှင့်ခဲ့ပြီး တေးဂီတဇယားတွေမှာ ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့တဲ့အထိ အောင်မြင်မှုတွေရရှိခဲ့ပြန်ပါတယ်။ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအတွင်းမှာ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဆိုယူရဲ့ တေးသီချင်း "Some" ကို ထုတ်လွှင့်ခဲ့ပြီး ယင်းတေးသီချင်းမှာ အခြားသောနာမည်ကျော်တေးသံရှင်တစ်ဦးဖြစ်တဲ့ ဂျန်ဂျီဂိုနဲ့ တွဲဖက်သီဆိုထားတာဖြစ်ပါတယ်။ "Some"ဟာလည်း အောင်မြင်မှုအတိုင်းအတာကျယ်ပြန့်ခဲ့တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး ယနေ့တိုင်ပရိသတ်တွေအကြား ရေပန်းစားနေဆဲတေးသီချင်းတစ်ပုဒ်လည်း ဖြစ်နေတာတွေ့ရပါတယ်။

လွန်ခဲ့တဲ့ နှစ်နှစ်ခန့်ကာလဖြစ်တဲ့ ၂၀၁၅ ခုနှစ်အတွင်းမှာတော့ "SISTAR" ဟာ "Shake It"တေးသီချင်းကိုထုတ်လွှင့်ခဲ့ပါတယ်။ ယင်းတေးသီချင်းကို ပြန်လည်ဆန်းသစ်မှုများစွာလုပ်ခဲ့ပေမယ့် ပရိသတ်အများစုကတော့ မူရင်းတေးသီချင်းကိုသာ နှစ်သက်အားပေးကြတာကို တွေ့ရပါတယ်။ ဒါ့အပြင် "SISTAR" ဟာ နာမည်ကျော် အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "MONSTRA X" ရဲ့ တေးဗီဒီယိုမှာ ပါဝင်အားဖြည့်သီဆိုပေးခဲ့ပြီး အောင်မြင်မှုလမ်းကြောင်းပေါ်က မှတ်တိုင်သစ်တစ်ခုကို စိုက်ထူနိုင်ခဲ့ပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်ကတော့ "SISTAR" အတွက် ထူးခြားတဲ့နှစ်တစ်နှစ်ဖြစ်ခဲ့ပြီး စိန်ခေါ်မှုများစွာနဲ့ ရင်ဆိုင်ခဲ့ရတဲ့ နှစ်လည်းဖြစ်ပါတယ်။ အဲဒီနှစ်အတွင်း တေးသီချင်းသစ် "I Like That"ကို ထုတ်လွှင့်ခဲ့ရာမှာ ဝေဖန်သံတွေများစွာပေါ်ထွက်လာခဲ့ပေမယ့် လက်ရှိအချိန်အထိတော့ ယင်းတေးသီချင်းဟာ တေးဂီတဇယားတွေမှာ နေရာရနေဆဲဖြစ်တာကို တွေ့ရပါတယ်။

လက်ရှိ ၂၀၁၇ ခုနှစ်ကတော့ အဖွဲ့လိုက်အနုပညာလှုပ်ရှားမှုတွေကို နောက်ဆုံးလုပ်ဆောင်ခဲ့တဲ့နှစ်ဖြစ်ပြီး ခုနစ်နှစ်တာ စာချုပ်သက်တမ်းပြည့်ခဲ့ပြီဖြစ်ကာ ပရိသတ်တွေကို နှုတ်ဆက်တဲ့အနေနဲ့ နောက်ဆုံးသောတေးသီချင်း "Lonely" ကို ထုတ်လွှင့်ခဲ့ပါတယ်။ ယင်းတေးသီချင်းဟာ ချစ်ခင်တဲ့သူတွေအကြား ကွဲကွာသွားစေခဲ့တဲ့အကြောင်းတွေကို ပုံဖော်ထားတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး အောင်မြင်ခဲ့တဲ့တေးသီချင်းလည်းဖြစ်ပါတယ်။ မကြာသေးမီက အဖွဲ့ဝင်တွေရဲ့ နောက်ဆုံးအနေနဲ့ အဖွဲ့လိုက်ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေကို လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြသခဲ့တာကိုလည်း တွေ့ရပါတယ်။

တောင်ကိုရီးယားရဲ့ တေးဂီတအဖွဲ့တော်တော်များများဟာ ခုနစ်နှစ်တာ စာချုပ်သက်တမ်းအပြီး အဖွဲ့ဖျက်သိမ်းလိုက်ရတာများပါတယ်။ အောင်မြင်မှုကြောင့်သာမဟုတ်ဘဲ အဖွဲ့ဝင်တွေရဲ့ ဆန္ဒတွေကြောင့် သီးခြားစီရပ်တည်လှုပ်ရှားကြဖို့ ဖြစ်လာခဲ့ကြတာတွေ့ရပါတယ်။ အဖွဲ့ဝင်အချင်းချင်းဆက်ဆံရေးအဆင်ပြေကြပြီး အောင်မြင်မှုကိုလည်း အတိုင်းအတာတစ်ခုအထိ ရရှိခဲ့တဲ့ "SISTAR"ဟာလည်း အဖွဲ့ဝင်တွေရဲ့ မတူညီတဲ့ရည်မှန်းချက်တွေကြောင့် ခုနစ်နှစ်စာချုပ်အပြီးမှာတော့ သက်ဆိုးမရှည်နိုင်တော့ဘဲ ဖျက်သိမ်းကြောင်းကြေညာခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ကေပေါ့ပ်တေးဂီတလောကမှာတော့ နာမည် ကောင်းတွေနဲ့ မှတ်ကျောက်တင်နိုင်ခဲ့တဲ့ တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "SISTAR" ကိုတော့ ပရိသတ်တွေရဲ့ရင်ထဲမှာ အမြဲရှိနေဦးမှာလည်း အသေအချာပင်ဖြစ်ပါတယ်။



# မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၂၆လမ်း၊ ၅၈×၅၉လမ်းကြား၊ အိမ်အမှတ်(၃၉)နေ ဦးတင်နိုင်ကိုကို (B.E-Civil) (ဦးစီးအရာရှိတံတားအထူးဖွဲ့-၉)-ဒေါ်အေးမြစန္ဒာကြည် (Business Management) (Nissho Bookkeeping Mitaka Welfare College,Tokyo)၊ ဒေါ်နွယ်ဝါလှိုင်ကြည် (B.E Chemical) (IT Central Information College,Tokyo)တို့၏မောင်၊ မောင်လင်းနိုင်ကြည် Grade-2 (Ayeyarwaddy International School)၏ ဦးလေး၊ ဦးမင်းအေး (B.E Mechanical) (ဒါရိုက်တာ-ရွှေလာမိုးဆောက်လုပ်ရေးကုမ္ပဏီ)-ဒေါ်ကြည်ကြည်မြင့် LL.B (အထက်တန်းရှေ့နေ)တို့၏ တစ်ဦးတည်းသောသား

**မောင်ရဲနိုင်ကြည် B.E (Mechanical)**

**နိုင်းစတား-အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး**

နှင့်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ဦးအေးလမ်း၊ အိမ်အမှတ်(၁၇၀)နေ ဒေါ်အေးစန္ဒာထွန်း LL.B (စာရင်းကိုင်-မြန်မာနိုင်ငံစာရင်းကောင်စီ)၏ညီမ၊ (ဦးခင်မောင်တင်)-ဒေါ်မြင့်မြင့်စန်း(ဆန်ရောင်းဝယ်ရေး)တို့၏သမီးငယ်

**မနန္ဒာဝင်း B.E (Electronic)**

**Project Engineer (Elite Tech Manufacturing Co.Ltd)**

တို့၏ ၂၈-၅-၂၀၁၇ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော အထက်မြန်မာနိုင်ငံတရားသူကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီးဒေါ်ခင်သောင်းစိုးအားလည်းကောင်း၊ စုလျားရစ်ပတ်လက်ထပ်ထိမ်းမြားပေးပါသော တရားလွှတ်တော်ရှေ့နေ ဦးစိုးဝင်းနှင့်ဇနီးဒေါ်ခင်စောဦး၊ သမဝါယမ စာရင်းမန်နေဂျာ(ငြိမ်း)အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ဆင်မြန်းပေးပါသော ဦးသန်းလှ(ဒု-ညွှန်မှူး-ငြိမ်း၊ နယ်စပ်စည်ပင်)နှင့်ဇနီးဆရာမဒေါ်ဝင်းစိန်တို့အားလည်းကောင်း၊ ဘိသိက်စကားမြွက်ကြားချီးမြှင့်ပေးပါသော ဆရာဦးအောင်မြင့်အားလည်းကောင်း၊ ၃-၆-၂၀၁၇ရက်တွင် မင်္ဂလာဧည့်ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းညွှန့်(အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ နေပြည်တော်)နှင့်ဇနီးဒေါ်သီတာကျော်အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ဦးညီညီလွင်နှင့်ဇနီး ဒေါ်ဝင်းဝင်းခိုင်"မိုးမြင့်သူ"စိန်ရွှေရတနာဆိုင်နှင့် "ရွှေဘုံသာ"ရွှေဆိုင်မန္တလေးအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်လာသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြတ်ကျော်၏ဇနီးဒေါ်မြင့်မြင့်အောင်အားလည်းကောင်း၊ အင်ဂျင်နီယာချုပ် ဦးသန်းနိုင်အောင် (အဆောက်အအုံဦးစီးဌာန၊ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နေပြည်တော်)ဇနီးဒေါ်ခင်ဝင်းဆင့်အားလည်းကောင်း၊ သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာသုဓမ္မာဦးကျော်ဝင်းနှင့်ဇနီး သီဟသုဓမ္မသိင်္ဂီ ဒေါက်တာဒေါ်မြင့်မြင့်သန်း(မန်းမြေရာဇာကုမ္ပဏီ)မိသားစုအားလည်းကောင်း၊ ဒေါ်အေးအေးအောင်(သီရိသုဓမ္မသိင်္ဂီ)အားလည်းကောင်း၊ မင်္ဂလာအခါတော်တေးသီဆိုပေးပါသော တေးသံရှင်စိုးစန္ဒာထွန်း၊ ဆောင်းမူမူသိန်း၊ မင်္ဂလာပန်းကြဲပေးပါသော ဒေါက်တာသင်းသဇင်ဦး၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ဗန်းကိုင်ပေးပါသော မနှင်းရည်ဖူး၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ပေးပါသော မသွယ်သဥ္ဇာလှိုင်၊ သတို့သားအရံများဖြစ်ကြသော မောင်သိန်းမျိုးဇင်၊ မောင်နိုင်ကိုကြည်၊ သတို့သမီးအရံများဖြစ်ကြသော မသိမ့်နန္ဒာနိုင်၊ မရွှေရည်ဥတို့အားလည်းကောင်း၊ သတို့သားနှင့်သတို့သမီးတို့အား စိန်လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော "မိုးမြင့်သူ" စိန်ရွှေရတနာဆိုင်နှင့် "ရွှေဘုံသာ" ရွှေဆိုင်ပိုင်ရှင် ဦးညီညီလွင်နှင့်ဇနီးဒေါ်ဝင်းဝင်းခိုင်တို့အားလည်းကောင်း၊ ပန်းအလှဆင်ပေးပါသော "အောင်လင်း" သစ်ခွအားလည်းကောင်း၊ မင်္ဂလာဝတ်စုံဖန်တီးပေးပါသော ဒီဇိုင်နာဂျူးဂျူးအားလည်းကောင်း၊ မိတ်ကပ်-ဆံပင်အမရာမောင်မောင်နှင့်အဖွဲ့အားလည်းကောင်း၊ ဓာတ်ပုံနှင့်ဗီဒီယိုအင်ပါယာနှင့်အဖွဲ့အားလည်းကောင်း၊ Oriental House မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ The Palace By Golden Duck မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ ပြည်ပမှ လက်ဖွဲ့များပေးပို့ပေးပါသော မိတ်ဆွေများအားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ ကြွရောက်လာကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ညီအစ်ကိုမောင်နှမအရင်းကဲ့သို့ ချစ်ခင်ကြသော အိမ်ခြံမြေအကျိုးဆောင်များအားလုံး၊ အိမ်ခြံမြေကျန်းမာရေးစောင့်ရှောက်မှုအသင်းမှ နာယကကြီးနှင့် အလုပ်အမှုဆောင်အဖွဲ့သားများအားလုံးအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူ အားလုံးအား အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ရဲနိုင်ကြည်-မနန္ဒာဝင်း**

ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ဆိုင်တိုင်းတွင်ရပြီ၊ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို၊ ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။ အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။
ဇွန်လ(၃/၅/၇)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

ဗိုလ် မှူး သံယံ San brotherhood
"စိတ်ဆေးစမ်းသပ်(အခမဲ့)"
Air-Con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်များကို ပြုပြင် တပ်ဆင် ရောင်းဝယ် လဲလှယ် Servicing လုပ်ခြင်းများကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်။
မိုးရာသီ အိမ်အရောက်ပို့ အထူးဈေးနှုန်း
အဝတ်လျှော်စက် 200,000Ks
230,000Ks
အဝတ်လျှော်စက် 135,000Ks
အဝတ်ညှစ်စက် 75,000Ks
1HP 290000Ks
တပ်ဆင်ပြီးဈေးနှုန်း (၃နှစ်အာမခံ)
၁။ နာမည်ကြီး Brand ၂။ စိတ်ချရသည့်အာမခံ ၃။ အထူးအာမခံ (Compressor)
ပါဝင်သောပစ္စည်းများ
Copper Pipe(10)Ft. Frame, Safeguard, Transportation, Installation
"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"
FMI City (လှိုင်သာယာ) 709373,09-5084831,682445(Ext)1421
ကျောင်းလမ်း (အလုံ) 01-704101 , 09-5002738, 09-450023810
သမိုင်းလမ်းဆုံ (မရမ်းကုန်း) 681854, 706193, 09-73116475
ကျောက်မြောင်း (တာမွေ) 01-704649, 09-73066836, 09-73004800
Capital အနီး (ဒေါပုံ) 09-5053114, 73251545, 01-708842
ရွှေဂုံတိုင်မီးပွိုင့်အနီး (ဗဟန်း) 09-43083868, 01-703241
သုနန္ဒာလမ်းဆုံအနီး (မြောက်ဥက္ကလာ) 09-5190383,09-73251535
ဟံသာဝတီ CNG အနီး (ကြည့်မြင်တိုင်) 01-703684, 09-43130068
Victoria အနီး နဝဒေး (လှိုင်သာယာ) 01-704467,09-73217035
တောင်/မြောက်လမ်းဆုံအနီး (တ/ဒဂုံ) 01-709114, 09-5019316







ဇီ ဝ မျိုး စုံ မျိုး ကွဲ တွေ ကြွယ် စေ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့

## ကြော်ငြာ


- စည်းကမ်းကို အုတ်မြစ်ချသည်၊ စနစ်ကို တည်ဆောက်သည်၊ ပညာဖြင့် အလှဆင်သည်။
- လာပါ၊ လေ့လာပါ၊ နှိုင်းယှဉ်ပါ၊ သာတယ်ထင်မှ အပ်ပါ။

**ဒေါက်တာအောင်မျိုးမင်း နှင့် ဦးထွန်းအောင်ကျော်** ဦးစီးသော...

# UEC

ကက-၁၃/၂၂/၂၅

**United Education Centre**

**ကိုယ်ပိုင်အထက်တန်းကျောင်း**

**KG - Grade 10**

**အဆင့်မြင့်ဘော်ဒါနှင့် DAY CAMP**



မောင်လွင်မင်းသိန်း ဆကရ - ၁၄၄၂ (ဘာသာစုံဂုဏ်ထူးရှင်)

### ၂၀၁၅ - ၁၆ ပညာသင်နှစ် ထူးချွန်ကျောင်းသား၊ ကျောင်းသူများ



### ၂၀၁၇ - ၁၈ ပညာသင်နှစ် အတွက် ကျောင်းအပ်လက်ခံပြီ။

အဆင့်မြင့်ဘော်ဒါ – ၇၊၈၊၉၊၁၀ တန်းများအတွက် ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးသန့်ထားရှိသည်။ တည်ထောင်သူများကိုယ်တိုင် အဆောင်များတွင် အနီးကပ် နေထိုင်စောင့်ရှောက်သည်။ **Air-con** တပ် အိပ်ခန်းများ နှင့် စာသင်ခန်းများ ထားရှိသည်။

DAY CAMP – (၄) တန်းမှ တက္ကသိုလ်ဝင်တန်းအထိ **SPECIAL CAMP** တန်းများ ဖွင့်လှစ်သည်။ အိမ်တွင် မိမိရင်သွေးအား ပြန်မကြည့်နိုင်သော မိဘများအတွက် ရည်ရွယ်သည်။ သင်ကြား၊ လေ့ကျင့်၊ မေးခွန်းဖြေဆိုမှုပြည့်စုံ၍ ကျူရှင်ထပ်ယူရန် မလိုတော့ပါ။

မူလတန်း၊ အလယ်တန်း – **English 4-skills**၊ ပန်းချီ၊ ကွန်ပျူတာ၊ **Kids invent** စသော **Extracurricular Activities** များ ပါဝင်သည်။

- **Limited Class size** များဖြစ်ပါသဖြင့် ကြိုတင်အပ်နှံမှ နေရာသေချာမည်။ (ကျောင်းကားရှိသည်။)
- (၄) ထပ် အဆင့်မြင့်ကျောင်းဆောင်သစ်ကြီး၏ **Air-con** တပ် စာသင်ခန်းကျယ်ကြီးများတွင် ပျော်ရွှင်ချမ်းမြေ့စွာ သင်ကြားစေမည်။

ကျောင်း ● အမှတ် (၄၁)၊ ရွှေရတနာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 09 7800 20647, 09 7938 93725, 09 51 57988, 09 51 62238

ကျောင်းသူဆောင် ● မြေအမှတ် (၁၅ A နှင့် B) စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကျောင်းသားဆောင် ● မြေအမှတ် (၄) စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။



## STUDY ABROAD EDUCATION ROAD SHOW 2017

- ✔ မတူညီသည့် နိုင်ငံတကာ ပညာရေးစနစ်များနှင့် ကြိုတင်ပြင်ဆင်သင့်ပုံများ၊
- ✔ မြန်မာကျောင်းသားများ မိမိပညာရေးနှင့်အညီရွေးချယ်နိုင်မည့် ဘာသာရပ်ဆိုင်ရာ လမ်းကြောင်းများ၊
- ✔ ကျောင်းလျှောက်ထားရာတွင် ရွေးချယ်မှုမှန်ကန်စေရန် သတိပြုရမည့် အချက်များ၊
- ✔ နိုင်ငံတကာရှိ အလုပ်အကိုင်အခွင့်အလမ်းများအတွက် ကြိုတင်ပြင်ဆင် လေ့လာသင့်ပုံ၊
- ✔ ဘာသာရပ်ကင်းလွတ်ခွင့်များနှင့် ဘွဲ့လွန်ပညာရပ် ဆက်လက်ရွေးချယ်တက်ရောက်နိုင်ခွင့်များ၊
- ✔ နိုင်ငံတကာပညာရေးလမ်းညွှန် (**STUDY ABROAD** International Education Prospectus) ကို ရယူနိုင်မည့် အခွင့်အရေး၊




**Mandalay**
Date : 10 June 2017 (Sat)
Time : 2:00 pm - 5:00 pm
Venue : Swan Hotel (Yadanar Room)

**Yangon**
Date : 11 June 2017 (Sun)
Time : 2:00 pm - 5:00 pm
Venue : Novotel Hotel (Bagan Room)

**SA IC STUDY ABROAD Information Centre**

**သင့်ပညာရေး အတွက် ယုံကြည့် အားထားရာ**

(09) 5151 008, (09) 73 2424 04 f STUDY ABROAD Information Centre



**မင်္ဂလာပါ**

အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296



**သီဟာလင်း**

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10',14',16',18')ကားများဖြင့်
လုပ်သားအပြီးအစီး
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394



**CALIFORNIA UNITEC**
**Institute of Engineering**

Edinburgh Napier UNIVERSITY

**2017 July Intake အတွက် Foundation နှင့် B.E (Hons) တက်ရောက်မည့် ကျောင်းသူ/ကျောင်းသားများအားစတင်လက်ခံနေပါပြီ။**



**Enroll လုပ်ပြီး ကျောင်းသူ/ကျောင်းသားများ Singapore Subway Project and Excursion Trip သို့ လိုက်ပါနိုင်ပါသည်။ 3rd week of June**



ပုလဲကွန်ဒို၊ Block C နှင့် D ကြား၊ 3F (တတိယထပ်)၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

09 250 555 558, 09 250 555 559, 09 255 71 72 30, 09 255 71 72 40, 09 421 00 55 44

www.californiaunitec.com www.facebook.com/californiaunitec


**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# CONGRATULATIONS!

## TO OUR GRADUATION CLASS OF 2017

မြန်မာနိုင်ငံပညာရေးမြှင့်တင်မှုအတွက် ပုဂ္ဂလိကပညာရေးကဏ္ဍမှအောင်မြင်မှုအရှိဆုံး ကြိုးပမ်းမှုအဖြစ် ဂုဏ်ယူစွာ ကြေညာအပ်ပါသည်။

**Business and Technology Education Council (UK) Level - 5 HND 2017 အတွက်**

**VUC တွင် (Jan 2015) Intake မှ စတင် တက်ရောက်ပြီး အောင်မြင်သူများ**

### CONSTRUCTION & THE BUILT ENVIRONMENT (CIVIL ENGINEERING)

1 Pyae Sone Myo Swe
2 Hnin Htet Kyaw Zin
3 Khine Khine San
4 Si Thu Phyo
5 Zaw Lin Naing
6 Phone Htet
7 Su Lei Lei Htike
8 Eaint Thet Hmu
9 Nang Hnin Pwint
10 Min Thwin Oo
11 Shin Thant Oo
12 Htet Thinzar Naing
13 Htet Aung Hlaing
14 Hnin Wutt Yi
15 Wai Yan Htet Aung
16 Wai Phyo Aung
17 Hmoo Pyae Wadi Aung Myo Thant
18 Yamin Han
19 Hay Mar Myat Thu
20 Po Mo Htoo Aung
21 Thar Shwe Tun
22 Aye Myat Mon
23 Thi Han Zaw
24 Yaw Thet
25 Thein Htike Aung
26 Yoon Pwint Me Ko
27 Phyo Thandar Tint
28 Eaint Eaint Kyaw
29 Aung Thu Hein
30 Paing Soe Oo
31 Chit Myat Noe
32 Aka
33 Thet Ngone Phoo
34 Thiha Htut
35 Pann Ei Phyu
36 Min Sett Thaw
37 May Myat Thu
38 Thet Phoo Ngone
39 Vesta
40 Pwint Tharaphy Hlaing
41 Wai Yan Maung
42 Pyae Phyo Paing
43 Aye Yu Yu Han
44 Naing Lin Oo
45 Su Mon Thin
46 Arkar Min Khant
47 Khin Myat Noe Oo
48 Ye Min Lwin
49 Soe Yu Htet
50 Phue Ngon Thant Zin
51 Kyaw Swar Hein (2)
52 Ko Ko Naing
53 Kyaw Lin Htet
54 Zaw Wint Htet Naung
55 Kyaw Swe Oo
56 Nyein Nyein Myint
57 Aung Zaw Myint
58 Thet Tin Soe
59 Kyaw Zin Thant
60 Hein Htet Kyaw
61 Nan Myat Thwe Thiha
62 Mya Eindar Khin
63 Myo Thawdar Mon
64 Tin Kyaw Lin
65 Shine Htet Min
66 Soe Lin Naing
67 Thae Su Wai
68 Su Htet Lwin Maung
69 Cho Zin Win
70 Hsu Eaindra Mon
71 No No Khin Zaw
72 Shine Arkar Htet
73 Htun Lin Kyaw
74 Paing Htet Ko
75 Paw Min Thein
76 Min Thu (1)
77 Htet Naing Htoo
78 Aung Wint Tun
79 Min Thu (2)
80 Ei Thet Mon
81 Zin Pwint Phyu
82 Pyae Su Htike
83 Ye Phyo Han
84 Yin Wai Aung
85 Zaw Naing Win
86 Win Htet Naing
87 Phyo Thu Ya Aung
88 Kaung Htet Thar
89 Hla Tun Aye
90 Khin Maung Htoo
91 Wai Yan Oo
92 Phyo Arkar Soe
93 Khun Zarni Aung
94 Thu Myat Naing
95 May Thet Khine
96 Khine Khine Thin
97 Nyi Nyi Lwin
98 Shin Thant Htin
99 Shin Hnaung Eain
100 Salai Ter Ye Kan
101 Eaindra Oo
102 Sai Swan Seng Huk
103 Su Ye Win
104 Aung Pyae Phyo
105 Kaung Myat Thu
106 Nyi Nyi Zaw
107 Win Myo Kyaw
108 Poe Yee May Latt
109 Aye Eaindray Min
110 Hnin Ou Wai
111 Pwint Myat Thu
112 Thae Nu Swe Zin
113 Hein Htet Oo
114 Wai Yan Kyaw
115 Han Tun Aung
116 Ingyin May
117 Moe Hein Htut
118 Khant Kyi Thar
119 Htet Wai Yan
120 Kyaw Myat Thin
121 Yi Mon Oo
122 Naing Htet Lin
123 Nyein Thu Thu Htun
124 Shine Mann Aung
125 Hsu Htet Linn
126 Aung Thurein Tun
127 Aye Aung Win
128 Hnin Thandar Aung
129 Naing Lin Thu

### ELECTRICAL & ELECTRONIC ENGINEERING

130 Kaung Htet Moe
131 Min Thiha Kyaw
132 Paing Min Thu
133 Soe Pyae Naing
134 Nanda
135 Kyi Phyu Myat Noe Maung
136 Moe Htet Thar
137 Min Hein Ko

### MECHANICAL ENGINEERING

138 Okkar Min
139 Htet Myat Min
140 Pyae Sone (1)
141 Pyi Thein Kyaw
142 Thiha Htut San
143 Pyae Phyo Hein
144 Kaung Hein Htet
145 Than Htike Aung
146 Win Ko Ko Hein
147 Aye Naing
148 Htoo Htoo
149 HtarHnin SeKhinLatt
150 Kaung Myat Min
151 Pyae Sone (2)
152 Kaung Si Thu
153 Phone Myat Soe
154 Zarni Htun
155 Myo Thu Aung
156 Pyae Swan Xhan
157 Pyae Mg Mg
158 Shine Lei Aung
159 Wai Yan Tun
160 Htet Lin Paing
161 Kaung Hla Htut
162 Kyaw Swar Hein
163 Hein Thiha Thu
164 Thiha Tun
165 Aung Thwin Oo
166 Tint Zaw Htet
167 Nyan Phyo Htet
168 So Pyay Htun
169 Phyo Thu Aung
170 Phone Pyae Soe
171 Zaya Phone Pyae
172 Aung Hein Htet
173 Htet Myat Tun
174 Aung Thu Ta
175 Sun Tun
176 Kyaw Zin Aung

**မှတ်ချက်**

ဖော်ပြပါ အောင်မြင်သူများသည် ၁၄.၆.၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ (၁း၀၀) တွင် Meliá Yangon Hotel တွင် ကျင်းပမည့် အောင်လက်မှတ် ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက် ဘွဲ့ယူရပါမည်။ ဘွဲ့နှင်းသဘင် အခမ်းအနားတက်ရောက်ရန်အတွက် ဇွန်လ (၉)ရက်နေ့ နောက်ဆုံးထားပြီး ကျောင်းသားရေးရာဌာန MMB Campus - အမှတ် (၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃ ကို ဆက်သွယ်ရပါမည်။

BTEC

# ကြော်ငြာ

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်ရှိ ရော်ဘာစေးစစ်စစ်မွေ့ရာနှင့်ခေါင်းအုံး အရောင်းလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ရန်

*Marketing Manager F(1)Post

- ဘွဲ့ရ/ Marketing Certificate ရှိရမည်။
- ဆက်စပ်လုပ်ငန်းအတွေ့အကြုံ(၃)နှစ်အထက်ရှိပြီး အသက်(၃၀)နှစ်အထက်ဖြစ်ရမည်။
- ပေါင်းသင်းဆက်ဆံရေးကောင်းမွန်ရမည်။
- လစာကို အတွေ့အကြုံပေါ်မူတည်ပြီး ညှိနှိုင်းပေးမည်။

*Marketing Staff (5) Post M/F

- Marketing ကျွမ်းကျင်သူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ(၁)နှစ်အထက်ရှိရမည်။

ဖုန်း-၀၉၇၇၇၅၁၆၆၆၈၈၊ ၀၉-၉၇၅၇၇၅၆၁၈၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ASIA DRAGON (အာရှနဂါး)

ချောင်းသာ 12000 ပုဂံခရီးစဉ် (သောကြာ)
ငွေဆောင် 15000
ကျိုက်ထီးရိုး 10000 မြဝတီခရီးစဉ်(သောကြာ)

09-30030030, 09-799100100, 09-797100100

၂၀၁၇ ခုနှစ်၊ (၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်
ရှမ်း၊ ကယား၊ ပြည်နယ် သို့ ထူးထူးမြတ်မြတ် ဝါဆိုသင်္ကန်းကပ်
7-7-2017 မှ 10-7-2017 အထိ ၃ ညအိပ် ၄ရက် ခရီး
သုခမိန်စာပေ 09 51 55654 / 09 765155654 / 01-253079

ဦးဝင်းကို B.Com(Q), C.P.A, ACCA, Accounting Gold Medalist

LCCI LEVEL 1&2,3
LEVEL 4 စာရင်းကိုင်သင်တန်းများ
ကျောင်းအပ်လက်ခံပြီ။
အမှတ်(၂၃-B)၊ ပထမထပ်၊ လှည်းတန်းလမ်းမ၊ ကမာရွတ်။
Tel: 09 550 7139, 09 511 8648

စားကြည့်ပါ စေတနာကို သိပါလိမ့်မယ်


ကျောက်ဆူး

ကမ္ဘာ့အကောင်းဆုံး
ရွှေဘိုပေါ်ဆန်းမွှေး

စားသုံးသူများထံသို့ အိမ်အရောက်ပို့ ဝန်ဆောင်မှုပေးပါသည်။
အမှတ်(၃၀/၁၀၇)၊ မြို့ပတ်လမ်း၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၀၁-၆၁၁၀၇၃ ၀၉-၈၆၂၀၁၇၇၊ ၀၉-၇၃၀၄၀၀၁၂၊ ၀၉-၃၃၄၅၂၂၄၀

အင်္ဂလိပ်ဘာသာစကားကို စနစ်တကျ လေ့လာလိုသူများအတွက်

GETC
building a better future



10% OFF

CELEBRATING OUR 10th ANNIVERSARY 2007-2017

- Communicative English
- General English
- Business English
- IELTS

လစဉ်ကျောင်းအပ် လက်ခံနေပါပြီ

မြေနီကုန်း 01-537895, 09263337702 | တာမွေ 01-549590, 09254148006

ဘာသာရပ်ဆိုင်ရာဝါရင့်ဆရာကြီးများသာ သင်ကြားသော ....

# မဟာ

အဝေးသင်တက္ကသိုလ်သင်တန်း

ပထမနှစ်မှ နောက်ဆုံးနှစ်အထိ ဝိဇ္ဇာတွဲ သီးသန့်တန်းခွဲအားလုံးဖွင့်ပြီ။
(အဝေးသင်တက္ကသိုလ်ကျောင်းသား/သူတိုင်း နှစ်စဉ်အောင်မြင်မှုရရန် 'မဟာ'မှာ ပညာသင်ကြသည်။)

အမှတ် -၁၁(A)၊ မြေညီထပ်၊ လှည်းတန်း (၁)လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၅၀၄၈၆၁၊ ၀၁-၅၀၄၃၆၀၊ ၀၁-၂၃၀၄၃၅၄၊ ၀၉-၄၃၁၆၈၁၃၅။

GW 0973226006 0973133528 0973077569

အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ် အိမ်ပြောင်း ကားငှားနိုင်သည်။
အမှတ်၆၉၊ မြေညီထပ်၊ မင်္ဂလာလမ်း၊
09401505559 စမ်းချောင်း

ဒေါ်ခိုင်ခိုင်ဝင့်
B.Sc (Chem), DA. L C C I (U K), A C C A Part II

L C C I, A C C A

- လွယ်ကူသည်းနှင့်ထိထိမိမိသင်လိုသူများ
- အချိန်နှင့်ငွေကို saveဖြစ်လိုသူများ
- Cost ထက် Benefit အားသာချက်ကို အပြည့်အဝ ရရှိစေမည်၊

ဖုန်ချိန်အလွတ်၊ လူဦးရေကန့်သတ် ကျောင်းအပ်လက်ခံပြီ

အမှတ်(၃၂)၊ ၅လွှာ၊ သမ္မာဒိဋ္ဌိလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
Ph : 095067748, 09254715990, 09965067748

ဦးသူရရှိန် စာရင်းကိုင် သင်တန်းများ

AAT Level 3, 4
LCCI Level 1,2,3

MAS EDUCATION CENTER

တန်းခွဲသစ်များကို ကျောင်းအပ် စတင်လက်ခံ နေပါပြီ။

Centre I - အမှတ် (၁၈၄-၁၈၆)၊ ဒုတိယထပ်၊ ၄၅လမ်း (အထက်)၊ ဗိုလ်တထောင်မြို့နယ်။
Centre II - အမှတ် (၁၀၆-A)၊ ပထမထပ်၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်။

09-779922385, 09-779922386, 09-8581000

Powertona® 3G
Ginseng Garlic Ginkgo
60 Soft Caps



- အသက်ကြီးလာတာနဲ့အမျှ မှတ်ဉာဏ်လျော့ပါးတာ၊ သွေးကြောတွေကျဉ်းပြီး မာလာတာ၊ သွေးတွင်းအဆီများလာတာ၊ အစာခြေစနစ်ယိုယွင်းလာတာတွေဖြစ်တတ်ပါတယ်။
- နောက်ဆက်တွဲအနေနဲ့ မှတ်ဉာဏ်ပျောက်ဆုံးတာ၊ နှလုံးသွေးကြောပိတ်ခြင်း၊ လေဖြတ်ခြင်းနှင့် ကင်ဆာစတဲ့ လူကြီးရောဂါဆိုးတွေ ဖြစ်လာတတ်ပါတယ်။
- Ginseng, Garlic, Ginkgo သုံးမျိုးရဲ့ ထူးခြားတဲ့ ပေါင်းစည်းမှုကြောင့် ပါဝါတိုနာ(3G) သည်ခွန်အားတိုးပွားစေပြီး လူကြီးရောဂါများကို တားဆီးနိုင်ပါသည်။

လူကြီးရောဂါတွေ မဖြစ်စေဖို့...!

နှလုံးသွေးကြောပိတ်ခြင်း၊ လေဖြတ်ခြင်းနှင့် ကင်ဆာစတဲ့ လူကြီးရောဂါများ မဖြစ်အောင် တားဆီးဖို့လိုပါတယ်။

ပါဝါတိုနာ 3G အားထားစရာ

KOREA UNITED PHARM. INT'L JSC
- YANGON TEL : 01 203103, 09 977111546
- MANDALAY TEL : 09 2037314, 09 91012541

(၁)ဘူးတွင် ဆေးလုံး (၆၀)ပါဝင်သည်၊

စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ

အဆင့်မြင့် စတီးဘလိတ်စားသွားဆူးကြိုးများကိုဈေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။
အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ၊
(နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ပဟန်းမြို့နယ်။
Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161

BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ

အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ ဗီနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။

အရောင်းခန်းမ(၁-)အမှတ်(၂၈၁)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး၊ ရွှေဂုံတိုင်ဟိုတယ်ဘေး၊ ပဟန်းမြို့နယ်။
Ph: 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152381

အရောင်းခန်းမ(၂) - တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ယုဇနပလာဇာဘေး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ ဝဇီရာဒလလမ်း။
Ph: 09-5425251, 09-73225484

အရောင်းခန်းမ(၃) - အမှတ်(၂၄၈)၊ အရှေ့ပြင်ဖိုင်ကွင်းလမ်းမကြီး၊ မြန်မာ့ရေနံဆောင်ဘဏ်ဘေး၊ တာမွေမြို့နယ်။
Ph: 09-5076661, 09-5076662, 09-5076663

အရောင်းခန်းမ(၄) - အမှတ်(၁၁-ဘီ)၊ ပြည်လမ်းမ၊ အောစမ်းမှတ်တိုင်အနီး၊ (၉)မိုင်၊ မရမ်းကုန်းမြို့နယ်။
Ph: 09-5091526, 09-5091527

ခေတ်တွေပြောင်းသွားပေမယ့် မပြောင်းလဲပဲအသည်းစွဲပျို့မေတို့ အစဉ်စွဲမက်နှစ်ခြိုက်နေတာ Topsyne® နော်...

Topsyne®
Herbal Cream

FDA မှအလုကုန် ထုတ်လုပ်ခြင်းထောက်ခံချက်အမှတ် - 1309 PC 0021



ရှေးအစဉ်အဆက်ထဲက မြန်မာအမျိုးသမီးများ နှစ်ခြိုက်စွာ သုံးစွဲကြသော သဘာဝသနပ်ခါး အခေါက်အစစ်အမှုန့်များ ပါဝင်ပေါင်းစပ်ထားသော Topsyne Herbal Cream သည် မြန်မာ့ရာသီဥတုနှင့် အကိုက်ညီဆုံးဖြစ်အောင် ဖော်စပ်ထားပါသည်။ မျက်နှာပေါ်ရှိ ဝက်ခြံ၊ တင်းတိပ်များစွာရှိပါကလျော့ပါးသွားစေနိုင်ပြီး ထပ်မံထွက်ရှိခြင်းမရှိအောင် ကာကွယ်ပေးနိုင်ပါသည်။ အသားအရေကို ဖြူစင်လှပစေပါသည်။

Apple Production Co.,Ltd. - 09 49316408, 09 8618081

BMF
BEST MERCHANT FINANCE
★ အချိန်တိုအတွင်း ချေးငွေရယူမှု။
★ ရိုးရှင်းလွယ်ကူသော လစဉ်ပေးချေမှု။
BMF မှအောက်ပါဝန်ဆောင်မှုလုပ်ငန်းများကို လျင်မြန်စွာဆောင်ရွက်ပေးနေပါသည်-
■ Loan (ချေးငွေ)
■ Leasing (အငှားဝန်ဆောင်မှု)
■ Hire Purchase (အရစ်ကျဝယ်ယူစနစ်)
♦ မော်တော်ယာဉ်များ(အိမ်စီးကား/ကုန်တင်ယာဉ်/City Bus)
♦ စက်ယန္တရားယာဉ်များ(မြေတူးစက်/လယ်ယာသုံးပစ္စည်း)
♦ လူနေတိုက်ခန်းနှင့်ကွန်ဒိုများ/Generator များ

အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန် -
အမှတ်(၃၅)၊ အနော်ရထာ ရွှေဂုံတိုင်(၃)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ Tel: +951 524925, Fax: +951 524933, Hot Line: +959 775189888, 785189888, 795189888.
" သင့်အနာဂတ်လှပဖို့ BMF နှင့်ချိတ်ဆက်စို့ "
Email: best.bmf002@gmail.com

ROYAL STAR (လုံခြုံရေးဘလိတ်ဓါးဆူးကြိုးလိပ်အရောင်းပြခန်း) များမှ
ခေတ်မီလုံခြုံရေးဘလိတ်ဓါးဆူးကြိုးလိပ်များကို (အရောက်ပို့၊ စရိတ်ငြိမ်း၊ နေ့ချင်းပြီး)
မြို့နယ်/နေရာဒေသမရွေးပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့်
အိမ်တိုင်ရာရောက် ဝါရင့်ဝန်ထမ်းများနှင့် တိုက်ရိုက်တာဝန်ယူ တပ်ဆင်ပေးနေပါသည်။

မှတ်ချက်-သံချေးတက်ဆူးကြိုးလိပ်များ (လုံးဝ) မရောင်းပါ။
တပ်ဆင်ပြီးမှငွေရှင်းပေးနိုင်ပါသည်။
ရန်ကုန်:09-5054189,09-5063596 မန္တလေး:09-2039591,09-5094305 ပဲခူး:09-253000550 မော်လမြိုင်:09-454501133
ရုံးချုပ်-အမှတ်(၉၉၁)ကန်သာယာမှတ်တိုင်၊သုဓမ္မာလမ်းမ၊မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။

ရောင်းမည်
သဃ်န်းကျွန်းမြို့နယ်၊ငမိုးရိပ်(၃)၊(၆)၊(၈)၊(၉)လမ်းရှိ မြေညီထပ်မှ (၆)လွှာအထိတိုက်ခန်းများကို အမြန်ရောင်းမည်။ (B.C.C၊ မီတာရရှိပြီး)
ဖုန်း- 09-254111883, 09-785401011

ဒီဇယ်မော်တော်ဆီ စက်ပြင်သင်တန်း
(နေထိုင်မှုအခမဲ့)
ဖုန်း- ၄၁၀၆၃၄၊ ၅၄၄၉၂၄
၀၉ ၅၀၅၂၁၁၅

ဖုန်း Sim Card ဝယ်သည်
73, 47, 49, 50, 86
ရဲမင်းထွန်း
Ph: 09-5014706

NAY LIN AUNG
FINANCE & ACCOUNTANCY ACADEMY
ACCA (UK)
Part - I,II,III & Dip IFR
APPROVED LEARNING PARTNER ACCA Gold
Registration Fees နှင့် Annual Fees
ပထမနှစ်အတွက် Scholarship
များလည်းလျှောက်ထားနိုင်ပါသည်။
ENROL NOW
Nay Lin Aung Finance & Accountancy Academy
အမှတ် - (၁၈ , 3A ~ 6 B) ဦးထွန်းလင်းခြံလမ်း၊ (Giordano ဆိုင်အနီး)၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်။
ဖုန်း - ၀၁ - ၅၀၄၇၃၇၊ ၅၁၂၉၀၀၊ ၅၁၄၁၀၂၊ ၀၉ ၄၅၀၀၂၂၆၄၆၊ ၀၉ ၇၈၂၅၁၅၁၀၆ ~ ၇၊ ၀၉ ၄၄၂၂၉၉၆၆၅
တာမွေကျောင်း - ၀၁ ၅၅၆၄၂၅၊ ၀၉ ၁၀၁၆၇၂၇၂၊ ၀၉ ၉၇၁၄၉၀၁၀၁

Certificate TH09/3125
ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးပြား
နဂါးအမှတ်တံဆိပ်
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -TMR ၀၀၁၅၂၀ (၀၅၁၃)
လေဖြတ်၊ လေငန်းရောဂါ ကာကွယ်ကုသရန်နှင့် လေရောဂါများအတွက် သောက်သုံးနိုင်ပါသည်။
Certificate TH06/3966.01
ISO 9001:2008 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက် (၁၀/၂၀၁၁ တဆထလ(တိုး) ၁၀၉) အမှတ် ၁၃၀/၆၊ ငါးထပ်ကြီးဘုရားလမ်း၊ ရန်ကုန်မြို့မှထုတ်လုပ်သည်။

MAEX
MYANMAR AGRO EXCHANGE PUBLIC LTD.
မြန်မာ အက်ဂရိုအိတ် (စ်) ချိန်း ပတ်ဘလစ် လီမိတက်




## အစုရှယ်ယာ အလွှဲအပြောင်း ဝန်ဆောင်မှုကောင်တာ Share Transfer Service Counter(STC) ဖွင့်လှစ်မည့်ရက်အား ကြေညာခြင်း

Myanmar Agro Exchange Public Ltd.(MAEX) သည် အစုရှယ်ယာရှင်များ၏ အစုရှယ်ယာလွှဲပြောင်းခြင်း၊ ရောင်း/ဝယ်ခြင်းကိစ္စများအား ဆောင်ရွက်ပေးရန်အတွက် Myanmar Agro Exchange Public Ltd. – Share Transfer Service Counter (MAEX – STC) ကို အောက်ဖော်ပြပါ ကုမ္ပဏီရုံးခန်း၌ (၆.၆.၂၀၁၇) နေ့တွင် စတင်ဖွင့်လှစ်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

MAEX – STC အား စနေ၊ တနင်္ဂနွေနှင့် အများပြည်သူ ရုံးပိတ်ရက်များမှလွဲ၍ နေ့စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၉း၀၀ နာရီမှ မွန်းလွဲ ၂း၀၀ နာရီအထိ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

အစုရှယ်ယာ ဝယ်ယူလိုသူများသည် နိုင်ငံသား စိစစ်ရေးကတ်(မိတ္တူ)ကို အစုရှယ်ယာ ဝယ်ယူလိုကြောင်း အဆိုပြုလွှာ ပုံစံနှင့်အတူ ပူးတွဲ တင်ပြရပါမည်။

အစုရှယ်ယာ ရောင်းချလိုသူများသည် Share Certificate (မူရင်း)အား ကုမ္ပဏီသို့အပ်နှံပြီး နိုင်ငံသား စိစစ်ရေးကတ် (မိတ္တူ)ကို အစုရှယ်ယာ ရောင်းချလိုကြောင်း အဆိုပြုလွှာ ပုံစံနှင့်အတူ ပူးတွဲတင်ပြရပါမည်။

အစုရှယ်ယာလွှဲပြောင်းခြင်း ကိစ္စရပ်များအား တည်ဆဲ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေပါ ပြဌာန်းချက်များနှင့်အညီ အများနှင့်သက်ဆိုင်သော ကုမ္ပဏီများ ဆောင်ရွက်သကဲ့သို့ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

(၂.၆.၂၀၁၇) ရက်နေ့ Daily Eleven ၊ 7 Days Daily ၊ Myanmar Times နှင့် The Voice သတင်းစာများတွင် ဖော်ပြထားသော အစုရှယ်ယာ အလွှဲအပြောင်း ဝန်ဆောင်မှု ကောင်တာ Share Transfer Service Counter (STC) ဖွင့်လှစ်မည့်ရက် ကြေညာစာအား ဤကြေညာစာဖြင့် ပြင်ဆင်ဖတ်ရှုပေးပါရန် အသိပေးအပ်ပါသည်။

အစုရှယ်ယာရှင်များ၏ အစုရှယ်ယာ လွှဲပြောင်းခြင်း ကိစ္စများအား အသေးစိတ် သိရှိလိုပါက အောက်ပါ ကုမ္ပဏီလိပ်စာတွင် ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒါရိုက်တာအဖွဲ့
မြန်မာအက်ဂရိုအိတ်(စ်)ချိန်းပတ်ဘလစ် လီမိတက် (MAEX)
အခန်း (၀၄-၀၃)၊ ၄ လွှာ၊ ဘလောက် (အေ)၊ ဒဂုန်စင်တာ (၁)၊ အမှတ် ၂၆၂-၂၆၄၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၅၀၃၉၂၈ ၊ ၅၀၃၉၂၉

သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွှေ တိုက် ကို စိုး







ဒသမတန်းအတွက် ရူပဗေဒ၊ ဓာတုဗေဒ၊ အင်္ဂလိပ်စာ ဘာသာတွေကိုစိတ်မပူကြနဲ့တော့ .....

ရူပ ဓာတု ဦးသိန်းတင်စိုး B.E (EP) MIT ရဲ့ကိုယ်တိုင် တန်းလုံးကျွတ်(၉၀)မှတ် အထက်နဲ့

ဂုဏ်ထူးထွက်အောင်သင်ခဲ့တဲ့ 90+PLUS Physics ၊ 90+PLUS Chemistry,

အင်္ဂလိပ်အတွက် Text Book 65 မှတ်အထက် ရစေမယ့် 65+PLUS Englishတို့ ထွက်ပြီ

ဖြန့်ချိရေး

(ရန်ကုန်) - စာပေလောက၊ စာပေနန်းတော်၊ စာပေဟင်းလေးအိုးကြီး၊ အင်း၀၊ ရာပြည့်၊ ဝေတ်သစ်၊ အင်းစိန်ကေရီ၊ လှိုင်ကော်၊ မြင်းမိုရ်။

(မန္တလေး) - ထွန်းဦး၊ နဂါး၊ မောင်မောင်ပြေ၊

(မုံရွာ) - အောင်ပင်လာ၊ အမြင်သစ်၊ သဒ္ဓာဦး၊




## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်လမ်း၊ တိုက်အမှတ်(၄၉)၊ (၁)ခန်းတွဲ (၁၂-ထပ်)တိုက်ခန်းအမှတ်(၁၀၀၁)၊ ဒဿမထပ်ဟုခေါ်တွင်သော(၁၂၅၀)စတုရန်းပေအကျယ်အဝန်းရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံပြောဆိုသူ ဒေါ်တင်တင်အေး (၁၂/လမတ(နိုင်)၀၂၃၀၅၄)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

တရားလွှတ်တော်ရှေ့နေများ — အထက်တန်းရှေ့နေများ

ဦးသန်းညွန့်(စဉ်-၃၅၅၀) L.L.B,C.P.T,C.J.T — ဦးအောင်နိုင်ဦး(စဉ်-၄၂၇၂) L.L.B — ဦးမျိုးညွန့် (စဉ်-၅၁၄၂) L.L.B,D.B.L — ဒေါ်လှိုင်ယဉ်မွန်(စဉ်-၄၀၆၄၈) L.L.B

ဒေါက်တာစေစွစင်သော်(စဉ်-၉၃၀၁) L.L.B,L.L.M,M.Res,Ph.D — ဒေါ်စင်စန္ဒာသက်ထွန်း(စဉ်-၁၀၄၂၉) L.L.B,D.B.L,D.I.L — ဒေါ်အေးသူဇာ(စဉ်-၃၀၂၆၄) L.L.B,D.B.L,D.I.L

အမှတ်(၁)၊ ပင်ရွှေညောင်လမ်း၊ (ILBC ကျောင်းအနီး)၊ တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း – ၀၁ – ၅၅၁၁၉၇၊ ၅၄၁၅၀၁၊ ၀၉ ၂၅၄ ၂၉၇ ၉၉၈၊ ၀၉ ၇၃၀ ၆၅၆၅၆
E.mail : saikhungnoung1995@gmail.com

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကောင်းဆက်ထွေး ၁၂/ဒလန(နိုင်)၀၆၁၂၇၃ CDC-86451 ကိုင်ဆောင်သူ၏ Tamker လက်မှတ် ပျောက်ဆုံးနေပါသည်။

## ပျောက်ဆုံးကြောင်း

ကျွန်တော်တို့ (၁-၂-၁ Public Co.,Ltd) ပိုင်ဆိုင်သော လိုင်စင်အမှတ် (No.0810) သည် ၁၉-၅-၁၇ ရက်တွင် ခရီးသွားရင် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ် အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉ ၄၅၁၇၁၇၅၄၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက် (၄၅/သစ်ထည်) မြေကွက်အမှတ်- ၁၈၊ မြေကွက် အလျား ပေ ၆၀×အနံပေ ၆၀ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဆိုဝန်ခံ၍ ရောင်းချသူ ဦးစိုးထွန်း[၁၀/မလမ(နိုင်)၀၂၅၈၀၁] ထံမှ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။

မြေကွက်နှင့်အကျိုးခံစားခွင့်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်ရှိသူများအနေဖြင့် ကျွန်ုပ်ထံသို့ ကြော်ငြာပါရှိပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထို့နေ့ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှချို (စဉ်-၅၅၅၄/၉၁)**
**တရားလွှတ်တော်ရှေ့နေ(B.Sc,H.G.P,R.L,D.B.L,D.M.L)**
**ဖုန်း-၇၃၀၀၂၆၀၉**
**တိုက်အမှတ်-၅၊ ၅ လွှာ၊ နှင်းဆီကုန်းလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ (၃) ရပ်ကွက်၊ ဘုရင့်နောင်လမ်းနှင့် ဗိုလ်လင်းယုန်လမ်းထောင့်ရှိ အကွက်အမှတ်(၂၅)၊ ဗိုလ်ချုပ်ရေနံ့စက်ကွက်၊ ဦးပိုင်အမှတ် (၂၂/ဃ)၊ ဧရိယာ(၁. ၇၀၀) ဧက၊ လ/န-၃၉ ရပြီး မြေကွက်နှင့်ပတ်သက်၍ မြေပုံမြေရာဇဝင် ကူးယူရေးဆွဲခြင်း၊ အမည်ပြောင်းလဲခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း ကိစ္စအဝဝနှင့်ပတ်သက်၍ ညီအစ်မ (၆)ယောက်မသိရှိ သဘောမတူဘဲ ပြုလုပ်ပါက ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ**
**ဒေါ်ရင်ရင်မြ၊ ဒေါ်တင်တင်လှ**
**ဒေါ်သန်းသန်းအေး၊ ဒေါ်အေးအေးသောင်း**
**ဒေါ်နီနီအေး၊ မစမ်းစိမ့်စိမ့်အေး**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးထွန်းလှ (LL.B)(စဉ်-၉၃၁၄)**
**ဒေါ်သီရိဦး (LL.B).,(LL.M)**
**(စဉ်-၁၁၂၃၀)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်**
**သန်လျင်မြို့။ ဖုန်း-၀၉ ၇၃၁၀၈၃၃၂**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးမျိုးခိုင်(ငြိမ်း) B.A(History)**

**ကြည်း-၂၅၇၄၄ (တေဇ-၂၁)**

**အသက်(၄၅)နှစ်**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို-ဒေါ်မြင့်မြင့်ရီတို့၏ သားသမက်၊ (ဦးဝင်းမောင်)-ဒေါ်ကျင်ရီတို့၏ သားကြီး၊ ဒေါ်နှင်းစပယ်အောင်ကို(ဆရာမ-ငြိမ်း၊ TTC)၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးမျိုးခိုင်(ငြိမ်း)သည် ၂-၆-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၁း၁၅နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံ၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့**

## ရည်စူးကုသိုလ်အမျှပေးဝေခြင်း
## (၂ နှစ်ပြည့်)

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ သိမ္ဗလကျေးရွာနေ အနန္တဂိုဏ်းဝင် ကျေးဇူးရှင်များဖြစ်သော ကွယ်လွန်သူ ဖခင်ကြီး ဦးညိုအောင်(ခ) ဦးလူပိန်နှင့် မိခင်ကြီး ဒေါ်မြချစ်တို့အား ရည်စူး၍ (၁၃၇၉ ခုနှစ် နယုန်လဆန်း ၁၀ရက်) ၄-၆-၂၀၁၇ ရက် နံနက် ၆ နာရီခန့်က သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ ဇောတရုံလမ်း၊ အမှတ်(၆၈၈/ခ)၌ ကျန်ရစ်သူမိသားစုများမှ ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော လှူဖွယ်ဝတ္ထုများဖြင့် ဆက်ကပ်လှူဒါန်းရေစက်ချ အမျှပေးဝေသည်ကို ဖခင်ကြီးနှင့် မိခင်ကြီး ရောက်ရှိရာဘုံဘဝက ဝမ်းမြောက်စွာ သာဓုခေါ်ဆိုနိုင်ကြပါစေသော်-

အမျှ- အမျှ- အမျှ ယူတော်မူကြပါကုန်လော့

**သားများ - ရဲအုပ် ချစ်လွင်၊ ဦးဆန်းလွင်(ရွှေပန်းထိမ်)၊ ဦးရဲလွင်(ဦးစီးအရာရှိ-ထွေအုပ်)**

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တ ပဏ္ဍဝံသ

**(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)**

**နိုင်ငံတော် သံဃမဟာနာယက(ဒုတိယဥက္ကဋ္ဌ)**

**မြစည်းခုံစာသင်တိုက်ကြီး၊ တောင်ငူမြို့**

**သိက္ခာတော်(၇၀)၊ သက်တော်(၉၀)**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ (၁၄)ရပ်ကွက်၊ ဘုရားလမ်း၊ မြစည်းခုံစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဆဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ဒုတိယဥက္ကဋ္ဌ) ဘဒ္ဒန္တပဏ္ဍဝံသ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာပဏ္ဍိတ)ဆရာတော်ကြီးသည် (၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်) ၅-၆-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၁း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်အား (၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်) ၉-၆-၂၀၁၇(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် တောင်ငူမြို့ အနောက်သုသာန်၌ အန္တိမအဂ္ဂိဈာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနသဘင်ဖြစ်မြောက်ရေးကော်မတီ

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးအောင်သက်မောင် [B.Sc(Bot;)Q]**

**အသက်(၄၀)**

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင် ဦးခင်မောင်ဌေး (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား)-ဒေါ်နွဲ့နွဲ့(အလပြ-ငြိမ်း၊အထက-၂ကမာရွတ်)တို့၏သား ဦးအောင်သက်မောင်သည် ၂၇-၅-၂၀၁၇ရက် (စနေနေ့) နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့**

## (၁)နှစ်ပြည့်မေ့သားအတွက်

**မောင်မြတ်မိုးနိုင်(ခ) Jo Joe**

**(G.T.I ကျောင်းသားဟောင်း) (မအူပင်)**

**၇-၆-၂၀၁၆- ၇-၆-၂၀၁၇**

ပြန်မလာမယ့်လမ်း မေ့သား သွားတာ

(၁)နှစ်ကြာမှ မေ့ဆီတစ်ခေါက် ပြန်လည်ရောက်၍ ဝန်ခံပြောကြားမေ့သားစကားက "မေမေ သားမှားသွားတယ်"တဲ့

ဘဝခြားလည်း မိမိအမှား မကျန်သွားအောင် ယောကျ်ားပီသဝန်ခံပြတဲ့ မေမေ့သားအား ဂုဏ်ယူကျေနပ် ခွင့်လွှတ်တယ်။

ယနေ့ပြုသမျှ ကုသိုလ်ဒါန လှူဒါန်းမှုအား မေ့သား ရောက်ရာဘုံဘဝမှ သိ၊ မြင်၊ ကြားစေ သာဓုခေါ်ဆိုနိုင်ပါစေ။

အမျှ-- အမျှ-- အမျှ

**မေမေ-ဒေါ်ရှယ်လီကျော်ညွှန့်**

### ရဟန်း ဒါယကာကြီး

## ဦးခင်မောင်ညွှန့်(ရေစကြို) (၇၈)နှစ်

**ညွှန်ကြားရေးမှူး၊ တရားရုံးချုပ်(ငြိမ်း)**

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နေ (ဦးဘိုးဦး-ဒေါ်တိုက်)တို့၏သား၊ (ဦးအောင်ညွှန့်-ဒေါ်တင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ (ခ-၅)လမ်း၊ အမှတ်(၁၀၈)နေ ဒေါ်ကြင်၏ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးသန့်(AGE Co., Ltd)-ဒေါ်အေးမြင့်ကြည် (Peace Co., Ltd)၊ ဦးကျော်စိုးဝင်း-ဒေါ်နွယ်နီဝင်း(New York)၊ ဒေါ်သန္တာညွှန့်၊ ဗိုလ်မှူးမျိုးကျော်ညွှန့်(ပ. လ. စ-၁)တို့၏ကျေးဇူးရှင်မွေးသဖခင်၊ မအေးမြတ်သီဂီ (W.Y.U)၊ မောင်ဇေယျာထွဋ်(New York)၊ မဝင်းလဲ့ရွှေရည်(New York)တို့၏ အဘိုး ဦးခင်မောင်ညွှန့်သည် ၄-၆-၂၀၁၇ရက် ညနေ ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ်-၁၀၈၊ ခ-၅ လမ်း၊ မြို့သစ်ရပ်ကွက်၊ အင်းစိန်မြို့နယ် နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးမျိုးခိုင်(ငြိမ်း) B.A (History)**

**ကြည်း ၂၅၇၄၄ (တေဇ-၂၁)**

**အသက် (၄၅) နှစ်**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို-ဒေါ်မြင့်မြင့်ရီတို့၏ သားသမက်၊ (ဦးဝင်းမောင်)-ဒေါ်ကျင်ရီတို့၏ သားကြီး၊ မောင်သက်စိုးထိုက်၊ မောင်ရဲစွမ်းမာန်၊ မရွှေဖြူစင်အေး (Secondary, P.I.S.M)တို့၏ချစ်လှစွာသောဖခင်၊ ဒေါ်နှင်းစပယ်အောင်ကို [ဆရာမ(ငြိမ်း)၊ TTC]၏ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးမျိုးခိုင်(ငြိမ်း)သည် ၂-၆-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၁း၁၅ နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံ၌ ကွယ်လွန် သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား)ဂေါပကအဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

**ရဲမှူးလှငွေ(ငြိမ်း) (၆၉)နှစ်**

**တောင်သာ**

**ရှုပဗေဒ(၁၉၆၉)**

ဒေါ်ခင်မြစိန် (ဆရာမကြီး-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း ဦးလှငွေသည် ၃-၆-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် မိသားစု နှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းများ**
**မကွေးကောလိပ် (၁၉၆၉)**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးကြည်(ကျောက်တန်း)**

**အသက်(၈၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ အသင်း၏နာယက (သက်ကြီးကန်တော့ခံ) ဦးကြည်သည် ၂-၆-၂၀၁၇ရက် (သောကြာနေ့) ည ၈း၃၅နာရီတွင် နေပြည်တော် ခုတင်-၁၀၀၀ အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အလုပ်အမှုဆောင်အဖွဲ့**
**ကျောက်တန်းမြို့နယ်အသင်း၊ ရန်ကုန်**

## အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ (၆)ကွက်၊ ဗဟိုလမ်း၊ အမှတ်(၇၀)ဟုခေါ်တွင်သော မြေအကျယ် ပေ(၄၀×၆၀) အကျယ်အဝန်းရှိမြေပေါ်တွင် မြေရှင်နှင့်ကန်ထရိုက်တာတို့ တစ်ခြမ်းပေးတစ်ခြမ်းယူစနစ်ဖြင့် ဆောက်လုပ်ထားသည့်(၂)ခန်းတွဲ(၄)ထပ်ရှိ မြေရှင်ဘက်အခြမ်း၊ တတိယထပ်၊ အခန်းအမှတ်(၈)နှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်ရေမော်တာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်ကြသည့် မြေရှင် ဦးအောင်သန်း၏သားဖြစ်သူ ဦးစိုးကြွယ်၊ ချွေးမဖြစ်သူ ဒေါ်နွယ်နီအေးတို့ထံမှ တိုက်ခန်းတန်ဖိုးငွေများကို အပြေအကျေပေးချေကာ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီး ရပ်ကွက်ကြီး(၄)အုပ်ချုပ်ရေးမှူးရှေ့မှောက်တွင် အသိအမှတ်ပြုလက်မှတ်ရေးထိုးကာ ကျွန်မ ဝယ်ယူပိုင်ဆိုင်ထားပြီး ဖြစ်ပါသည်။ မြေရှင်၏သားဖြစ်သူ ဦးစိုးကြွယ်မှ ကျွန်မထံသို့ ပြင်ဦးလွင်မြို့နယ်၊ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၌ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၅၈၁/၂၀၁၆ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာ(GP)အား လွှဲအပ်ထားရှိပါသည်။

အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ လက်ရှိပိုင်ဆိုင်ထားသူ ကျွန်မ၏သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ စွန့်လွှတ်ခြင်း၊ အာမခံတင်သွင်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ပိုင်နက်ကျူးလွန်ခြင်း၊ နှောင့်ယှက်ခြင်း၊ တားဆီးသော့ခတ်ပိတ်ဆို့ခြင်းများ မပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။

ထို့သို့ပြုလုပ်ပါက ကျွန်မ၏ ပိုင်ရေးဆိုင်ခွင့်ကို ထိပါးလာသူ မည်သူ့ကိုမဆို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းအရပ်ရပ်တို့ကို ပြုလုပ်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နန်းသီရိဦး(ဘ)ဦးဘဦး[၁၀/ခဆန(နိုင်)၀၉၇၄၀၄]**
**အမှတ်(၇၂)၊ ၁၄လမ်း၊ ညံတော၊ ရပ်ကွက်ကြီး(၂)၊ ပြင်ဦးလွင်မြို့။**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးမျိုးခိုင်(ငြိမ်း) B.A (History)**

**ကြည်း ၂၅၇၄၄(တေဇ-၂၁)**

**အသက်(၄၅)နှစ်**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို-ဒေါ်မြင့်မြင့်ရီတို့၏ သားသမက်၊ (ဦးဝင်းမောင်)-ဒေါ်ကျင်ရီတို့၏သားကြီး၊ မောင်သက်စိုးထိုက်၊ မောင်ရဲစွမ်းမာန်၊ မရွှေဖြူစင်အေး (Secondary, P.I.S.M)တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်နှင်းစပယ်အောင်ကို (ဆရာမ-ငြိမ်း TTC)၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးမျိုးခိုင်(ငြိမ်း)သည် ၂-၆-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၁း၁၅ နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံ၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**သီတဂူအပြည်ပြည်ဆိုင်ရာသာသနာပြုအဖွဲ့**

## ဦးဝင်းတက်(ခ)ဦးစိုးလွင်ဦး

**အသက် (၅၆) နှစ်**

**(၁၉၇၈-၈၀) ဒေသကောလိပ်**

**RC3 ကျောင်းသားဟောင်း**

**ဘီတွတ်ကျေးရွာ၊ လပွတ္တာမြို့နယ်**

လပွတ္တာမြို့နယ်၊ ဘီတွတ်ကျေးရွာနေ ဦးစူဟိုက်-ဒေါ်ကျင်လှိုင်တို့၏ သားကြီး၊ ပုသိမ်မြို့နေ (ဦးသောင်း-ဒေါ်ခင်စိန်)တို့၏ သားသမက်၊ ကိုပြည့်ဖြိုးဦး-မဝါဝါလွင်၊ ကိုအောင်ဆက်ပိုင်၊ မဝင်းစုစံတို့၏ဖခင်၊ ဆရာမဒေါ်စုစု၏ ခင်ပွန်း ဦးဝင်းတက်(ခ)ဦးစိုးလွင်ဦးသည် ၅-၆-၂၀၁၇(တနင်္လာနေ့) မွန်းလွဲ ၁၂း၁၅ နာရီတွင် ရန်ကုန်မြို့ ဗဟိုရိုးစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၇(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် လှိုင်သာယာမြို့နယ် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ရွှေသံလွင်ဝန်း၊ ဘုရင့်နောင်အမှတ် WS-3 ကျွန်းရွှေဝါလမ်းမှ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်တင်တင်ဦး(၇၄)နှစ်

## B.A (Law) LL.B

သူငယ်ချင်း ဦးချစ်ကိုကို (B.A Philo-၁၉၇၀)၏ ဇနီး ဒေါ်တင်တင်ဦး (B.A Law., LL.B)သည် ၃၁-၅-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်**
**ဒဿနိကဗေဒအဓိက(၁၉၇၀)သူငယ်ချင်းများ**

## အများသိစေရန်ကြေညာခြင်း

ဖခင် ဦးလေးမြင့်[၁၂/ကမရ(နိုင်)၀၃၇၁၁၀]နှင့် မိခင် ဒေါ်သန်းတင် (NYHE-၀၂၀၆၄၅)တို့ အတူတကွ ပေါင်းသင်းစဉ် (၁)ဒေါ်အေးအေးလွင်[၁၂/ကမရ(နိုင်)၀၂၁၃၁၂]၊ (၂)ဦးစိုးလွင်[၁၂/ ကမရ(နိုင်)၀၃၇၀၉၂]၊ (၃)ဒေါ်အေးအေးမြင့်[၁၂/ကမရ(နိုင်)၀၃၇၂၄၂]၊ (၄) ဒေါ်လေးလေးမြင့်[၁၂/ဥကမ (နိုင်) ၀၀၂၁၃၉]နှင့် (၅) မမြတ်စုစုထွန်းခိုင်[၁၂/ကမရ(နိုင်)၀၅၆၂၂၄]တို့ကို မွေးဖွားခဲ့ပါသည်။ ဖခင်၊ မိခင်နှင့် သားသမီး(၅)ဦးတို့သည် ဗမာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်ကြသူများ ဖြစ်ကြပါသည်။ ဖခင် ဦးလေးမြင့်သည် ၃၀-၄-၂၀၁၄ရက်၌လည်းကောင်း၊ မိခင် ဒေါ်သန်းတင်သည် ၃၁-၅-၁၉၉၃ရက်၌လည်းကောင်း၊ ကွယ်လွန်ခဲ့ကြပြီးနောက် ဖခင်၊ မိခင်တို့ ကြွင်းကျန်ခဲ့သည့် ဖခင်နှင့်မိခင်တို့ အသက်ထင်ရှားရှိစဉ် ဝယ်ယူပိုင်ဆိုင်နေထိုင်ခဲ့သော ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ လမ်းသစ်လမ်း၊ အမှတ်(၇)အိပ်ချ်ဟုခေါ်တွင်သော ပေ(၇၀×၄၅)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် အထက်ဖော်ပြပါ အသက်ထင်ရှားရှိသည့် သားသမီး(၅)ဦးတို့သာ ပိုင်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အိအိဖြိုး** | **ဦးချစ်ဆန်း** |
| **LL.B,D.B.L.,D.I.L** | **LL.B(Advocate),DIL.DBL,D.M.L** |
| **တရားလွှတ်တော်ရှေ့နေ** | **DL.,(101),WIPO(Switzerland)** |
| **(စဉ်-၁၁၆၁၁)** | **Dip in International Relations** |
| | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်(၆၆၈/၂)၊ သမာဓိလမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၂၂၀၂၇၊ ၀၉-၇၈၃၂၈၅၃၄၃**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးမျိုးခိုင်(ငြိမ်း) B.A(History)

**ကြည်း-၂၅၇၄၄ (တေဇ-၂၁)**

**အသက်(၄၅)နှစ်**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို-ဒေါ်မြင့်မြင့်ရီတို့၏ သားသမက်၊ (ဦးဝင်းမောင်)-ဒေါ်ကျင်ရီတို့၏သားကြီး၊ မောင်သက်စိုးထိုက်၊ မောင်ရဲစွမ်းမာန်၊ မရွှေဖြူစင်အေး (Secondary, P.I.S.M) တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်နှင်းစပယ်အောင်ကို (ဆရာမ၊ ငြိမ်း၊ TTC)၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးမျိုးခိုင်(ငြိမ်း)သည် ၂-၆-၂၀၁၇ ရက် (သောကြာနေ့) နံနက် ၁၁:၁၅နာရီတွင် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)မင်္ဂလာဒုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**SuperOne Holdings Co., Ltd. & ဝန်ထမ်းမိသားစု**

## မြေကွက်ရောင်းမည်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ကျန်စစ်သားလမ်းမကြီးမေးတင်၊ ရွှေပေါက်ကံတံတားအနီး၊ ပေ(၄၀×၆၀)မြေကွက်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၅၂၆၂၂၊ ၀၉-၇၆၅၀၄၇၁၄၁**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/4918 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးတင်ဝင်း (ပျဉ်းမနားမောင်နီသင်း)**

**အသက် (၇၀)**

ပညာရေးတက္ကသိုလ်တွင် ၁၉၆၅-၁၉၇၀ ထိ အတူတကွ ပညာသင်ကြားခဲ့သော ပျဉ်းမနားမောင်နီသင်းသည် ၂-၆-၂၀၁၇ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါသည်။ ချစ်သူငယ်ချင်း ကောင်းရာသုဂတိလားပါစေ။

**ပညာရေးတက္ကသိုလ်သူငယ်ချင်းများ**
**၁၉၆၅-၁၉၇၀**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးမြင့်ခိုင်(ငြိမ်း)**

ရန်ကုန်တက္ကသိုလ်သတ္တဗေဒ ကျောင်းသူဟောင်းဖြစ်သူ ဒေါ်နှင်းစပယ်အောင်ကို၏ ခင်ပွန်းဖြစ်သူ ဗိုလ်မှူးမြင့်ခိုင်(ငြိမ်း) ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တက္ကသိုလ်သတ္တဗေဒ**
**ကျောင်းသား/ကျောင်းသူဟောင်းများ**
**လူမှုရေးကူညီစောင့်ရှောက်မှုအသင်း**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သောက်တော်တွင်းရပ်ကွက်၊ ဦးအောင်ဘလမ်းသွယ်၊ အကျယ်အဝန်း (အလျား ပေ၁၀၀× အနံ ပေ ၅၀)ရှိ မြေကွက်နှင့်အိမ်အား ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သီသီရှိန် [၁၂/သလန(နိုင်)၀၀၀၁၈၄]ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်အိဇာထွန်း [၁၂/လသန(နိုင်) ၀၂၂၃၉၇]မှ ၂၆-၅-၂၀၁၇ ရက်က အပြီးအပိုင်ဝယ်ယူခဲ့ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ထက်မြတ်စိုး**

**အထက်တန်းရှေ့နေ(စဉ်-၂၉၇၉၁)**

**အမှတ်-၁၆၊ (ပထမထပ်)၊ (၁၆၄)လမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/1331 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်၊ မြန်မာ့သိုင်းသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးအောင်ဌေး(ခ) သိပ္ပံမင်းအောင် (ပင်မဦးစီးဆရာကြီး၊ မြန်မာ့သိပ္ပံသိုင်းပြောင်းပြန်)သည် ၃-၆-၂၀၁၇ရက်နေ့ ည ၁၀း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းမိပါကြောင်း။

**မန္တလေးတိုင်းဒေသကြီး**
**မန္တလေးတိုင်းသိုင်းဆပ်ကော်မတီ**

## ကြော်ငြာ

### ဝမ်းနည်းကြေကွဲခြင်း
**ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့်(ငြိမ်း)**
**သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)**
**အသက် (၉၀)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၁၅)၊ နဝဒေးလမ်း၊ (၇)ရပ်ကွက်နေ ဒေါ်ခင်လှတင်၏ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်(ငြိမ်း)သည် ၂၆-၅-၂၀၁၇ ရက် (သောကြာနေ့) ည ၉း၂၅နာရီတွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိုင်းမောင်လှ၊ ဒေါ်စောမြတ်အေးနှင့်မိသားစု**
**ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး(ငြိမ်း)၊ မန္တလေးမြို့**

### အထူးကျေးဇူးတင်လွှာ
**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်တင်တင်ဦး (ခ) ဒေါ် Rosemarie Bo (ခ) ပဲပဲ**
**B.A(Law) L.L.B**
**St Agnes' Convent ကျောင်းသူဟောင်း**
**အသက် (၇၄) နှစ်**

၃၁-၅-၂၀၁၇ ရက်နေ့တွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသော ကျေးဇူးရှင်မိခင်ကြီး နာမကျန်းဖြစ်စဉ်မှစ၍ မီးသင်္ဂြိုဟ်ပြီးသည်အထိ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော Bumrungrad International Hospital မှ တာဝန်ကျဆရာဝန်များနှင့် ဆရာမများ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်မှ ဆရာတော်နှင့်သံဃာတော်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ St Agnes' နှင့် Lawမှ သူငယ်ချင်းများ၊ St.Augustine မှ သူငယ်ချင်းများ၊ ဆေးတက္ကသိုလ်(၁)မှ ဆရာ၊ ဆရာမများနှင့် သူငယ်ချင်းများ၊ Wa Minn Group of Companiesမှ ဝန်ထမ်းမိသားစုများ၊ ပျဉ်းမနား အသင်းသူ အသင်းသားများအားလည်းကောင်း၊

အထူးအားဖြင့် တူသား ဦးခွန်နောင်မြင့်ဝေမိသားစု (Chairman, Wa Minn Group of Companies)နှင့်ဦးမင်းညီအေးမိသားစု (CEO,Uranus Group of Companies) တို့အားလည်းကောင်း၊

ရပ်ဝေးရပ်နီးမှ မိခင်ကြီး၏ ဈာပနနောက်ဆုံးခရီးအား လိုက်ပါပို့ဆောင်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများ အားလုံးအားလည်းကောင်း၊ လိုက်ပါမပို့ဆောင်နိုင်သော်လည်း သတင်းမေးဆုတောင်းပေးကြသော ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအားလည်းကောင်း ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးစိုးမြင့်လွင်**
**အသက် (၇၂) နှစ်**
**B.E (E.P) 1968, (P.E)**
**ဒုတိယအင်ဂျင်နီယာချုပ်၊ M.E.P.E (ငြိမ်း)**
**မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း**
**MAX CEMENT (လျှပ်စစ်အကြံပေး)**
**RGK+ Z & A (အကြံပေး)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာ လမ်းသွယ်(၈)၊ အမှတ်(၉၃)နေ ဒေါ်မြမြဝင်း (ဆေးနှင့်ဆေးပစ္စည်း၊ ကုန်သွယ်ရေး-၁၀၊ ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း ဦးစိုးမြင့်လွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်ဇော်(ဥက္ကဋ္ဌ)-ဒေါ်ငွေငွေခိုင်**
**Max Myanmar Holding Co., Ltd**

### အထူးဝမ်းနည်းကြေကွဲခြင်း
**ရဲအုပ်ထွင့်ထွင့်အောင် (၄၂)နှစ်**

ရဲမှူးချုပ်ဦးတင်ဝင်း(ရဲဦးစီးအရာရှိချုပ်-ငြိမ်း)-(ဒေါ်နီနီ)တို့၏တူ၊ ဦးအောင်ထွေးလွင်(လ/ထ မြို့နယ်ပညာရေးမှူး၊ပျော်ဘွယ်-ငြိမ်း)-ဒေါ်ခင်ဆွေဝင်းတို့၏စတုတ္ထသား ရဲအုပ်ထွင့်ထွင့်အောင်သည် ၄-၆-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁၁း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ရမည်းသင်းမြို့နယ်အသင်း(ရန်ကုန်)**

### ဦးနေဦး(ခ)ဦးနေမျိုး (၅၅)နှစ်
**(CE-27027)**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၃/ရန်ပြေရပ်ကွက်၊ အမှတ်(၁၀)၊ ဗိုလ်ရန်ပြေလမ်းနေ (ဦးစန်းမောင်-ဒေါ်ညွန့်ရီ)တို့၏သားကြီး၊ အမှတ်(၆၇၁)၊ ဇောတရုံလမ်းနေ (ဦးနေဒွန်း)-ဒေါ်မြဒန်တို့၏ သားသမက်၊ (ဦးအောင်နိုင်)-မစန်းစန်းဝင်း၊ ဦးလွှမ်းမိုးအောင်-မသီတာမြင့်၊ ဦးဝင်းမိုးအောင်-မမီမီစိုးတို့၏အစ်ကို၊ ဦးသန်းဇော်-ဒေါ်ခင်သက်နွယ်၊ ဦးသောင်းရွှေ-ဒေါ်မြင့်မြင့်သန်း၊ ဦးဇော်ထွန်း-ဒေါ်အေးအေးနွယ်တို့၏ ညီ/မောင်၊ မောင်ဇင်ငြိမ်း၊ မောင်ချမ်းငြိမ်းတို့၏ မွေးသဖခင်၊ ဒေါ်ချိုချိုနိုင်၏ ချစ်လှစွာသောခင်ပွန်းသည် ၅-၆-၂၀၁၇ (တနင်္လာနေ့) ည ၁၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ကျိုစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၆-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ကိုထွန်းလင်းမြတ် (၃၇)နှစ်
**(CDC No.56587)**
**M.T.M Shipping Management Pte. Ltd.**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာဇံမြို့နယ်၊ ကဥ္စဏမဟီရပ်ကွက်၊ (၃၄/၃၅)ကြား၊ မီးရထားအိမ်ရာဝင်းနေ ဦးထွန်းမြ - ဒေါ်စန်းစန်းအေးတို့၏ သားကြီး၊ ကိုနေဇော်လှိုင်-မခိုင်ဇာထွန်း၊ ကိုအောင်ကျော်ဟိန်း-မအေးမြတ်သူတို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်နေ ဦးအောင်စိုး-ဒေါ်ခင်မာလာတို့၏သားသမက်၊ ကိုရန်နိုင်စိုး၊ ကိုရန်ပိုင်စိုး၊ ကိုစောစိုင်းမွန်ဝင်း-မအင်ကြင်းမာလ်တို့၏ညီ/အစ်ကို၊ မခတ္တာစိုး (မူလွန်၊ အမက-၂ ဒဂုံဆိပ်ကမ်းမြို့နယ်)၏ ခင်ပွန်း ကိုထွန်းလင်းမြတ်သည် ၅-၆-၂၀၁၇ (တနင်္လာနေ့) ညနေ ၅း၂၅နာရီတွင် အမှတ်(၂၁၁-A)၊ ယမုံနာ (၁)လမ်း၊ (၂)ရပ်ကွက်၊ ဒေါပုံမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၇ (ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (ဒေါပုံမြို့နယ် နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး**
### ဦးထွန်းမြင့်(သထုံ) (၉၁)နှစ်

သထုံမြို့၊ သိမ်ကုန်းရပ်ကွက်၊ မင်းလမ်းအမှတ်(၁၅)နေ (ဦးမောင်ကြီး-ဒေါ်ကြွေ)တို့၏သားထွေး၊ ဒေါ်လှတင်၏ခင်ပွန်း၊ ဦးနေဝင်းအောင်၊ ဦးခိုင်ဝေ-ဒေါ်ခင်ယုဝေ(ခေတ္တဂျပန်)၊ ဦးဝင်းမြင့်(ညွှန်ကြားရေးမှူး-ငြိမ်း)-ဒေါ်ခင်သက်ဝေ(အလပြ-ငြိမ်း)၊ ဦးဉာဏ်မင်း-ဒေါ်ချိုချိုထွန်း၊ ဦးညီညီထွန်း-ဒေါ်တင်မိုးခိုင်(U.S.A)တို့၏မွေးသဖခင်၊ မောင်နေဇင်အောင်၊ မောင်မျိုးဇော်ဇော်-မခင်သန္တာဝင်း(ထက်ထက်)(စင်ကာပူ)၊ မောင်ဥက္ကာနိုင်ဝေ-မလွင်လွင်အောင်၊ (မောင်မျိုးဇာနည်မြင့်)၊ (မအိမြတ်နိုးခင်)၊ မဝင့်ဝင့်သော်၊ မစုလှနန္ဒာ၊ မောင်ကောင်းဆက်ညီ၊ မကြယ်စင်လင်းတို့၏ အဘိုးသည် ၅-၆-၂၀၁၇ (တနင်္လာနေ့) ည၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၇(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၁နာရီတွင် သထုံမြို့၊ ဂေါ့သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၆-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး**
### ဒေါ်စိန်စိန်(ခ)ဒေါ်မမိုးစိန် (၈၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တိုးချဲ့(၄)ရပ်ကွက်၊ ဧကရာဇ်လမ်းနေ (ဦးဘတူ-ဒေါ်ညီမကြီး)၊ (ဦးဖိုးမြဦး-ဒေါ်မေပု)တို့၏သမီး၊ (ဦးနန်းလုံးအောင်-ဒေါ်မဲမာဦး)၊ (ဦးမဲတုတ်-ဒေါ်ကြာဖုံလှ)၊ စစ်တွေမြို့နေ ဦးဘမောင်-ဒေါ်သန်းစိန်တို့၏ညီမ၊ ပြည်မြို့နေ(ဦးစောလှအောင်)-ဒေါ်နုစိန်သာ၊ (ဦးစိန်လှ-ဒေါ်စိန်သာဖြူ)တို့၏အစ်မ၊ (ကိုကျော်ဝင်းတင်-မတင်တင်အေး)၊ တိုးချဲ့(၄)ရပ်ကွက်၊ ဧကရာဇ်လမ်းနေ (ဗိုလ်ကြီးမောင်ဝင်း)-မမိမိစိန်၊ ကိုခင်မောင်ကျော်-မငွေငွေနွယ်၊ တိုးချဲ့(၄)ရပ်ကွက်၊ ဧကရာဇ်လမ်းနေ (တကဘရန်တောင်)-မချိုချိုစိန်၊ တပ်ကြီးကုန်း စိတ္တသုခလမ်းနေ ကိုသိန်းစိုးမောင်-မညီညီ၊ နေပြည်တော်နေ အရာခံဗိုလ်မင်းနိုင်-ဒေါ်စိုးစိုးကျော်(ထ-ခွဲ၊ ရေပြာ)တို့၏မွေးသမိခင်၊ မြေး ၂၃ ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘွား၊ (ဒုအရာခံဗိုလ်ကျော်ဦး)၏ချစ်လှစွာသော ဇနီးသည် ၆-၆-၂၀၁၇(အင်္ဂါနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁း၃၀နာရီတွင် မှော်ဘီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်ကြည်တင် အသက်(၈၀)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ အဝေရာလမ်း၊ အမှတ်(၅၂၈/က)နေ (ဦးမှိုင်း-ဒေါ်စိန်)တို့၏သမီး၊ ဦးအောင်ခင်-ဒေါ်မြကျင်တို့၏ညီမ၊ ဦးသာငွေ-ဒေါ်ကြည်ခင် (Original Group Co., Ltd မိသားစု)၊ (ဦးခင်မောင်ထွေး)-ဒေါ်စန်းစန်းဝေတို့၏အစ်မ၊ ဦးမိုးမြင့်ကျော်-ဒေါ်အေးအေးမော်၊ ဦးအောင်ကို-ဒေါ်စန္ဒီတို့၏ ချစ်လှစွာသောမိခင်၊ မသြမြတ်ခင်၊ မောင်နန္ဒသြရသတို့၏ ချစ်လှစွာသောအဘွားသည် ၅-၆-၂၀၁၇ (တနင်္လာနေ့) ညနေ ၄း၃၀ နာရီတွင် ရန်ကုန်မြို့ ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၇(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၆-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဒေါ်မြဇင်(ခ)ဒေါ် Hilary ချင်း(ခ)ဒေါ်ဘေဘီ (၇၄)နှစ်
**မန်နေဂျာ(ငြိမ်း)၊ စက္ကူ/ဓာတ်ပုံ(ကုန်သွယ်ရေး)**

ရန်ကုန်မြို့နေ (ဦးဘိုးချင်း-ဒေါ်မြသိန်း)တို့၏သမီးလတ်၊ [ဦးစိန်ဝင်း (ဝန်ကြီးချုပ်-ငြိမ်း)-ဒေါ်မြရွှေ]တို့၏ သမီးချွေးမ၊ (ဒေါက်တာထွန်းရီ-ဒေါ်နန်းမြချင်း)၊ ဦးစန်းတင်အောင်-ဒေါ်ရီရီအေးတို့၏ညီမ၊ ဒေါက်တာထိန်ဝင်း-ဒေါ်မာလာချင်းတို့၏အစ်မ၊ [ဦးသူရ(ခ)အဲလ်ဘတ်စိန်ဝင်း]၏ဇနီး၊ (ဦးမျိုးဝင်းပိုင်)၊ ဒေါ်ခိုင်ဇာရီဝင်း၊ ဦးမျိုးဝင်း-ဒေါ်ရတနာထွန်း၊ ဒေါ်စန္ဒာရည်ဝင်း (PwC Singapore)တို့၏မိခင်၊ မဝင်းယုယုမောင်၊ မဆုရတနာဝင်းတို့၏ချစ်လှစွာသော အဘွားသည် ၅-၆-၂၀၁၇(တနင်္လာနေ့) နံနက် ၁၁း၄၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ဦးစိုးမြင့်လွင် (၇၂)နှစ်
**B.E,(E.P) 1968,(P.E)**
**ဒုတိယအင်ဂျင်နီယာချုပ်၊ M.E.P.E(ငြိမ်း)**
**မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း**
**MAX CEMENT (လျှပ်စစ်အကြံပေး)**
**RGK+ Z & A (အကြံပေး)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်းသွယ်(၈)၊ အမှတ်(၉၃)နေ (ဦးစိုးလွင်-ဒေါ်မြင့်မာလာ)၊ (ဦးငြိမ်း-ဒေါ်ခင်မြင့်)တို့၏သားသမက်၊ ဒေါ်မြမြဝင်း(ဆေးနှင့်ဆေးပစ္စည်း၊ ကုန်သွယ်ရေး-၁၀၊ ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ရှင်စန္ဒာသီရိ(သာကီနွယ်၊ အင်းစိန်၊ အကျိုးတော်ဆောင် အင်းစိန်မြို့နယ်လုံးဆိုင်ရာပူးပေါင်းဆွမ်းလောင်းအသင်းကြီး၊ မိုဘိုင်းလ်)၏ခမည်းတော်၊ ဦးသန်းထွဋ်လွင်-ဒေါ်နီနီရှိန်၊ ဦးသူရိန်လွင်-ဒေါ်အေးစန္ဒာတို့၏ ကျေးဇူးရှင်ဖခင်၊ မောင်ရဲထွဋ်လွင်-မယွန်း၊ မောင်မင်းထွဋ်လွင်၊ မောင်ဟန်မင်းလွင်၊ မမေလွင်အေးချမ်းတို့၏အဘိုး ဦးစိုးမြင့်လွင်သည် ၆-၆-၂၀၁၇ (အင်္ဂါနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၇ (စနေနေ့) ညနေ ၃း၃၀ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၆-၂၀၁၇(တနင်္လာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**
### ဆရာမကြီး ဒေါ်သန်းသန်းအောင် (၅၆)နှစ်
**(မူ/အုပ် အမက-၁၇၊ မူလွန်၊ သင်္ဃန်းကျွန်း)**
**B.Sc (Bot) Q**

အမှတ်(၁၇)၊ အခြေခံပညာမူလတန်းလွန်ကျောင်း၊ ရေနံ့သာလမ်း၊ (၂၄)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်နေ (ဦးမြင့်အောင်)-ဒေါ်အုံးမြင့်တို့၏ သမီးကြီး၊ ဦးအေးမြင့်-ဒေါ်ကျင်လှတို့၏သမီးချွေးမ၊ ဦးအောင်ကြည်-ဒေါ်စန်းစန်းအောင်၊ (ဦးမြင့်ဦး)၊ ဦးဇော်မြင့်-ဒေါ်သွင်သွင်အောင်၊ (ဦးသန်းထွန်း-ဒေါ်မိုးမိုးအောင်)၊ ဦးမောင်နိုင်-ဒေါ်စိုးဇာဇာအောင်၊ ဗိုလ်ကြီးအာကာမြင့်အောင်-ဒေါ်ခက်ခက်မာတို့၏အစ်မ၊ ဦးသန်းဇော်ဦး၏ဇနီး၊ မသက်သက်ဖွန်၏မိခင်၊ တူ/တူမ ကိုးယောက်တို့၏အဒေါ်သည် ၆-၆-၂၀၁၇ (အင်္ဂါနေ့) နံနက် ၁း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၆-၂၀၁၇ (တနင်္လာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အနိစ္စ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ဆရာရွှေတိုင်မြင့်(ခ) ဦးမောင်မြင့် (၈၂)နှစ်

မင်္ဂလာဒုံမြို့နယ်၊ ကြိုစမ်းရွာသစ်၊ ဂရုဏ(၃)လမ်း၊ ခြံအမှတ်(၁၅)၊ အမှတ်(၇၆)နေ (ဦးအုန်းညွန့်-ဒေါ်ပု)တို့၏ သားကြီး၊ (ဦးသိန်းလွင်-ဒေါ်စိန်စိန်)တို့၏မောင်၊ (ဦးခင်မောင်ဝင်း)-ဒေါ်စမ်းရီ၊ (ဦးမြင့်စိန်)-ဒေါ်ယဉ်ယဉ်မြင့်၊ ဦးစိုးမြင့်-ဒေါ်ဝင်းဝင်းဦးတို့၏အစ်ကို၊ မောင်မျိုးဇော်ဦး-မစုမြတ်ခိုင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မဆုရည်မွန်၊ မောင်နေဘုန်းမြတ်တို့၏အဘိုး၊ ဆရာမ ဒေါ်ဖြူဖြူသိမ်း၏ ချစ်လှစွာသော ခင်ပွန်းသည် ၅-၆-၂၀၁၇ (တနင်္လာနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၆-၂၀၁၇ (တနင်္ဂနွေနေ့) နံနက်တွင် ကြိုစမ်းရွာသစ်၊ ဂရုဏ (၃)လမ်းနေ ဆရာမ ဒေါ်ဖြူဖြူသိမ်း၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဒေါ်မေကျင် (၆၉)နှစ်
**ဝင်း ငွေထည်ဆိုင်၊ ဗိုလ်ချုပ်အောင်ဆန်းဈေး**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂၂)လမ်း အထက်၊ အမှတ်(၁၅၂/ပ)နေ (ဦးအဝ့ါ-ဒေါ်မြစိန်)တို့၏သမီး၊ ဦးလှဝင်း၏ဇနီး၊ မနွယ်နွယ်ဝင်း၊ မောင်အောင်ကျော်စိုး-မယဉ်ယဉ်လေးတို့၏ မွေးသမိခင်၊ မောင်ကျော်မိုးလွင်၊ မတင်ဇာလင်းတို့၏အဘွား ဒေါ်မေကျင်သည် ၅-၆-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဒေါ်နွယ်နွယ်ဆွေ(ခ)ဒေါ်သဲသဲ အသက် (၆၁)နှစ်

ရန်ကုန်မြို့နေ (ဦးကျော်သိန်း)-ဒေါ်ခင်ခင်တို့၏သမီးငယ်၊ (ဦးလှမောင်)-ဒေါ်ညွန့်ညွန့်တို့၏ သမီးချွေးမ၊ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ဆားမလောက်ကျေးရွာအုပ်စု၊ သူငွေးကုန်းကျေးရွာနေ ဦးကံလှိုင်၏ဇနီး၊ ဦးအောင်ဆန်းလှိုင်-ဒေါ်အေးမာ၊ ဦးသန့်ဇော်ဦး-ဒေါ်မြတ်သန္တာလှိုင် (ယူရီမီကို)၊ ဦးစောထွန်းအောင် (မီကိုကော်ဖီမစ် Co., Ltd)-ဒေါ်မေသဲလှိုင်တို့၏မွေးသမိခင်၊ မနှင်းစုစုလှိုင်၊ မောင်ဘုန်းမာန်ရှင်းတို့၏အဘွား၊ ဒေါ်နွယ်နွယ်ဝေ၏ညီမသည် ၆-၆-၂၀၁၇ (အင်္ဂါနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၆-၂၀၁၇ (တနင်္လာနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဒေါ်လှိုင်လှိုင်မိုး(ခ)မချိုသက် အသက် (၅၁)နှစ်
**အင်းဝဟိုတယ်၊ ညောင်ဦးမြို့**

မန္တလေးမြို့၊ (၈၃)လမ်း၊ (၂၈×၂၉) လမ်းကြားနေ (ဦးခိုက်တင်)-ဒေါ်စိန်စိန်တို့၏မြေး၊ ညောင်ဦးမြို့နေ (ဦးတော့ရင်)-ဒေါ်သီး(အင်းဝဟိုတယ်)တို့၏ ဒုတိယသမီး၊ မန္တလေးမြို့နေ ကိုမျိုးဦး-မဆွေဆွေလင်း(အင်းဝမုန့်လုပ်ငန်း)တို့၏ညီမ၊ ရန်ကုန်မြို့နေ ကိုပြည့်စုံအောင်-မဇင်မာလွင် (AA Pharmacy)တို့၏အစ်မ၊ ညောင်ဦးမြို့နေ ကိုကျော်ကျော်လင်း-ဒေါက်တာခိုင်ခိုင်ထွန်း(သရပါစားသောက်ဆိုင်)တို့၏အစ်မ မလှိုင်လှိုင်မိုး(ခ)မချိုသည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၉-၆-၂၀၁၇ ရက်တွင် ညောင်ဦးမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
**အန္တိမအဂ္ဂိဈာပနပွဲကျင်းပခြင်း**
### ဘဒ္ဒန္တ ပညာဗလ
**(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မြို့နယ်ဩဝါဒါစရိယ၊ နိုင်ငံတော်သံဃာသမ္မုတိရသံဃာကိုယ်စားလှယ်)**
**သိက္ခာတော် (၆၀)၊ သက်တော် (၈၀)**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့၊ ဖားလင်ပိုးပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ဘဒ္ဒန္တပညာဗလ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မြို့နယ်ဩဝါဒါစရိယ၊ နိုင်ငံတော်သံဃာသမ္မုတိရသံဃာကိုယ်စားလှယ်) မဟာထေရ်မြတ်ကြီးသည် (၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၈ ရက်) ၂-၆-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၁၂း၅၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ရက်) ၁၃-၆-၂၀၁၇(အင်္ဂါနေ့) ည ၇နာရီတွင် အရှင်ပညာနန္ဒ(သီတဂူကြယ်တစ်ပွင့်)မှ နိဗ္ဗာန်ရောက်ကြောင်း တရားများချီးမြှင့်၍ (၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်) ၁၄-၆-၂၀၁၇ (ဗုဒ္ဓဟူးနေ့)တွင် စံကျောင်းမဏ္ဍပ်သို့ပင့်ဆောင်ပြီး (၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်) ၁၅-၆-၂၀၁၇ (ကြာသပတေးနေ့)တွင် ဗျည်ကျူး၍ အန္တိမအဂ္ဂိဈာပနပွဲကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော် များနှင့် ဒါယကာ၊ ဒါယိကာမများ

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
### ဘဒ္ဒန္တ ဉာဏဝံသ(သံတွဲ)
**သိက္ခာတော်(၅၅) ဝါ၊ သက်တော် (၇၆) နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အလယ်တောရစံပြစာသင်တိုက်၊ သုံးထပ်ကျောင်း နာယကဆရာတော် ဘဒ္ဒန္တဉာဏဝံသ ဆရာတော်အရှင်သူမြတ်သည် ၄-၆-၂၀၁၇ရက် ညနေ ၆း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်သော ဥတုဇရုပ်ကလာပ်တော်ကို ၈-၆-၂၀၁၇ (ကြာသပတေး နေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။ (သုံးထပ်ကျောင်းမှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

သံတွဲခရိုင်ကျောင်းထိုင်ဆရာတော်များ နာရေးကူညီမှုအဖွဲ့(ရန်ကုန်)

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
### မယ်ဇလီကွေ့ရွာ (ရတနာသိင်္ဂီကျောင်း) ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလ
**သိက္ခာတော်(၄၈)ဝါ၊ သက်တော်(၆၈)နှစ်**

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ချောင်းမကြီးကျေးရွာအုပ်စု၊ မယ်ဇလီကွေ့ရွာ(ရတနာသိင်္ဂီကျောင်း) ဆရာတော်ဘဒ္ဒန္တကုဏ္ဍလသည် (၁၃၇၉ ခုနှစ်၊ ကဆုန်လကွယ်နေ့) ၂၅-၅-၂၀၁၇(ကြာသပတေးနေ့) ညနေ ၄း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၂ရက်) ၂၅-၆-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် မီးသင်္ဂြိုဟ်ပူဇော်၍ အန္တိမအဂ္ဂိဈာပနာကို ဆိပ်ဖြူမြို့နယ်၊ မယ်ဇလီကွေ့ရွာ၌ ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟများ၊ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ဈာပနာကျင်းပရေးကော်မတီ
မယ်ဇလီကွေ့ရွာ၊ ဆိပ်ဖြူမြို့နယ်၊ မကွေးတိုင်းဒေသကြီး

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
### ဦးအောင်ရှိန်(ချောင်းဆုံ/ကွမ်းသဲ) အသက်(၉၀)
**မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း(၁၉၅၀-၁၉၆၃ခုနှစ်)**
**ရဲအုပ်-CID-အင်းစိန်(ငြိမ်း)**

ပဲခူးမြို့၊ ပန်းလှိုင်ရပ်၊ ကျုံးရိုးတန်းလမ်း၊ အမှတ်(၂၁၀)နေ (ဦးဘနန်း-ဒေါ်ဖွားခင်)တို့၏သား၊ (ဦးထွန်းရင်-ဒေါ်သန်း)တို့၏ သားသမက်၊ (ဗိုလ်ကြီးသန်းမြင့်-ဒေါ်အုန်းကျင်)၊ (ဦးဘကြည်)-ဒေါ်သိန်းသိန်း၊ (ဦးထွေးရှိန်)-ဒေါ်မာမာသိန်းတို့၏ အစ်ကို၊ ဦးမြင့်ရွှေ-ဒေါ်ယုယုရှိန် (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ ပဲခူးတိုင်းဒေသကြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာန)၊ ဦးမြတ်ငွေအောင် (Instructor, Survey Training-Suntae Technologies)-ဒေါ်ကြည်ကြည်စိန်၊ ဦးစိုးမိုး-ဒေါ်စုစုရှိန် (လက်ထောက်ညွှန်ကြားရေးမှူး၊ မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး)၊ ဦးတင်မိုးနိုင် (M.D, Rock Star Construction Co., Ltd)-ဒေါ်မူယာရှိန် (ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူး၊ ကညန-ကလ)၊ ဦးကျော်စွာအောင် (နေခြည်-ဆေးဆိုင်၊ ရန်ကုန်မြို့)-ဒေါ်ခိုင်ရွှေဝါတို့၏ ချစ်လှစွာသောဖခင်၊ [ဒေါ်မြအေး (အမျိုးသမီးကျန်းမာရေး ဆရာမကြီး မိခင်နှင့်ကလေး-ငြိမ်း)]၏ ချစ်လှစွာသော ခင်ပွန်း၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၅-၆-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားပါသည်။ ကျန်ရစ်သူမိသားစု

### ဒေါ်အုန်းသိန်း(B.Com AA) (၇၆)နှစ်
**အင်းစိန်ဂျပ်ဆင်ကျောင်းသူဟောင်း၊ (A.B.M)ကျောင်းသူဟောင်း**
**ဒုတိယညွှန်ကြားရေးမှူး(ဘဏ္ဍာရေး-ငြိမ်း)**
**စက်မှုထွေ/ထိန်း၊ စက်မှု(၁)ဝန်ကြီးဌာန**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မ-၁(၃)လမ်း၊ ကွက်သစ်ရပ်ကွက်နေ (ဦးအောင်ထွန်းလှ-ဒေါ်ညွန့်မေ)တို့၏ချစ်လှစွာသော သမီးကြီး၊ ဦးအောင်ထွန်း-(ဒေါ်တင်ရီ)၊ ဦးမြင့်ဆွေလှ-ဒေါ်ခင်သွဲ့ကြည်၊ (ဦးမြင့်စိုး)-ဒေါ်သစ်သစ်လွင်၊ ဦးဝင်းသောင်း-ဒေါ်စန်းစန်းမြင့်၊ ဒေါ်တင်တင်အေး၊ ဒေါ်သစ်သစ်နွယ်(ထ-၁၊ အင်းစိန်)၊ ဦးမျိုးသာ-ဒေါ်မေသန်းဦးတို့၏ချစ်လှစွာသောအစ်မကြီး၊ တူ/တူမ ၁၀ ယောက်တို့၏ကြီးကြီးသည် ၆-၆-၂၀၁၇ (အင်္ဂါနေ့) နံနက် ၉း၅၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၈-၆-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဒေါ်အုန်းသိန်း(B.Com AA) (၇၆)နှစ်
**အင်းစိန်ဂျပ်ဆင်ကျောင်းသူဟောင်း၊ (A.B.M)ကျောင်းသူဟောင်း**
**ဒုတိယညွှန်ကြားရေးမှူး(ဘဏ္ဍာရေး-ငြိမ်း)**
**စက်မှုထွေ/ထိန်း၊ စက်မှု(၁)ဝန်ကြီးဌာန**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မ-၁(၃)လမ်း၊ ကွက်သစ်ရပ်ကွက်နေ (ဦးအောင်ထွန်းလှ-ဒေါ်ညွန့်မေ)တို့၏ချစ်လှစွာသောသမီးကြီး၊ [ဦးကျော်လှ (ကုန်သွယ်ရေး)]၏ချစ်လှစွာသောဇနီး၊ ဦးအောင်မျိုး(ခေတ္တ-စင်္ကာပူ)-ဒေါ်ထက်ထက်ကျော်လှ(WYU)၊ ဦးအောင်အောင်ကျော်လှ(ခေတ္တ-စင်္ကာပူ)-ဒေါ်ဝင်နီထွန်း၊ ဒေါ်ဆက်ဆက်ကျော်လှ(ခေတ္တ-စင်္ကာပူ)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မောင်ကောင်းဟိန်းဆက်၊ မောင်ဇော်ဇင်ဆက်တို့၏ချစ်လှစွာသောဘွားဘွားကြီးသည် ၆-၆-၂၀၁၇(အင်္ဂါနေ့) နံနက် ၉း၅၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၈-၆-၂၀၁၇(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု



Myanmar Investment Forum 2017 ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

# အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် နိုင်ငံ၏ ဈေးကွက်စီးပွားရေးစနစ်တစ်ခု ဖွံ့ဖြိုးလာရန် မီးမောင်းထိုးပြထားခြင်းဖြစ်

**နေပြည်တော် ဇွန် ၆**

မြန်မာ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်းက ကြီးမှူးကျင်းပသည့် Myanmar Investment Forum 2017 ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်ဖွင့်လှစ်ပေးပြီး မိန့်ခွန်းပြောကြားသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**

# ရေးမြို့နယ်အတွင်း ယခု မုတ်သုံမိုး အားကောင်းလာသော်လည်း ယခင် ၁၀ နှစ်တာ စံချိန်ကို မမီနိုင်သေး

**ရေး ဇွန် ၆**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း ယခုနှစ် မုတ်သုံစတင်ဝင်ရောက်သည့်အချိန်မှစပြီး မိုးရွာသွန်းမှုအခြေအနေမှာ မိုးများလာနိုင်မည့်အခြေအနေရှိသော်လည်း ၁၀ နှစ်တာကာလအတွင်း ၂၀၁၁ ခုနှစ် စံချိန်ကို မကျော်နိုင်သေးကြောင်း ရေးမြို့နယ် မိုးလေဝသနှင့်ဇလဗေဒဌာနခွဲ ဦးစီးဌာနမှ သိရသည်။

၂၀၁၆ ခုနှစ် မိုးရေချိန်မှာ ၁၈၄ ဒသမ ၉၂ လက်မဖြစ်၍ မိုးရွာသွန်းမှုရက်ပေါင်း ၁၄၃ ရက် ရွာသွန်းခဲ့ကာ ပြီးခဲ့သည့်နှစ်များထက် ယခုနှစ် မုတ်သုံမိုးရွာသွန်းမှုမှာ အားကောင်းလာသည့်အတွက် ရေကြီးရေလျှံမှုများ ဖြစ်လာနိုင်ကြောင်း မြို့နယ်မိုးလေဝသနှင့် ဇလဗေဒဌာနခွဲ ဦးစီးဌာနက ခန့်မှန်းသုံးသပ်ထားသည်။

ယခုလက်ရှိ မုတ်သုံမိုးအားကောင်းလာစပြုနေ၍ စိုက်ပျိုးရေးလုပ်ငန်းများ အကျိုးဖြစ်ထွန်းလာနိုင်သော်လည်း မိုးသက်လေပြင်းမုန်တိုင်းများဖြစ်ပေါ်လာနိုင်သဖြင့် ငါးဖမ်းလုပ်ငန်းများ ဆက်လက်ထိခိုက်လာနိုင်ဖွယ်ရှိကြောင်း သိရသည်။

ရေးမြို့နယ် မိုးလေဝသနှင့် ဇလဗေဒဌာနခွဲ ဦးစီးဌာန မှတ်တမ်းများအရ ၁၉၉၇ ခုနှစ်အတွင်းက ၂၄ နာရီအတွင်း မိုးရေချိန် ၁၈ ဒသမ ၄၄ လက်မ စံချိန်တင်ရွာသွန်းခဲ့ရာ နှစ်ပေါင်း ၃၀ အတွင်း စံချိန်တင်သောနှစ်ဖြစ်သည်။ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့်အပြင် တောင်ပြိုမှုဖြစ်ပွားခဲ့ရာ လူနေအိမ်၊ စိုက်ပျိုးဥယျာဉ်ခြံနှင့် လယ်ယာစပါး၊ မွေးမြူရေးလုပ်ငန်းများပါ ထိခိုက်ပျက်စီးမှုရှိပြီး လူ၊ တိရစ္ဆာန်များပါ အသေအပျောက်အများဆုံးဖြစ်ခဲ့သော နှစ်များဖြစ်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

# မြန်မာ ယူ-၂၂ အသင်း ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်ပြီ





ဇွန် ၆ ရက်က မြန်မာ ယူ-၂၂ အသင်း လေ့ကျင့်မှုပြုလုပ်နေစဉ်။

**နေပြည်တော် ဇွန် ၆**

(၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲစတင်ရန် နီးကပ်လာပြီဖြစ်ပြီး မြန်မာအားကစားပရိသတ်များ စိတ်ဝင်စားမှုအရှိဆုံး အားကစားနည်းဖြစ်သော အမျိုးသားဘောလုံးအသင်းမှာ လေ့ကျင့်မှုများ စတင်ပြုလုပ်နေပြီဖြစ်သည်။ ယခုနှစ်တွင် အသက်(၂၂)နှစ်အောက်ပြိုင်ပွဲအဖြစ် ပြောင်းလဲခဲ့ပြီး မြန်မာ ယူ-၂၂ အသင်းမှာ အတောင့်တင်းဆုံးလူစာရင်းဖြင့် ပြင်ဆင်သွားမည်ဖြစ်သည်။

လက်ရှိလေ့ကျင့်နေသည့် မြန်မာ ယူ-၂၂ အသင်းတွင် လက်ရွေးစင်အသင်းမှ ကစားသမား ကိုးဦး ပါဝင်လာခြင်းမရှိသေးဘဲ ကျန်ရှိခဲ့သည့် ကစားသမား ၁၉ ဦးဖြင့် လေ့ကျင့်နေခြင်းဖြစ်သည်။ ထို့ပြင် မြန်မာ ယူ-၂၂ အသင်းကို ကိုင်တွယ်မည့် နည်းပြချုပ် ဂုတ်ဖရိုင်းဒရစ်နှင့် နည်းပြအဖွဲ့ဝင်များမှာလည်း လက်ရွေးစင်အသင်းနှင့် လိုက်ပါသွားသောကြောင့် ယာယီနည်းပြများဖြစ်သည့် ဦးကျော်လွင်၊ ဦးစိုးမြတ်မင်း၊ ဦးမြင့်ကိုနှင့် ဦးစိုင်းမောင်မောင်ဦးတို့က လေ့ကျင့်ပေးလျက်ရှိသည်။ ယင်းနည်းပြအဖွဲ့သည် ဇွန် ၅ ရက်မှ ၁၄ ရက်အထိ လေ့ကျင့်ပေးမည်ဖြစ်ပြီး ဂုတ်ဖရိုင်းဒရစ်၏ လေ့ကျင့်ခန်းအစီအစဉ်များအပြင် ကြံ့ခိုင်မှုလေ့ကျင့်ခန်းများ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အာရှဖလားခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်းတွင် လိုက်ပါသွားသည့် ကစားသမား ကိုးဦးမှာ ဇွန် ၁၆ ရက်တွင် အသင်းနှင့် စတင်လေ့ကျင့်မည်ဖြစ်ပြီး ဆီးဂိမ်းပြိုင်ပွဲအတွက် နှစ်လနီးပါး လူစုံလေ့ကျင့်နိုင်မည်ဖြစ်သည်။ ယခုဖွဲ့စည်းလိုက်သည့် မြန်မာ ယူ-၂၂ အသင်းတွင် ၂၀၁၅ ခုနှစ် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ○**

